ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ ကြာသပတေးနေ့ (27-3-2014) (၇၇၉၇)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖိလစ်ပိုင်နိုင်ငံငြိမ်းချမ်းရေးသဘောတူညီချက်အတွက် သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၇

ဖိလစ်ပိုင်သမ္မတနိုင်ငံ ဘန်ဆာမိုရိုသမိုင်းဝင် ငြိမ်းချမ်းရေးသဘောတူညီချက်စာချုပ်ကို ၂၀၁၄ ခုနှစ် မတ် ၂၇ ရက်တွင် လက်မှတ်ရေးထိုးမည်ဟု သိရှိရသည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဘီနင်နိုအကွီနို(၃) နှင့် ဖိလစ်ပိုင်ပြည်သူများထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

သိမ်ဇရပ်
၄၁ ဒီဂရီစင်တီဂရိတ်
အောင်လံ
၄၀ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာမိုးရေချိန်

မြိတ်
သုည ဒသမ ၁၂ လက်မ

စည်းလုံးညီညွတ်စွာနဲ့ နိုင်ငံတော်ကို တည်ဆောက်ကြရမယ့် အချိန်အခါကောင်းဖြစ် ပြည်သူတွေရဲ့မျှော်လင့်ချက်တွေ မပျက်စီးစေဖို့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိ

နေပြည်တော် မတ် ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၂၉)ရက်မြောက်နေ့တွင် တာဝန်ထမ်းဆောင်မှု သက်တမ်း သုံးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် မိန့်ခွန်းပြောကြားခဲ့သည်။

အဆိုပါ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပြည်ထောင်စုလွှတ်တော်နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

နာယကကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

လွန်ခဲ့တဲ့သုံးနှစ်က ဒီလွှတ်တော်ကြီးထဲမှာ နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုပြီးတဲ့နောက် ကျွန်တော်တို့ အစိုးရလက်ထက်မှာ လျှောက်လှမ်းမယ့် မူဝါဒသဘောထားလမ်းစဉ်တွေကို ထုတ်ဖော်ကြေညာခဲ့ပါတယ်။ အခုလာမယ့် မတ်လ ၃၀ ရက်နေ့ဆိုရင် တာဝန်ထမ်းဆောင်ခဲ့တာ သုံးနှစ်တင်းတင်းပြည့်မြောက်ပြီဖြစ်ပါတယ်။

လွန်ခဲ့တဲ့သုံးနှစ်က ဒီနေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံလိုကြသေးတဲ့ ပြည်တွင်းပြည်ပ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေ အားလုံးကို တိုင်းပြည်ရဲ့အကျိုးစီးပွားအတွက် တူညီတဲ့ကိစ္စတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ ငြိမ်းချမ်းရေးတံခါးဖွင့်ပြီး လက်ကမ်းကြိုဆိုခဲ့ပါတယ်။ သုံးနှစ်ပြည့်မြောက်ချိန်မှာ ဒီသဘောထားကို ဘယ်လောက်အထိဖြစ်မြောက်အောင်ဆောင်ရွက်နိုင်ခဲ့ပြီလဲဆိုတာ ပြန်လည်သုံးသပ်ရင် ကျေနပ်အားရဖွယ်ကောင်းတဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အတိုင်းအတာတစ်ခုအထိ ကျွန်တော်တို့ဆောင်ရွက်နိုင်တာကို တွေ့ရှိနိုင်ပါတယ်။

လွန်ခဲ့တဲ့သုံးနှစ်က ဒီနေရာကနေ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းတွေ၊ အာဆီယံ၊ ဘင်းမ်စတက်နဲ့ အခြားဒေသတွင်း အဖွဲ့အစည်းတွေမှာ တက်ကြွစွာပူးပေါင်းဆောင်ရွက်ရင်း ဂုဏ်သိက္ခာရှိတဲ့ နိုင်ငံ တစ်နိုင်ငံအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နိုင်အောင် ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့ပါတယ်။ သုံးနှစ်ပြည့်မြောက်ပြီဖြစ်တဲ့ ဒီကနေ့ ဒီအချိန်မှာ ဆီးဂိမ်းအိမ်ရှင်၊ အာဆီယံဥက္ကဋ္ဌ၊ ဘင်းမ်စတက် အိမ်ရှင်၊ ကမ္ဘာ့စီးပွားရေးဖိုရမ် အစရှိတဲ့ သမိုင်းဝင်မှတ်တိုင်တွေနဲ့အတူ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတကာ

အသိုက်အဝန်းနဲ့ ဂုဏ်သိက္ခာရှိစွာဖြင့် ပေါင်းစည်းနေပြီဆိုတာ တွေ့မြင်နေကြရပြီဖြစ်ပါတယ်။

အလားတူပါပဲ မြန်မာပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်တာကို မြင်လိုပါတယ်ဆိုတဲ့ နိုင်ငံများအနေနဲ့ အစိုးရအဖွဲ့သစ်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အချိန်တန်ပြီဖြစ်ကြောင်း ဖိတ်ခေါ်ခဲ့ပါတယ်။ ဒီမိုကရေစီနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုလေးရပ်နဲ့အညီ အကောင်

■ **အရေးကြီးဆုံးဖြစ်တဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ရရှိနိုင်ဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ခွဲဝေအပ်နှင်းထားတဲ့ ဥပဒေပြုစာရင်းတွေကို မဖြစ်မနေ ပြင်ဆင်ရွှေ့ပြောင်းပေးရမှာဖြစ်သလို တိုင်းရင်းသားအခွင့်အရေး၊ ပြည်နယ်အခွင့်အရေးတွေ တိုးမြှင့်ရရှိလာအောင်လည်း စီမံပေးကြရမှာဖြစ်ပါတယ်။**

အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ကာလ သုံးနှစ်ပြည့်မြောက်ပြီဖြစ်တဲ့ ဒီအချိန်မှာ နိုင်ငံတကာအသိုက်အဝန်းရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အရှိန်အဟုန်ကောင်းနေပြီဆိုတာ အားလုံးပဲ အထင်အရှားတွေ့မြင်နိုင်ပြီဖြစ်ပါတယ်။

လွန်ခဲ့တဲ့သုံးနှစ်က ဒီနေရာမှာ ပြည်ထောင်စုအစိုးရက တင်သွင်းမယ့် ဥပဒေပြုရေးအစီအစဉ် (၁၀)ရပ်ကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒီအစီအစဉ်တွေကတော့ (၁)ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ မဆီလျော်တဲ့ အချက်တွေကို ပြန်လည်ပြင်ဆင်ခြင်း၊ (၂)နိုင်ငံသားများရဲ့ မူလအခွင့်အရေးတွေကို အခြေခံဥပဒေနဲ့အညီ ဖော်ဆောင်ပေးနိုင်မယ့် ဥပဒေကြမ်းတွေတင်သွင်းခြင်း၊ (၃) ဝန်ထမ်းများနဲ့ အငြိမ်းစားဝန်ထမ်းလစာတွေကို အခြေအနေအချိန်အခါအရ ပြင်ဆင်သတ်မှတ်ခြင်း၊ (၄) တောင်သူလယ်သမားတွေရဲ့ လယ်ယာလုပ်ပိုင်ခွင့်နဲ့ ပတ်သက်တဲ့ ဥပဒေတွေပြုစုနိုင်ဖို့ လေ့လာခြင်း၊ ခေတ်နဲ့အညီ ပြင်ဆင်နိုင်ဖို့ ပြန်လည်သုံးသပ်ခြင်း၊ (၅) အလုပ်သမားများရဲ့ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနဲ့ ကာကွယ်စောင့်ရှောက်တဲ့ဥပဒေတွေကို ခေတ်နဲ့အညီ ပြန်လည်သုံးသပ်ခြင်း၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

သာစည်-ရွှေညောင်ရထားလမ်းပိုင်း ဇလီဖားများ အစားထိုးလဲလှယ်

ကလော မတ် ၂၆

မြန်မာနိုင်ငံ တစ်နံတစ်လျားရှိ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတွင် ရထားလမ်းများဖောက်လုပ်ပြီး ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး၊ လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့စေရေး၊ ခရီးသွားပြည်သူများဘေးအန္တရာယ်ကင်းရှင်းစွာ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီးသို့ ဆက်သွယ်ပေးထားသော သာစည်-ရွှေညောင်ရထားလမ်းပိုင်းသည် တောင်ပေါ်လမ်းပိုင်းဖြစ်၍ ကွေ့ပေါင်း ၂၈၈ ခုဖြင့် ဖောက်လုပ်ထားသော ရထားလမ်းပိုင်းဖြစ်သည်။ ရထားလမ်းပိုင်းကြံ့ခိုင်ကောင်းမွန်စေရန် ကွေ့ကြီးများတွင် ယခင်အသုံးပြုခဲ့သော ၆၀ ပေါင်သံလမ်းမှ ယခု ၇၅ ပေါင်သံလမ်းအဖြစ်သို့ လဲလှယ်ခြင်း၊ သစ်သားဇလီဖားနေရာများတွင် ကွေ့များအတွက်အထူးထုတ်လုပ်ထားသော Cheeck Rail ကွန်ကရစ်ဇလီများအား အစားထိုးလဲလှယ်ပြုပြင်ခြင်း**(ဓါတ်ပုံ)**၊ အဖြောင့်ရထားလမ်းပိုင်းများတွင် ရိုးရိုးကွန်ကရစ်ဇလီဖားများအား လဲလှယ်ခြင်းနှင့် လမ်းခင်းကျောက်ဖြည့်တင်းခြင်းလုပ်ငန်းများအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်၍ ဘူတာနှစ်ခုကြားအား ဘဏ္ဍာရေးနှစ်အလိုက် သံလမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းစီမံချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့မီးရထားမြို့ပြအင်ဂျင်နီယာဌာန၊ တိုင်းအမှတ်(၄) ကလောတာဝန်ရှိသူထံမှ သိရသည်။

ခွန်အာကာ(ပြန်/ဆက်)

(၆၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏

ကြေးမုံ စာ တည်း အာ ဘော် ၂၇-၃-၂၀၁၄ [ကြာသပတေးနေ့]

ပြည်သူ့တပ်မတော်

မြန်မာ့တပ်မတော်သည် ပြည်သူတို့မှ ပေါက်ဖွားလာသော တပ်မတော်။ ပြည်သူတို့၏ ရင်နှစ်သည်းချာများဖြင့် ဖွဲ့စည်းထားသည့် တပ်မတော်ဖြစ်သည်။ မိမိနိုင်ငံနှင့် မိမိလူမျိုးတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စား အနစ်နာခံသော တပ်မတော်ဖြစ်သည်။

ထိုသို့ပြည်သူထဲမှ ပေါက်ဖွားလာသော တပ်မတော်သားများသည် အမိမြန်မာပြည်ကြီးကို နှစ်ပေါင်းထောင်ချီ စောင့်ရှောက်ခဲ့ကြသည်။ နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် လုံခြုံမှုကိုထိပါးလာသည့် ပြည်တွင်းရန်၊ ပြည်ပရန်များကို "လေှခွက်ချည်းကျန် အလံမလှဲစတမ်း" တွန်းလှန်တိုက်ထုတ်နိုင်ခဲ့သည်။

ထိုကဲ့သို့ နိုင်ငံနှင့်ပြည်သူ့အကျိုးကို ထာဝစဉ်သယ်ပိုးခဲ့သော မြန်မာ့တပ်မတော်ကို ဂုဏ်ပြုသောအားဖြင့် တပ်မတော်နေ့အဖြစ် နှစ်စဉ် မတ်လ ၂၇ ရက်နေ့သို့ရောက်တိုင်း ကျင်းပနိုင်ခဲ့သည်မှာ ယခုအခါ နှစ်ပေါင်း (၆၉) နှစ်တိုင်ခဲ့ပြီဖြစ်သည်။ တပ်မတော်သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာသော တပ်မတော်ဖြစ်သည်။

ထိုတပ်မတော်ကြီးသည် ရရှိပြီးသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးလာသည်မှာ နှစ်ပေါင်း ၇၀ နီးပါးတိုင်ခဲ့ပြီဖြစ်သည်။ ထိုကာလအတွင်း ကျွန်ုပ်တို့နိုင်ငံအား ထိပါးမည့် အရေးကိစ္စမှန်သမျှတို့အား ထက်သန်သော မျိုးချစ်စိတ်ဖြင့် ကာကွယ်ပေးခဲ့ရာ ယနေ့ထက်တိုင် အခွန့်ရှည်တည်တံ့ခိုင်မြဲသော နိုင်ငံတော်ကြီးအဖြစ် မားမားမတ်မတ်ရပ်တည်နေနိုင်သည် မဟုတ်ပါလော။

မည်သူ၏ တိုက်တွန်းမှုမှမပါဘဲ နိုင်ငံနှင့်ပြည်သူတစ်ရပ်လုံးအား ကာကွယ်ပေးလိုသောစိတ်အရင်းခံဖြင့် ပြည်သူထဲက ပြည်သူများနှင့် ဖွဲ့စည်းထားသော တပ်မတော်ဖြစ်ပါသည်။

မျက်မှောက်ကာလ ကမ္ဘာ့အရေးအရာများကို ပြန်ကြည့်လျှင် တပ်မတော်အင်အားတောင့်တင်းခြင်း၊ မျိုးချစ်စိတ်ဓာတ်ထက်သန်သော တပ်မတော်သားများဖြစ်ခြင်း စသည့်ဂုဏ်အင်များနှင့် ပြည့်စုံသောနိုင်ငံများတွင် ၎င်းတို့နိုင်ငံကို တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးထားနိုင်ပြီး ထိုအချက်များအားနည်းပါက နိုင်ငံပြိုကွဲပျက်စီးရသည်ကို မြင်တွေ့နိုင်ပါသည်။

မြန်မာ့တပ်မတော် သန္ဓေတည်ကတည်းက အမျိုးသားရေးကိုအခြေခံသည့် ပြည်သူများနှင့်ဖွဲ့စည်းထားရာ မျက်မှောက်ကာလတပ်မတော်သည်လည်း အမျိုးသားရေးကို ဦးထိပ်ထားပြီး အစဉ်အလာကောင်းသော တပ်မတော်သမိုင်းကို ဆက်လက်မော်ကွန်းရေးထိုးနေသောကြောင့် နိုင်ငံ၊ တပ်မတော်နှင့် ပြည်သူတို့ တစ်သားတည်းဖြစ်နေပြီး တိုင်းပြည်လည်း တည်တံ့ခိုင်မြဲနေခြင်းဖြစ်ပါသည်။

ယနေ့ကာလတွင် တပ်မတော်နှင့်ပြည်သူ တစ်သားတည်းရှိနေခြင်း ပြည်သူ၏ တပ်မတော်သား၊ တပ်မတော်သည် ပြည်သူ့သားဖြစ်နေခြင်းသည် ကျွန်ုပ်တို့နိုင်ငံ တည်တံ့ခိုင်မြဲရေးအတွက် ကောင်းခြင်းလက္ခဏာများဖြစ်ပါသည်။ ရေကိုသား၍ အကြားမထင်သကဲ့သို့ တပ်မတော်နှင့် ပြည်သူခွဲခြားမရဘဲရှိနေရပါမည်။ မည်သူခွဲခွဲ မကွဲသည့်စိတ်ဓာတ်ဖြင့် ဆက်လက်ရပ်တည်နေထိုင်ကြရပါမည်။

လွတ်လပ်ရေးကို အရယူပေးခဲ့သော တပ်မတော်သည် လွတ်လပ်ရေးရပါသော်လည်း နယ်ချဲ့၏ သွေးခွဲမှုပယောဂကြောင့် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲဖြင့် တိုင်းရင်းသားပြည်သူအချင်းချင်း စိတ်ဝမ်းကွဲကာ တိုင်းပြည်ချောက်ထဲကျမည့်အရေးမျိုးစုံကိုလည်း ကာကွယ်စောင့်ရှောက်ပေးခဲ့ရပါသည်။ မျက်မှောက်ကာလတွင်လည်း သွေးခွဲမှုအချို့ကို မြင်တွေ့နေရပါသည်။ ထို့ကြောင့် တိုင်းပြည်မပြိုကွဲအောင် တပ်မတော်နှင့် ပြည်သူတစ်သားတည်းရှိနေရပါမည်။

တိုင်းရင်းသားပြည်သူအားလုံး၏ အနဂ္ဂတ်မရည်မှန်းချက်မှာ နိုင်ငံတော်ကြီးရေရှည်တည်တံ့ခိုင်မြဲပြီး ပြည်သူအားလုံး အေးချမ်းစွာရပ်တည်နေထိုင်ရေးအတွက် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော်ကာကွယ်ရေးအင်အားများ ခိုင်မာတောင့်တင်းရန် လိုအပ်သည်ဟု ခံယူထားကြရပါမည်။

သို့မှသာ တပ်မတော်နှင့်ပြည်သူ မည်သူခွဲ၍မရဘဲ ပြည်သူများမျှော်မှန်းထားသော ဒီမိုကရေစီပန်းတိုင်ကို အေးချမ်းတည်ငြိမ်စွာ အရောက်လှမ်းနိုင်မည်ဖြစ်ပါသည်။ ။

ကျေးလက်ဒေသများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အားလုံးပူးပေါင်းပါဝင်သော ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်

နေပြည်တော် မတ် ၂၆

ကျေးလက်ဒေသများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ဘက်ပေါင်းစုံထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်ရေး၊ ကောင်းမွန်သော စီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ စဉ်ဆက်မပြတ်ဘဏ္ဍာရေးအရင်းအမြစ်များ ရရှိရေး၊ ထိရောက်စွာ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရေးတို့အား မဟာဗျူဟာမူဘောင် ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် မိမိရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပူးပေါင်းပါဝင်သော ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေး (All Inclusive People-Center Development) အား ဆောင်ရွက်လျက်ရှိကြောင်းကို မတ် ၂၃ ရက် နံနက် ၆ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်တစ်မြို့နယ်စီ၌ Livestock Bank ဖြင့် မွေးမြူရေးမတည်ငွေကျပ် သိန်းသုံးရာစီအား မတည်ထုထောင်ပေးသွားမည်ဖြစ်ရာ ရပ်ကွက်/ကျေးရွာအလိုက် ကျေးရွာသူ ကျေးရွာသားများ မွေးမြူလိုသည့် မျိုးကောင်းမျိုးသန့် တိရစ္ဆာန်လိုအပ်ချက်များအား ရပ်ကွက်/ကျေးရွာ အထောက်အကူပြု ကော်မတီ၊ ကျေးလက်လူငယ်များနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များနှင့် တွေ့ဆုံပြီး မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့်အတူ နိုင်ငံတော်သမ္မတ၏ မွေးမြူရေးစွမ်းဆောင်ရည်ဆုအတွက် တင်ပြထားသော ဟောင်လိတ်ကျေးရွာအုပ်စု လွယ်စီတုန်ကျေးရွာရှိ ဦးကြားလူး၏ ကျောက်စိမ်းကန် မွေးမြူရေးခြံအတွင်း ဝက်၊ ကြက်၊ ငါး တွဲဖက်မွေးမြူထားရှိမှုအခြေအနေများနှင့် ဖန်မင်ကျေးရွာအုပ်စု ဟကြားမုန်းကျေးရွာရှိ ဦးကျပေး၏ နို့စားနွားခြံနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံအတွင်း နို့စားနွားမွေးမြူထားရှိမှု၊ ပျားလိမ္မော်/ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု၊ ရော်ဘာစေးခြစ်သင်တန်း လက်တွေ့သင်ကြားနေမှုများအား ကြည့်ရှုသည်။

ညနေပိုင်းတွင် တာချီလိတ်လေယာဉ်ကွင်းနှင့် ဟဲဟိုးလေယာဉ်ကွင်းတို့၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မတ် ၂၆

ရန်ကုန်	ရွှေဈေး	၆၆၉၀၀၀	-	၆၇၀၀၀၀
မန္တလေး	ရွှေဈေး	၆၆၉၀၀၀	-	၆၇၀၀၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၁၁၀၀	ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၉၃၀	ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	=	၉၆၄. ၀၀
(ခ) ဥရောပ	တစ်ယူရို	=	၁၃၃၂. ၃
(ဂ) တရုတ်	တစ်ယွမ်	=	၁၅၅. ၄၄
(ဃ) ထိုင်း	တစ်ဘတ်	=	၂၉. ၆၁၆
(င) မလေးရှား	တစ်ရင်းဂစ်	=	၂၉၂. ၂၅
(စ) အိန္ဒိယ	တစ်ရူပီး	=	၁၅. ၉၃၈
(ဆ) ဂျပန်	တစ်ရာယန်း	=	၉၄၂. ၀၀
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	=	၈၉. ၆၆၂
(ဈ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၈၈၃. ၂၃
(ည) စင်ကာပူ	တစ်ဒေါ်လာ	=	၇၆၀. ၄၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ကျေးလက်လမ်းကွန်ကရစ်ခင်း

ကြံခင်း မတ် ၂၆

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကြံခင်း-ဆိပ်သာ-အကောက်တောင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ရွှေနွယ်ဘွားကုမ္ပဏီက ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပြီးစီးပါက ဒေသအတွင်းရှိ ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ ကျေးရွာပေါင်း ၃၅ ရွာမှ ကျေးလက်နေလူဦးရေ ၁၈၇၅၀ ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(ဝင်းဗိုလ်-ပြန်/ဆက်)**

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်နှင့်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် မတ် ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ နေပြည်တော်သို့ ရောက်ရှိနေသော ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာနှင့်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ **(အောက်ပုံ)** ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်၊ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းနိုင်ငံသံအမတ်ကြီး၊ ဘရူနိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် စီမံကိန်း (၈) ခုအတွက် ပြည်ထောင်စုအစိုးရက ခွင့်ပြုကူညီပေးရေးဆိုင်ရာဆွေးနွေး

နေပြည်တော် မတ် ၂၆

ရခိုင်ပြည်နယ်အတွင်း ပြည်နယ်အစိုးရက ထောက်ခံတင်ပြထားသော စီမံကိန်း(၈)ခုအတွက် ပြည်ထောင်စုအစိုးရက ခွင့်ပြုကူညီပေးရေးနှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အသီးသီးမှ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုလွှတ်တော်၊ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးစိုးသာ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် သက်ဆိုင်ရာကုမ္ပဏီများက ရခိုင်ပြည်နယ်အတွင်း ပြည်နယ်အစိုးရက ထောက်ခံတင်ပြထားသော စီမံကိန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က နိဂုံးချုပ်အမှာစကား ပြောကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သတင်းမီဒီယာများအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၆

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ သတင်းမီဒီယာများအား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့က တက်ရောက်လာကြသည့် သတင်းမီဒီယာများမှ သိရှိလိုသည်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

မြန်မာ့မီးရထားမှ ဝန်ထမ်းမိသားစုများနှင့် ဒေသခံများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မတ် ၂၆

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာ့မီးရထားနယ်မြေများဖြစ်သော ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ အင်းစိန်မြို့နယ် စသည်တို့တွင် မြန်မာ့မီးရထားဝန်ထမ်းများအတွက် မြန်မာ့မီးရထားဆေးရုံ၊ ဆေးခန်းများရှိသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်သော်လည်း သယ်န်းကျွန်းနယ်မြေသည် မြန်မာ့မီးရထားဆေးရုံ၊ ဆေးခန်းများနှင့် အလှမ်းကွာဝေးသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ရန် အပတ်စဉ် တနင်္ဂနွေနေ့များတွင် မြန်မာ့မီးရထားမှ ဆရာဝန်များ ဦးစီးသောအဖွဲ့သည် နယ်လှည့်ဆေးကုသမှုများကို ပြုလုပ်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြန်မာ့မီးရထားမှ ဆရာဝန်များ ပါဝင်သော ပူးပေါင်းဆေးကုသရေးအဖွဲ့သည် ၂၀၁၄ ခုနှစ် မတ် ၁၆ ရက်တွင် တစ်ကြိမ်၊ မတ် ၂၂ ရက်တွင် တစ်ကြိမ် အပတ်စဉ် ဆောင်ရွက်ပေးခဲ့ပြီး မျက်စိဝေဒနာရှင်၊ သွားဝေဒနာရှင်၊ အထွေထွေရောဂါဝေဒနာရှင်တို့အား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်သဖြင့် မြန်မာ့မီးရထားဝန်ထမ်းမိသားစုနှင့် ဒေသခံပြည်သူများအတွက် များစွာအထောက်အကူပြုလျက်ရှိကြောင်း သိရှိရသည်။

ဆေးကုသရေးပူးပေါင်းအဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ရန် လိုအပ်သောနေရာများသို့ လိုက်လံဆေးကုသဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မြန်မာ့မီးရထားဝန်ထမ်းမိသားစုများအပြင် ဒေသခံပြည်သူများအတွက်ပါ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(စောလင်းလက်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ကျန်းမာရေးဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်အတွင်း MSF-H(AZG) မှ ဆောင်ရွက်နေသောလုပ်ငန်းများအား အစားထိုးဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ

ကျန်းမာရေးဦးစီးဌာန

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်းတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ရခိုင်ပြည်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟာဗျူဟာ စီမံချက်နှင့်အညီ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရခိုင်ပြည်နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

MSF (Holland) အဖွဲ့သည် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များဖြစ်သော စစ်တွေ၊ ပေါက်တော၊ ရသေ့တောင်၊ မြေပုံ၊ မြောက်ဦး၊ မင်းပြား၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် MSF (Holland)အဖွဲ့၏ ရခိုင်ပြည်နယ်အတွင်းရှိ လုပ်ငန်းဆောင်ရွက်ချက်များအား ဒေသခံအချို့က ကန့်ကွက်မှုများ ရှိလာခဲ့ရာ အဆိုပါအဖွဲ့၏ လုပ်ငန်းများအား ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် လုပ်ငန်းများရပ်ဆိုင်းခဲ့ရပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် MSF (Holland) အဖွဲ့၏ လုပ်ငန်းများအား အစားထိုးဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားမှုနှင့်အညီ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

MSF -H (AZG) မှ တာဝန်ယူဆောင်ရွက်နေသော HIV/AIDS လူနာများ ဆေးကုသမှုနှင့်ပတ်သက်၍ ကျန်းမာရေးဦးစီးဌာန ခုခံကျကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ

MSF(Holland) အဖွဲ့မှ ရခိုင်ပြည်နယ်အတွင်းတွင် HIV/AIDS လူနာများအား ဆေးကုသမှုပေးရာတွင် စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များရှိ အဖွဲ့၏ ဆေးခန်း သုံးခုမှ လူနာ စုစုပေါင်း ၇၅၀ ကျော်အား ART ဆေးများပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပါသည်။

အဆိုပါ လုပ်ငန်းအား ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် စစ်တွေပြည်သူ့ဆေးရုံကြီးတွင် ART Center တစ်ခုဖွင့်လှစ်၍ လူနာစုစုပေါင်း ၃၅၀ ကျော်၊ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ကျန်လူနာ ၄၀၀ ကျော်အတွက် ဘူးသီးတောင်နှင့် မောင်တောဆေးရုံများတွင် စဉ်ဆက်မပြတ် ဆေးဝါးရရှိရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျန်းမာရေးဦးစီးဌာန ခုခံကျကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်မှလည်း CD 4 စက်တစ်လုံးအား မောင်တောဆေးရုံတွင် တပ်ဆင်ပေးခြင်းနှင့် စံကိုက်ကုထုံးနှင့်အညီ ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများအတွက် လိုအပ်သော ကျန်းမာရေးဝန်ထမ်းများ ရရှိရေးအတွက် ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်မှ ဆရာဝန်များနှင့် ဝန်ထမ်း ကိုးဦး၊ စစ်တွေပြည်သူ့ဆေးရုံကြီးမှ သမားတော်နှင့် ဝန်ထမ်း ၁၈ ဦး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနများမှ ကျန်းမာရေးဝန်ထမ်းများက တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

စဉ်	မြို့နယ်	PLHIV ဦးရေ	ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးဌာန
၁။	စစ်တွေ	၂၀၁	မင်းဂံဒေသန္တရ (စစ်တွေ)
၂။	ရသေ့တောင်	၃၄	မြို့နယ်ဆေးရုံ
၃။	ပေါက်တော	၂၈	မြို့နယ်ဆေးရုံ
၄။	ကျောက်တော်	၂၇	မြို့နယ်ဆေးရုံ
၅။	မြောက်ဦး	၁၅	မြို့နယ်ဆေးရုံ
၆။	ကျောက်ဖြူ	၁၁	ခရိုင်ဆေးရုံ
၇။	ပုဏ္ဏားကျွန်း	၁၁	မြို့နယ်ဆေးရုံ
၈။	မင်းပြား	၆	မြို့နယ်ဆေးရုံ
၉။	အမ်း	၅	မြို့နယ်ဆေးရုံ
၁၀။	ပလက်ဝ	၅	မြို့နယ်ဆေးရုံ
၁၁။	မြေပုံ	၂	မြို့နယ်ဆေးရုံ
၁၂။	ဘူးသီးတောင်	၃၃၇	မြို့နယ်ဆေးရုံ
၁၃။	မောင်တော	၆၉	မြို့နယ်ဆေးရုံ
၁၄။	သက္ကေပြင်(စစ်တွေ)	၆	ဒါးပိုင်ယာယီဆေးရုံ
	စုစုပေါင်း	၇၅၇	

MSF-H (AZG)မှ တာဝန်ယူဆောင်ရွက်နေသော တီဘီရောဂါလူနာများ ဆေးကုသမှုနှင့်ပတ်သက်၍ ကျန်းမာရေးဦးစီးဌာန တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ

ရခိုင်ပြည်နယ်တွင် လက်ရှိဆောင်ရွက်လျက်ရှိသော MSF-Holland ၏ တီဘီလူနာရှာဖွေကုသရန်အတွက် လိုအပ်သောတီဘီဆေးဝါးများကို အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းမှ ထောက်ပံ့ဖြန့်ဖြူးခဲ့ခြင်းဖြစ်ပါသည်။ သို့ပါ၍ MSF-Holland တွင် ဆေးကုသလျက်ရှိသော တီဘီလူနာတိုင်းတွင် ကျန်းမာရေးဦးစီးဌာန ရခိုင်ပြည်နယ် တီဘီဌာနမှ ထောက်ပံ့ထားသော တီဘီဆေး (Patient Kit)များ ရှိပြီးဖြစ်ပါသည်။

ယခုအခြေအနေတွင် MSF-Holland ၏ တီဘီလူနာများအား ဆက်လက်ဆေးကုသနိုင်ရေးအတွက် ၎င်းတို့ထံတွင်ရှိသော Patient Kit မှ လက်ကျန်ဆေးများဖြင့် သော်လည်းကောင်း၊ လိုအပ်မည့် တီဘီဆေးများကို မိမိဌာနမှ ထောက်ပံ့၍သော်လည်းကောင်း ကုသရန်အတွက် အောက်ပါအစီအစဉ်အတိုင်း မြို့နယ်၊ တိုက်နယ်ဆေးရုံများသို့ တီဘီဆေးဖြန့်ဖြူးထားရှိပြီးဖြစ်ပါသည်-

စဉ်	မြို့နယ်	MSF-Holland ၌ ဆေးကုသလျက်ရှိသော တီဘီလူနာ အရေအတွက်	လွှဲပြောင်းကုသမည့် ဌာန/မြို့နယ်
၁။	စစ်တွေ-သက္ကေပြင်	၂၇	စစ်တွေ-ဒါးပိုင်ဆေးရုံ
၂။	ပေါက်တော	၁၄	ပေါက်တော-ကျောက်တော် တိုက်နယ်ဆေးရုံ
၃။	မောင်တော	၂၈	မောင်တောခရိုင်ဆေးရုံ
၄။	ဘူးသီးတောင်	၄	ဘူးသီးတောင်မြို့နယ်ဆေးရုံ
၅။	မြောက်ဦး	၃	မြောက်ဦးခရိုင်ဆေးရုံ
၆။	မင်းပြား	၁	မင်းပြားမြို့နယ်ဆေးရုံ
၇။	ရသေ့တောင်	၃	ရသေ့တောင်-စေတီပြင်တိုက်နယ်ဆေးရုံ
၈။	မြေပုံ	၁	မြေပုံမြို့နယ်ဆေးရုံ
	စုစုပေါင်း	၈၀	

MSF-H (AZG) မှ တာဝန်ယူဆောင်ရွက်နေသော ငှက်ဖျားရောဂါလူနာများ ဆေးကုသမှုနှင့်ပတ်သက်၍ ကျန်းမာရေးဦးစီးဌာန ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ

ရခိုင်ပြည်နယ်တွင် ဆောင်ရွက်လျက်ရှိသော MSF-Holland ၏ ငှက်ဖျားလူနာရှာဖွေကုသခြင်းကို မင်းပြားမြို့နယ်ဆေးရုံနှင့် တိုက်နယ်ဆေးရုံ၊ ကျောက်တော်မြို့နယ်ဆေးရုံနှင့်စစ်တွေမြို့၊ သက္ကေပြင်နှင့် အုန်းတောကြီး ဆေးပေးခန်းများတွင် ဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ်အတွင်း စုစုပေါင်းငှက်ဖျားလူနာ ၁၇၆၅ ဦးအား ကုသပေးခဲ့ကြောင်း တွေ့ရှိရပါသည်။ စုစုပေါင်းလူနာ ၁၀၃၉၄ ဦးအား သွေးဖောက်စစ်ဆေးရာ P.F ၁၂၂၉ ဦး၊ P.V ၄၇၉ ဦးနှင့် mixed infection ၅၇ ဦးကို ဆေးကုသပေးကြောင်း တွေ့ရှိရပါသည်။

အမျိုးသားငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်အနေဖြင့် ၎င်းတို့ လွှမ်းခြုံထားသော နေရာများရှိ ငှက်ဖျားလူနာများအား အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် စေတနာဝန်ထမ်းကျန်းမာရေးလုပ်သားများမှတစ်ဆင့် ရောဂါရှာဖွေဆေးကုသခြင်း၊ ရောဂါကာကွယ်နှိမ်နင်းခြင်း(တာရှည်ခံဆေးစိမ်ခြင်ထောင်ဖြန့်ဝေခြင်းနှင့် ဒေသအလိုက် အိမ်တွင်းနံရံဆေးဖျန်းခြင်း)နှင့်ကျန်းမာရေးပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်နှင့်ပလက်ဝမြို့နယ်အတွင်းရှိ (AZG)အဖွဲ့၏ ငှက်ဖျားရောဂါကုသခြင်းလုပ်ငန်းများနေရာတွင် ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနများမှ အောက်ပါအတိုင်းရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

စဉ်	မြို့နယ်	ဆောင်ရွက်ထားရှိမှုအခြေအနေ
၁။	စစ်တွေမြို့နယ် (သက္ကေပြင်၊ အုန်းတောကြီး)	ငှက်ဖျားရောဂါ သွေးဖောက်စစ်ဆေးခြင်း ပြုလုပ်ရန် Rapid Diagnostic Test နှင့် ဆေးဝါးများကို ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ဖြန့်ဝေပြီး ရွေ့လျားဆေးကုသအဖွဲ့မှ ရောဂါရှာဖွေကုသခြင်းလုပ်ငန်းကို ဆောင်ရွက်ပါသည်။
၂။	ကျောက်တော်မြို့နယ်	ကျောက်တော်မြို့နယ် ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့မှ ကြီးကြပ်ဦးထွန်းသာကျော်နှင့် ဆေးဖျန်းဦးထွန်းငြိမ်းကျော်တို့က ရောဂါကာကွယ်ကုသခြင်းလုပ်ငန်းဆောင်ရွက်ပါသည်။
၃။	မင်းပြားမြို့နယ်	မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့မှ ကုသခြင်းလုပ်ငန်းကို ဆောင်ရွက်ပါသည်။
၄။	ပန်းမြောင်းတိုက်နယ်	ပိုးကြည့် ဦးထွန်းအောင်ကျော်နှင့် တိုက်နယ်ဆေးရုံ ပြင်ပလူနာဌာနမှ တာဝန်ကျဆရာဝန်၊ ဆရာမများက ငှက်ဖျားရောဂါကုသခြင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ပါသည်။
၅။	ပလက်ဝမြို့နယ်	မြို့နယ်ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနမှ ဆက်လက်ဆောင်ရွက်ပါသည်။

MSF-H (AZG) မှ ရခိုင်ပြည်နယ်အတွင်း တာဝန်ယူဆောင်ရွက်နေသော လူနာလွှဲပြောင်းသည့်လုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်

အရေးပေါ်လူနာလွှဲပြောင်းခြင်းများအတွက် ရခိုင်ပြည်နယ်အစိုးရမှ ထောက်ပံ့ပေးသော မော်တော်ဘုတ် သုံးစင်းဖြင့် ပေါက်တောတွင် တစ်စင်း၊ စစ်တွေတွင်တစ်စင်း၊ မြေပုံတွင် တစ်စင်းထားရှိကာ ရေလမ်းမှ လွှဲပြောင်းပေးရမည့် အရေးပေါ်လူနာများကို စစ်တွေဆေးရုံသို့ လွှဲပြောင်းကုသလျက်ရှိပါသည်။ မော်တော်ယာဉ်ဖြင့် လွှဲပြောင်းကုသရမည့်လူနာများအား ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ လူနာတင်ယာဉ်(Ambulance) ငါးစီး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ လူနာတင်ယာဉ်(Ambulance) နှစ်စီး စုစုပေါင်း ခုနစ်စီးဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

စစ်တွေဆေးရုံတွင် အရေးပေါ်လူနာတင်ယာဉ် ငါးစီးကို အသင့်အနေအထားတွင် ထားရှိပြီး လိုအပ်သော လောင်စာဆီများကို ကျန်းမာရေးဦးစီးဌာနမှ ထောက်ပံ့ပေးလျက်ရှိပါသည်။ ကူးစက်ရောဂါများကပ်အသွင် မဖြစ်ပွားစေရေးအတွက် ရောဂါကြိုတင်စောင့်ကြပ်ကြည့်ရှုခြင်း၊ လုပ်ငန်းနှင့် လျင်မြန်စွာတုံ့ပြန်နိုင်ရေးအသင်းများ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပြင် ကူးစက်ရောဂါများ ကပ်အသွင်ဖြစ်ပွားခြင်း မရှိစေရန်အတွက် ရောဂါကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကပ်အသွင်ဖြစ်ပွားနိုင်သော ရောဂါများအား စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှု၍ အဆင့်ဆင့်သတင်းပို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ဖွဲ့စည်းတာဝန်ချထားသော လျင်မြန်စွာ တုံ့ပြန်ရေးအဖွဲ့ (Rapid Response Team)များကို ကျန်းမာရေးဦးစီးဌာန နေပြည်တော်မှ ကူးစက်ဆရာဝန်ကြီးခေါင်းဆောင်သော ကျန်းမာရေးမှူးများပါဝင်သော အဖွဲ့များဖွဲ့စည်း၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

MSF-H (AZG)မှ တာဝန်ယူဆောင်ရွက်နေသော (IDP Camp)ကယ်ဆယ်ရေးစခန်းများတွင် ဆေးခန်းဖွင့်၍ ဆေးကုသခြင်းလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့်အစီအစဉ်

MSF-H (AZG)မှ တာဝန်ယူဆောင်ရွက်နေသော(IDP Camp) ကယ်ဆယ်ရေးစခန်းများဖြစ်သည့် ကြိမ်နီပြင်၊ နတ်ချောင်း၊ အနောက်ရဲ၊ ဆင်တပ်မော်၊ ညောင်ပင်ကြီး အစရှိသည့် ကယ်ဆယ်ရေးစခန်းများတွင် အဆိုပါအဖွဲ့မှ တစ်ပတ်လျှင် တစ်ကြိမ်(သို့မဟုတ်) နှစ်ကြိမ်သွားရောက်ကာ ယာယီဆေးခန်းဖွင့်လှစ်၍ ဆေးကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများအား ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များနှင့် လက်ထောက်ကျန်းမာရေးမှူး ၁၀ ဦး၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီတို့မှ ဆရာဝန်များ၊ ဆရာမများနှင့်ကျန်းမာရေးမှူးများပူးပေါင်း၍ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

ယခင် MSF-H မှ တာဝန်ယူခဲ့သည့် ကယ်ဆယ်ရေးစခန်းနှင့် ကျေးရွာများတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ-

စဉ်	မြို့နယ်	ကယ်ဆယ်ရေးစခန်း ကျေးရွာအမည်	ဆောင်ရွက်သည့် အဖွဲ့	လူဦးရေ
၁။	စစ်တွေ	သက္ကေပြင်ကျေးရွာ	မွတ်စလင်ဆရာဝန်	၂၅၀၀၀
		အုန်းတောကြီးစခန်း	Malteser/IRC	၆၂၀၇
		အောင်မင်္ဂလာရပ်ကွက်၊ ဇော်ပူဂျာကျေးရွာ၊ ပလ္လင်ပြင်ကျေးရွာ၊ စက်ရုံစုစခန်း	မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ကျန်းမာရေးဝန်ကြီးဌာနမှကျန်းမာရေးမှူးများပါဝင်သော Rapid Response Team	၂၄၄၂
၂။	မင်းပြား	ပိုက်သည်ကျေးရွာ ဆန်ထိုးတန်းကျေးရွာ သရက်အုပ်ကျေးရွာ အောင်ဒိုင်ကျေးရွာ စမဒ်လေကျေးရွာ သဒါကျေးရွာ	မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း	၄၃၀၀
၃။	မြောက်ဦး	ပုရိန်စခန်း ပုရိန်ကုန်းကျေးရွာ ယိုင်သည်စခန်း အထုပ်သည်မကျေးရွာ	မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးမှူးများပါဝင်သော Rapid Response Team	၃၅၈၉

စာမျက်နှာ ၅ သို့ »

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း လွှတ်တော်လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

ယနေ့အထိ ဥပဒေစုစုပေါင်း (၉၂) ခုကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရန်အတွက် ဥပဒေ(၈)ခုကို ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ လွှတ်တော်အသီးသီးတွင် ဆောင်ရွက်ဆဲ ဥပဒေကြမ်း(၅၁)ခုကို ဆက်လက်ဆွေးနွေးလျက်ရှိပါကြောင်း၊ လွှတ်တော်ကော်မတီ အသီးသီးနှင့်ကော်မရှင်များ၏ လေ့လာတွေ့ရှိမှုအရ ပြည်ထောင်စုအစိုးရအုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဌာန၊ အဖွဲ့အစည်းများက ကိုင်တွယ်ကျင့်သုံးလျက်ရှိသည့် ဥပဒေများအနက်မှ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းများ ဆောင်ရွက်သင့်သည့် ဥပဒေပေါင်း(၁၃၄)ခု ရှိသည်ကို သိရှိရပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅၀ တွင် "မြန်မာစာသည် ရုံးသုံးစာဖြစ်သည်"ဟု ပြဋ္ဌာန်းထားချက်နှင့်အညီ အင်္ဂလိပ်စာဖြင့် ရေးသားထားသည့် တည်ဆဲဥပဒေများကိုလည်း ပြင်ဆင်ရေးသားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လွှတ်တော်အသီးသီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုရေးလုပ်ငန်း တာဝန်များ ဆောင်ရွက်ကြရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများအတွက် အမှန်တကယ်စေတနာဖြင့် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြည်ထောင်စုအစိုးရအုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကိစ္စရပ်များတွင်လည်း ပူးပေါင်းပါဝင်ပြီး ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မိမိတို့ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အလေးထားဦးစားပေးဆောင်ရွက်ရမည့် အမျိုးသားစီမံကိန်းဥပဒေတွင် ပါဝင်သည့် "နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းစေသော၊ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုများကို အလေးထားဆောင်ရွက်ရမည်"ဆိုသည့်မူဝါဒကို ချမှတ်အကောင်အထည်ဖော်နိုင်မည့် အမျိုးသားပညာရေးဥပဒေတစ်ရပ် ပြဋ္ဌာန်းပေါ်ထွက်ရန်လည်း အသင့်ဖြစ်နေပြီဖြစ်ပါကြောင်း၊ လာမည့်နှစ်များတွင် အခြေခံပညာရေး၊ အဆင့်မြင့်ပညာရေး၊ အသက်မွေးဝမ်းကျောင်းပညာရေးတို့ကို ချိတ်ဆက်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ပြင်ဆင်မှု၊ ရင်းနှီးမြှုပ်နှံမှုများကို သက်ဆိုင်ရာဌာနအလိုက် စတင်စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း လွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အကြံပြုလိုပါကြောင်း။

ယခုဆိုလျှင် မိမိတို့လွှတ်တော်အသီးသီး၏ သက်တမ်းသည် သုံးနှစ်ကျော်ကာလကို ရောက်ရှိလာသည့်နည်းတူ ပြည်တွင်း ပြည်ပက အဖွဲ့အစည်းများနှင့် ပြည်သူများ၏ လွှတ်တော်များအပေါ် စိတ်ဝင်စားမှုလည်း မြင့်တက်လာပါကြောင်း။

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် အမျိုးသားအကျိုးစီးပွားကို ဖြစ်ထွန်းစေသည့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေး၊ ထို့ပြင် ယင်းဥပဒေများသည်လည်း တရားမျှတပြီး အများပြည်သူ အမှန်တကယ်လိုက်နာကျင့်သုံးနိုင်သည့်ဥပဒေများ ဖြစ်စေရေးတို့အတွက် စိတ်ကောင်း စေတနာဖြင့် ဆက်လက်ကြိုးစားအားထုတ်လုပ်ဆောင်ကြရဦးမည်ဖြစ်ပါကြောင်း၊ ယင်းတာဝန်များသည် ပြည်သူက ရွေးကောက်တင်မြှောက်ထားသည့် မိမိတို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်ဖြစ်သည်ဟုခံယူပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ထို့အတူ မိမိတို့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များသည် ပြည်သူများ၏ တရားမျှတမှုရှိသည့် မျှော်လင့်ချက်များကို ဖော်ဆောင်ဖြည့်ဆည်းပေးမည်ဟု ကတိပြုထားသည့် အဖွဲ့အစည်းဝင်များဖြစ်သည်နှင့်အညီ လွှတ်တော်က အတည်ပြုပြဋ္ဌာန်းထားသည့် ဥပဒေများကို လေးစားလိုက်နာကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ဥပဒေကို အသုံးပြုစီမံခန့်ခွဲရသည့် အဖွဲ့အစည်းများနှင့်အတူ ပြည်သူများကလည်း ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ကြရေးအတွက် ဝိုင်းဝန်းကြိုးပမ်းပေးစေလိုကြောင်းနှင့် လွှတ်တော်အစည်းအဝေးများ ခေတ္တရပ်နားစဉ်ကာလတွင် အသီးသီးသောနယ်မြေအလိုက် မဲဆန္ဒရှင်ပြည်သူများ၏ ကောင်းကျိုးလိုရာဆန္ဒများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ကြပါစေကြောင်းဖြင့် ပြောကြားခဲ့သည်။

ယနေ့အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်ပြီး ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားကြောင်း သိရှိရသည်။

(သတင်းစဉ်)

» စာမျက်နှာ ၄ မှ

စဉ်	မြို့နယ်	ကယ်ဆယ်ရေးစခန်း ကျေးရွာအမည်	ဆောင်ရွက်သည့် အဖွဲ့	လူဦးရေ
၄။	မြေပုံ	တောင်ပေါ်စခန်း	မြို့နယ်ကျန်းမာရေး ဦးစီးဌာန၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း မြန်မာနိုင်ငံ ဆရာဝန်အသင်း	၃၈၄၄
၅။	ပေါက်တော	အနောက်ရဲစခန်း ငှက်ချောင်းစခန်း ကြိမ်နီပြင်စခန်း ဆင်တက်မော်စခန်း	မြို့နယ်ကျန်းမာရေး ဦးစီးဌာန၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးမှူးများ ပါဝင်သော Rapid Response Team	၁၄၈၅၃
၆။	ရသေ့တောင်	အနောက်ပြင် ညောင်ပင်ကြီး	မြို့နယ်ကျန်းမာရေး ဦးစီးဌာန၊ IRC	၉၉၄
၇။	ဘူးသီးတောင်	မြို့ပေါ်	မြို့နယ်ကျန်းမာရေး ဦးစီးဌာန	၂၅၀၀

သက်တွေပြင် Stabilization Centre မှ လူနာများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်

Stabilization Centre ရှိ လူနာများအား လိုအပ်ပါက စစ်တွေပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသနိုင်ရန် စစ်တွေဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် ညှိနှိုင်းစီစဉ်ထားရှိပြီး ဖြစ်ပါသည်။ အခြားလူနာများအား ဒါးပိုင်ဆေးခန်းမှ လိုအပ်သော ဆေးဝါးကုသမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ။

ရှင်ပြု-သီလရှင်ဝတ် သာမဏေရပဗ္ဗဇ္ဇာဘိသေက အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၂၆

ရှင်ပြု-သီလရှင်ဝတ် သာမဏေရပဗ္ဗဇ္ဇာဘိသေက အလှူတော်မင်္ဂလာ အခမ်းအနားကို မတ် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ကျင်ဒွေးကျေးရွာရှိ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် ဦးဆောင်၍ အလှူရှင် ဦးရှိန်ဝင်းနှင့်ဇနီး ဒေါ်ခင်ချိုဦးမိသားစုတို့၏ ပစ္စည်းလေးပါးထောက်ပံ့မှုဖြင့် ကျင်ဒွေးကျေးရွာရှိ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၌ တိုင်းရင်းသား တိုင်းရင်းသူ ရှင်သာမဏေလောင်း အပါး ၁၁၀ နှင့် သီလရှင်လောင်း အပါး ၃၀ တို့အား ကေသဆွေဒနမင်္ဂလာနှင့် အဘိသေက မင်္ဂလာအခမ်းအနားတို့ကို သာသနာတော်ဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ ကျင်းပခဲ့သည်။

မတ် ၂၅ ရက် နံနက် ၇ နာရီခွဲတွင် သာမဏေရပဗ္ဗဇ္ဇာမင်္ဂလာအခမ်းအနားကျင်းပခဲ့သည်။ အဆိုပါ လှူဒါန်းပွဲတွင် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး အမှူးပြုသော ဝန်ထမ်းမိသားစုများက ကြွရောက်တော်မူလာကြသည့် ပင့်သံဃာ ၃၅ ပါးနှင့် ရှင်သာမဏေအပါး ၁၁၀၊ သီလရှင်အပါး ၃၀ တို့အား တစ်ပါးလျှင်အလှူတော်ငွေ ၅၀၀၀ ကျပ်စီ လှူဒါန်းပြီး အလှူရှင် ဦးရှိန်ဝင်းနှင့်ဇနီး ဒေါ်ခင်ချိုဦးမိသားစုတို့က သင်္ကန်းပရိက္ခရာများနှင့် သီလရှင်ဝတ်စုံများ၊ ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် ညောင့်ပရိသတ်အပေါင်းတို့အား အာဟာရဒါနတို့ဖြင့် လှူဒါန်းကျွေးမွေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍေဘာသအမှူးပြုသော ပင့်သံဃာ ၃၅ ပါး ကြွရောက်တော်မူပြီး ဒေသခံ ချင်းတိုင်းရင်းသား ဒွယ်တူ၊ ရင်ဒူး၊ ဒိုင်း၊ ချင်းပုံ၊ ခမွေလူမျိုးစုများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွှတ်တော်သို့ လာရောက်လေ့လာ

နေပြည်တော် မတ် ၂၆

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့တွင် ကမ္ဘာ့အမျိုးသမီးကင်းထောက်အဖွဲ့မှ အမှုဆောင်အရာရှိချုပ် Mary Mc Phall၊ အာရှနှင့် ပစိဖိတ်ဒေသအမျိုးသမီးကင်းထောက်အဖွဲ့ ညွှန်ကြားရေးမှူး Ching Ching Wee Ong တို့နှင့်အတူ မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့မှ ခြောက်ဦး၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ခရိုင်နှင့် မြို့နယ် ရှစ်မြို့နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ကော်မတီဝင်များနှင့် ပါတီဝင်များ ၄၆၇ ဦး၊ Allen & Overy Limited မှ ဝန်ထမ်း တစ်ဦးနှင့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်မှ လေ့လာသူ ငါးဦး စုစုပေါင်း ၄၇၉ ဦးတို့သည် လွှတ်တော်အစည်းအဝေးများ ကျင်းပနေပုံကို လာရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လျှပ်စစ်ဓာတ်အားခ နှုန်းထားသစ် ပြောင်းလဲကောက်ခံခြင်း ရှင်းလင်း

ဒိုက်ဦး မတ် ၂၆။ လျှပ်စစ်ဓာတ်အားခနှုန်းထားသစ်ဖြင့် ပြောင်းလဲကောက်ခံခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို မတ် ၂၆ ရက်က ဒိုက်ဦးမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ကျင်းပရာ ပဲခူးခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်းဝင်းက ဓာတ်အားခတိုးမြှင့်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်၊ ရရှိလာမည့် အကျိုးကျေးဇူးများနှင့် သုံးစွဲယူနစ်အပေါ် တွက်ချက်နည်းများကို မြို့ပေါ်ပြည်သူများ၊ လုပ်ငန်းရှင်များအား ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

ကျော်ကျော်(IPRD)

တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး » » ရာသက်ပန်

ရဲဝံ့စွန့်စားတပ်မတော်သား

"ဒိုင်း ဒိုင်း ကဲမင်းသေပြီ. . . .

အား. . . အေး၊ ငါရန်သူလုပ်ပြီးပြီ" "ဒီတစ်လှည့် မင်းလုပ်အလှည့်၊ ဟာ မင်းကလည်းတစ်လှည့်ပဲ၊ ဒီတစ်ခါ နောက်ဆုံးပဲ. . . (တော်ပြီ တော်ပြီ) မရဘူး၊ မင်းချည်းပဲ စစ်သားလုပ်နေတယ်။ ငါလည်းလုပ်ချင်တာပေါ့ကွ၊ ငါလည်းမင်းလိုပဲ ရန်သူတွေကို ပစ်ချင်တယ်"

စာရေးသူတို့ပတ်ဝန်းကျင်တွင် ဤကဲ့သို့စစ်သားလုပ်တမ်းကစားနေကြသော ကလေးများကို မကြာခဏ တွေ့မြင်မိပါသည်။ ထိုကလေးများသည် ဤသို့ငယ်စဉ်အခါမှပင် စစ်ဗိုလ်စစ်သားလုပ်ပြီး ရန်သူများကို ချေမှုန်းချင်ကြသည်။ မတရားမှုကို မုန်းတီးကြသည်။ မတရားသောသူကို ရဲဝံ့စွာတိုက်ခိုက်လိုကြသည်။ ဤသည်မှာ ကလေးဘဝကတည်းက သန္ဓေတည်လာခဲ့သော တပ်မတော်သား စိတ်ထားပင်ဖြစ်လေသည်။

အရွယ်ရောက်၍ အကြောင်းအမျိုးမျိုးကြောင့် အမိတပ်မတော်ထဲသို့ ဝင်ရောက်လာကြသော တပ်မတော်သားစစ်သည်များသည် မည်သို့သောအကြောင်းကြောင်းဖြင့် တပ်မတော်သို့ဝင်သည်ဖြစ်စေ တပ်မတော်သားတစ်ယောက်ဖြစ်သည့်အချိန်မှစ၍ "တစ်သွေး၊ တစ်သံ၊ တစ်မိန့်"တည်းဟူသော တပ်မတော်၏ စည်းမျဉ်းအောက်တွင် တစ်သဝေမတိမ်း လိုက်နာကျင့်သုံးကြရသည်။ "တပ်မတော်သားဘဝတွင် လက်ရုံးရည်သည် စစ်ရေးစွမ်းရည်ဖြစ်ပြီး နှလုံးရည်ဆိုသည် စာရိတ္တကောင်းမွန်ခြင်း၊ မြင့်မြတ်စိတ်ထားနှင့် ရဲရဲရင့်ရင့်စွန့်လွှတ်စွန့်စားနိုင်ခြင်းတို့ဖြစ်သည်"ဟု ခေါင်းဆောင်ကြီးများ မိန့်ကြားထားသည်နှင့်အညီ လက်ရုံးရည်၊ နှလုံးရည်များကောင်းမွန်အောင်ကြိုးစားလေ့ကျင့်သင်ယူကြရပါသည်။ တပ်မတော်သို့ဝင်ရောက်သူတိုင်းသည် ထင်ပေါ်ကျော်ကြားလို၍ မဟုတ်၊ ကြီးပွားချမ်းသာလို၍လည်းမဟုတ်၊ ကောင်းကျိုးစည်းစိမ်များခံစားလို၍လည်း မဟုတ်ပေ။ တပ်မတော်သားဘဝသည် အနေအထိုင်၊ အစားအသောက် အစစအရာရာ ပင်ပန်းဆင်းရဲ၏။ နေပူမိုးရွာမရှောင် တိုင်းပြည်တာဝန်ကို ကျေရာနေရာက ထမ်းဆောင်ရ၏။ သို့သော်လည်း တပ်မတော်သားတစ်ယောက် ဘာကြောင့်ဖြစ်ချင်သနည်း။ ဘာကြောင့် တပ်မတော်ထဲသို့ဝင်ရသနည်း။ ရှင်းပါသည်။ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသော စိတ်ကြောင့်ပင်ဖြစ်ပါသည်။ ဤစိတ်ထားသည်လူတိုင်းတွင် မရှိနိုင်သော်လည်း တပ်မတော်သားတိုင်းတွင်ရှိပါသည်။ ထို့ကြောင့်ပင် ဤကဲ့သို့ မြင့်မြတ်သောစိတ်ရှိသော တပ်မတော်သားများကို ချစ်မြတ်နိုးသောသူများ၊ လေးစားတန်ဖိုးထားသောသူများသည် နိုင်ငံကို ချစ်မြတ်နိုးသောသူများ၊ နိုင်ငံကိုလေးစားတန်ဖိုးထားသောသူများဖြစ်ကြပါသည်။

တစ်ခါက မိတ်ဆွေတစ်ယောက်ဆေးရုံတက်ရသောကြောင့် သတင်းမေးမြန်းရန် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီးသို့ သွားရောက်ခဲ့ပါသည်။ ခွဲစိတ်ဆောင်ဖြစ်သောကြောင့် ခွဲစိတ်ပြီး လူနာရောမခွဲစိတ်ခင်လူနာပါ စုံလင်စွာဖြင့် တွေ့ရပါသည်။ မိတ်ဆွေ၏ခုတင်ဘေးတွင် ရှေ့တန်းစစ်မြေပြင်မှ ဒဏ်ရာရသဖြင့် ခြေထောက်တစ်ဖက်ဖြတ်ထားရသော တပ်မတော်မှ ဆရာကြီးတစ်ယောက်ကို တွေ့ရပါသည်။ သူ၏ မိသားစုဟုယူဆရသူများသည် မျက်ရည်တရှုပ်ရှုပ်ဖြင့် သုတ်ကာငိုနေကြသဖြင့် ထိုစစ်သားကြီးက မာန်မဲနေပါသည်။ "ဟဲ့ နင်တို့က ဘာဖြစ်နေကြတာလဲ၊ ငါတောင်ဘာမှမဖြစ်ဘူး၊ စစ်သားဆိုတာ တိုင်းပြည်အတွက် အသက်တောင်စွန့်ရသေးတာ၊ ဒီလောက်က ဘာမှမပြောပလောက်ဘူး။ စစ်သားကို ယူထားတဲ့ဇနီး၊ သားသမီးဟာ စစ်သားလိုပဲစိတ်ဓာတ်မာကျောရတယ်။ ကြံ့ကြံ့ခံနိုင်ရည်ရှိရတယ်။ ဒီလိုမှ ခံနိုင်ရည်မရှိရင် စစ်သားမိသားစု မလုပ်ကြနဲ့ (သွားကြ သွားကြ)" ဆိုပြီး မောင်းထုတ်နေသည်ကို တွေ့ရပါသည်။ ကျွန်မ စဉ်းစားမိသည်မှာ မိမိခြေထောက်တစ်ဖက်မရှိတော့သည်ကို မည်သူမျှစိတ်ချမ်းသာနိုင်မည်မထင်ပါ။ သို့သော်လည်း ထိုဆရာကြီး၏ စိတ်က "ငါဟာစစ်သားတစ်ယောက်ဖြစ်သည်"ဟု ယုံကြည်ခံယူထားမှုကြောင့် ဤကဲ့သို့ရဲရင့်စွာ စိတ်တင်းခံနိုင်ခြင်းဖြစ်ပေမည်။ ထိုဆရာကြီးကိုကြည့်၍ စစ်သား၏စိတ်ထားသည် မာကျောသည်။ ရဲဝံ့ပြီး သတ္တိရှိသည်ကို တွေးမိပါသည်။

မိမိဖခင်၏ သူငယ်ချင်းဖြစ်သူသည် တပ်မတော်(ရေ)မှ သင်္ဘောမောင်းသူတစ်ယောက်ဖြစ်ပါသည်။ တစ်ချိန်က မြန်မာ့ရေပိုင်နက်အတွင်း ရန်သူများနှင့် နီးစပ်သည့် ရေလက်ကြားတစ်ခုတွင် သင်္ဘောနှင့်အတူ တာဝန်ထမ်းဆောင်နေစဉ် ရန်သူများ၏ အလစ်ဝင်ရောက်တိုက်ခိုက်မှုကို ခံခဲ့ရပါသည်။ ထိခိုက်မှုများစွာဖြင့် အခက်ကြုံနေစဉ်တွင် သင်္ဘောကို ကျဆုံးမခံဘဲ ရဲဝံ့စွာဖြင့် ခက်ခက်ခဲခဲ အသက်စွန့်မောင်းထွက်ခဲ့သဖြင့် သင်္ဘောမှာ ရန်သူများ၏ လက်သို့ကျရောက်မည့်ဆဲဆဲမှ လွတ်မြောက်ခဲ့ရပါသည်။ ထိုစဉ်က ထိုဦးလေး၏ ပြောစကားများကို ပြန်၍ ကြားယောင်မိပါသည်။ "သူငယ်ချင်းရာ ငါအမှန်က အရက်သောက်ပြီး မှိန်းနေတာကွ၊ ရုတ်တရက်မထင်မှတ်ဘဲ တိုက်ခိုက်ခံရတော့ အမူးလည်း ပြေသွားတယ်။ မျက်စိထဲမှာ ဘာမှ မမြင်တော့ဘူး။ အသိစိတ်က ငါ့သင်္ဘော ဒီကောင်တွေ လက်ထဲမှာ ဆုံးရှုံးခံလို့မဖြစ်ဘူး။ ငါသေချင်သေပါစေ အသက်စွန့်ပြီး ငါ့ရဲဘော်ရဲဘက်တွေကို ကယ်ဖို့ငါရအောင် မောင်းထွက်မယ်ဆိုတဲ့စိတ်ပဲရှိတယ်။ ဒီအတိုင်းရဲဝံ့စွာနဲ့ လုပ်ဆောင်ခဲ့တာပဲ"ဟု ပြောခဲ့ပါသည်။ ထိုဦးလေးသည် ဤကဲ့သို့သင်္ဘောကို ရဲဝံ့စွာမောင်းထွက်ခဲ့စဉ်က သူ၏ နှုတ်မှ ငါ( )ကွ (သူ၏နာမည်)တပ်မတော်ရေကွ၊ လှေခွက်ကြီးကျန် အလံမလှဲဘူးကွ"ဟု တောက်လျှောက်အော်ခဲ့သည်ကို (သင်္ဘောပေါ်ပါသူ)အခြားသူများ၏ ပြောကြားချက်အရ သိရပါသည်။ ထို့ကြောင့်ပင် ထိုဦးလေးသည် နိုင်ငံတော်မှ ချီးမြှင့်ခဲ့သည့် "သူရဘွဲ့"ကို ထိုက်တန်စွာဖြင့် ရရှိခဲ့လေ သည်။

ထိုဦးလေးသည် စစ်သားတစ်ယောက်ဖြစ်သောကြောင့် သူ၏စိတ်မူလအရင်းအမြစ်သည် တိုင်းပြည်အတွက် အရေးကြုံလာလျှင် မိမိအသက်ကိုစွန့်မည်ဆိုသော စိတ်ဓာတ်ပင်ဖြစ်ပါသည်။ လေးစားစရာကောင်းပါသည်။ ထို့ကြောင့်ပင် တပ်မတော်သား၏ စိတ်ထားသည် မည်သည့်အချိန်တွင်မဆို မိမိတိုင်းပြည်အတွက် အသက်စွန့်ဝံ့ကြပါသည်။ စာရေးသူငယ်စဉ်အခါက မိဘနှင့် ဦးလေး၊ အဒေါ်များပြောကြားခဲ့သည်ကို အမှတ်ရမိပါသည်။

လွတ်လပ်ရေးရပြီးခါစ တိုင်းပြည်တွင် ပြည်တွင်းဆူပူသောင်းကျန်းမှုများဖြစ်ပေါ်စဉ်အခါက သထုံမြို့တွင်လည်း သောင်းကျန်းသူများ ရုံဖန်ရုံခါဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်းကိုခံခဲ့ရပါသည်။ ထိုအချိန်က သောင်းကျန်းသူများကို နှိမ်နင်းရန် တပ်မတော်(လေ)မှ ဗိုလ်မှူးတစ်ဦးသည် တပ်မတော်လေယာဉ်နှင့်အတူ လေထီးဖြင့်ဆင်းသက်ရာတွင် နေရာလွဲမှားစွာဖြင့် ရန်သူ့နယ်မြေထဲသို့ ဆင်းမိသည်။ ထို့ကြောင့်ပင် ရန်သူများ၏သတ်ဖြတ်မှုကို ခံခဲ့ရသည်။ ထိုနောက် အဆိုပါရန်သူများ တပ်မတော်၏ သဘောထားအမှန်အားသိရှိ၍ အလင်းဝင်ရောက်ခဲ့ကြသောအခါ သူတို့ထံမှတစ်ဆင့် သိရှိခဲ့ရသည်မှာ ထိုဗိုလ်မှူးမှာ ညှဉ်းပန်းနှိပ်စက်မှုများကိုခံခဲ့ရသော်လည်း သတ္တိမကြောင်၊ မကြောက်မရွံ့ရှိသည်ကို ဤသို့ပြောခဲ့ပါသည်။

"မင်းတို့က မင်းတို့မိသားစု၊ မင်းတို့ကောင်းစားရေးအတွက် တိုက်ပွဲဝင်တယ်၊ ဒါပေမယ့် ငါတို့ကတော့ ငါတို့ကောင်းစားရေးအတွက် တိုက်ပွဲဝင်တာမဟုတ်ဘူး၊ မင်းတို့အပါအဝင် ငါတို့တိုင်းပြည်မှာရှိတဲ့ လူမျိုးပေါင်းစုံအေးချမ်းစွာနေထိုင်နိုင်ဖို့အတွက်၊ ငါတို့နိုင်ငံတော်ကြီးတည်ငြိမ်အေးချမ်းဖို့အတွက် တိုက်ပွဲဝင်တာ၊ ဘယ်သူဟာတရားသလဲ၊ ဘယ်စစ်ဟာ တရားသောစစ်လဲ၊ စဉ်းစားကြ၊ ငါတို့ဟာ လူသေသော်လည်း နာမည်မသေဘူးကွ၊ ကောင်းသောဂုဏ်သတင်းနဲ့အတူ ငါတို့နာမည်ဟာ နှစ်ပေါင်းများစွာ တွင်ကျန်ရစ်မယ်"ဟု ပြောဆိုခဲ့ပါသည်။ ထို့ကြောင့် တပ်မတော်သား၏စိတ်ထားသည်နောက်ဆုံးထွက်သက်အထိ တိုင်းပြည်အတွက် သစ္စာရှိကြသည်။ တပ်မတော်သားအဖြစ်ကို ဂုဏ်ယူပြီး သတ္တိရှိကြပေသည်။

အချုပ်အားဖြင့်ဆိုရသော် အမိတပ်မတော်တွင်ရှိကြကုန်သော တပ်မတော်သားစစ်သားများသည် "မတစ်ထောင်တစ်ကောင်ဘွား"ဘာမထိတဲ့ပြည်ချစ်သားဆိုသကဲ့သို့ပင် နေရာမျိုးစုံ၊ ဒေသမျိုးစုံနှင့် အလွှာပေါင်းစုံမှ လူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသော်လည်း နိုင်ငံနှင့်လူမျိုးအပေါ်တွင် သစ္စာရှိကြသည်။ နိုင်ငံကိုချစ်မြတ်နိုးကြပြီး နောက်ဆုံးထွက်သက်အထိ နိုင်ငံကိုကာကွယ်စောင့်ရှောက်ကြမည့်သူများဖြစ်ကြပါသည်။ 'ငါ့တိုင်းပြည်၊ ငါ့လူမျိုးအတွက် ငါ၏ အသက်ကို စွန့်လွှတ်ပါမည်'ဟု သစ္စာအဓိဋ္ဌာန်ပြုထားကြသူများဖြစ်ကြပါသည်။

ကျွန်မတို့ပြည်သူများအနေဖြင့် ထိုတပ်မတော်သားစစ်သားများအပေါ်တွင် တိုင်းပြည်ကို ကာကွယ်လိုသော၊ အသက်စွန့်လိုသော စိတ်ဓာတ်တစ်ခုတည်းဖြင့်သာပင် လေးစားချီးမွမ်း၍ဂုဏ်ပြုထိုက်ကြပြီဖြစ်ပါသည်။ ကျွန်မတို့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို အရေးကြုံလာလျှင် ရှေ့ကမားမားမတ်မတ်ရပ်တည်၍ ကာကွယ်စောင့်ရှောက်ပေးမည့်သူမှာ တပ်မတော်ဖြစ်ပါသည်။ ထို့ကြောင့်ပင် တပ်မတော်ကို အားကိုးထိုက်၏၊ တပ်မတော်သား ကြည်း၊ ရေ၊ လေ စစ်သည်များကို လေးစားဂုဏ်ပြုထိုက်၏။ ကောင်းချီးသြဘာပေး၍ နွေးထွေးစွာကြိုဆိုသင့်၏။ တပ်မတော်သည် နိုင်ငံတော်အတွက် အလွန်အရေးကြီးသောအခန်းကဏ္ဍမှပါဝင်၏။ ထိုတပ်မတော်တွင်းသို့ ဝင်ရောက်ခဲ့ကြသည့် တပ်မတော်သားစစ်သားများ၏ စိတ်ဓာတ်သည်မာကျောသည်။ သတ္တိရှိသည်။ တိုင်းပြည်အတွက် သစ္စာရှိစွာ အသက်စွန့်ဝံ့ကြသည်။ ထို့ကြောင့်ပင် ကျွန်မတို့ပြည်သူများသည် ဤကဲ့သို့ မြင့်မြတ်သောစိတ်ထားများရှိကြသည့်၊ ရဲရင့်တည်ကြည်မွန်မြတ်သူများဖြစ်ကြသည့် ပြည်သူချစ်သော ပြည်သူ့တပ်မတော်သားများ၏ ချီတက်လာရာလမ်းတစ်လျှောက်တွင် နွေးထွေးပျူငှာစွာဖြင့် အောင်အတိတ်၊ အောင်နိမိတ်များဖြင့် ပြည့်စုံသော အောင်သပြေပန်းများဖြင့် ဆီးကြိုဂုဏ်ပြုကြပါစို့ဟု (၆၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

(၆၉)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

☆ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးအခန်းကဏ္ဍတွင် နိုင်ငံတော်အစိုးရ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှု၌ တစ်တပ်တစ်အား ပိုင်းဝန်းကူညီဆောင်ရွက်ရေး။

☆ ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် စုစည်းညီညွတ်သော ပြည်ထောင်စုကို အခြေခံ၍ တည်ငြိမ်အေးချမ်းမှုမှသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာ၌ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရေး။

ဂုဏ်ပြုမမေ့ တပ်မတော်နေ့

❂ ဒို့တာဝန်အရေးသုံးပါး
ဦးထိပ်ထား ကာကွယ်အတူ
"တပ်"နှင့် "ပြည်သူ"။
အမျိုးသားရေးဝါမူ
ကြည်ဖြူလက်တွဲ။
ဆင်းရဲသူလျှော့ချရေးတွက်
ဆောင်ရွက်ပြန်ဝန်းရံကူလို့
ဂုဏ်ယူစဉ်မြဲ။

❂ လက်တွဲကာ တို့အပြုံးနှင့်
စည်းလုံးညီညွတ်ရှေ့သို့ချီ
နိုင်ငံတော်သစ်ဆီ။
"တပ်မတော်" "အစိုးရ"
"ပြည်သူ"ညီ
ထိုသုံးလီပူးပေါင်း။
ဒါတို့ပြည်ဂုဏ်ရည်မြင့်လို့
ထူးတင့်စေကြောင်း။

❂ ငြိမ်းချမ်းရေး အခြေခံကောင်းနှင့်
စုပေါင်းဆောင်ရွက်နိုင်ငံတည်
စွမ်းဆောင်ချက်ညီ။
"တပ်မတော်နေ့" မှတ်တိုင်ဆီ
ဦးတည်ချက်ပေး။
လက်တွဲညီတို့ပြည်တွက်မို့
ဂုဏ်ပြုလျက်လေး။ ။

အောင်မြင့်စိုး(ရေစကြို)

(၆၉) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလျက်။

ပြည်သူ့လွှတ်တော် အစည်းအဝေး

ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် မတ် ၂၆

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး နောက်ဆုံးနေ့၌ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက လွှတ်တော်သို့ အမှာစကားပြောကြားခဲ့သည်။

ထိုသို့ပြောကြားရာတွင် အစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်၊ ဆန္ဒ၊ သဘောထားများကို ရယူ၍ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းနှင့် ဥပဒေကြမ်းများပြုစုကာ လွှတ်တော်သို့ တင်သွင်းခဲ့ကြပြီး ပြည်ထောင်စုအစိုးရ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ၊ ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေနှင့်အခွန်ဆိုင်ရာ ဥပဒေများကို ပြည်ထောင်စုလွှတ်တော်နှင့် အတူပါဝင်၍ ပြဋ္ဌာန်းအတည်ပြုပေးနိုင်ခဲ့ပါကြောင်း။

ယခု အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း (၂၉၃)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၆၀၅)ခုရှိပါကြောင်း၊ အစည်းအဝေးကာလအတွင်း ကြယ်ပွင့်ပြမေးခွန်း(၁၉၂)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း (၃၅၇)ခု ဖြေကြားနိုင်ခဲ့ပါကြောင်း၊ အဆို(၁၁)ခုရှိပြီး ယင်းအဆိုများထဲတွင် အရေးကြီးအဆိုတစ်ခု ပါဝင်ပါကြောင်း၊ ယခု အစည်းအဝေးကာလအတွင်း တင်သွင်း၊ ဆွေးနွေး၊ မှတ်တမ်းတင်နိုင်ခဲ့သော အဆိုတစ်ခုသည် အရေးကြီး အဆိုဖြစ်ပါကြောင်း၊ မတင်သွင်းရသေးသော အဆို(၉)ခုနှင့် အသင့်မဖြစ်သေးသော အဆိုတစ်ခု ကျန်ရှိပါကြောင်း။

လွှတ်တော်သို့ ပြင်ပမှ လာရောက်လေ့လာသူပေါင်း ပထမပုံမှန်အစည်းအဝေးမှ ယခု နဝမပုံမှန်အစည်းအဝေးအထိ (၂၅၂၉၉)ဦးရှိပါကြောင်း၊ ဤသည်ကို ကြည့်ခြင်းဖြင့် လွှတ်တော်အပေါ် ပြည်သူ မည်မျှ စိတ်ဝင်စားသည်ကို ဖော်ပြနေသကဲ့သို့ လွှတ်တော်အပေါ် ဝေဖန်ဆန်းစစ်အကြံပြုရန် လွှတ်တော် ကိုယ်စားလှယ်များ၏ အရည်အချင်း၊ အရည်အသွေးတို့ကို တစ်နည်းမဟုတ် တစ်နည်း အကဲခတ်သွားကြမည်ဖြစ်ပါကြောင်း။

လွှတ်တော်သို့ လာရောက်လေ့လာသူအချို့မှ ခွင့်တိုင်နေခြင်း၊ မေးခွန်းကို အချိန်ယူမေးနေခြင်း၊ ပြန်လည်ဖြေကြားမှုတွင် မေးခွန်းကိုဖြေဆိုခြင်း မဟုတ်ဘဲသီအိုရီသဘောနှင့် ဝေ့လည်ကြောင်ပတ်ဖြေဆိုခြင်း၊ တာဝန်ယူတာဝန်ခံပြီး ဖြေဆိုမှုမရှိခြင်းများကို ပြုပြင်သင့်ပါကြောင်း ပြောကြားမှုများ ရှိလာပါကြောင်း၊ ယခုကာလအတွင်း တင်သွင်းလာသည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာကော်မတီများနှင့် ကော်မရှင်အဖွဲ့ဝင်များသည် ကြိုးစားပမ်းစားဆောင်ရွက်ခဲ့ကြသည့်အတွက် ပြည်သူ့ကိုယ်စား ကျေးဇူးတင်ပါကြောင်း၊ ယနေ့ ပြည်သူ့လွှတ်တော် နဝမအကြိမ်အစည်းအဝေး ပြီးဆုံးပြီး လွှတ်တော်ရပ်နားထားသည် ဆိုသော်လည်း အချို့လွှတ်တော်ကော်မတီများတွင် ဆွေးနွေးညှိနှိုင်းခြင်းများ ဆက်လက်ပြုလုပ်နေရဦးမည် ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်

သာယာဝတီ မဲဆန္ဒနယ်မှ ဦးမောင်မောင်

မဲဆန္ဒရှင်များအား လွှတ်တော်အတွေ့အကြုံနှင့် လွှတ်တော်အတွင်း မိမိတို့၏ဆောင်ရွက်ချက်များကို ပြန်လည်ရှင်းလင်းတင်ပြခြင်းနှင့်အတူ ပြည်သူများ၏ အသံ၊ ပြည်သူများ၏ လိုအပ်ချက်များကို ကြားသိအောင် ပြုလုပ်ကြပြီး မဲဆန္ဒနယ်မြေအတွင်းရှိ ပြည်သူများ၏ အကျိုးသာမက တစ်နိုင်ငံလုံး၏ အကျိုးဖြစ်ထွန်းစေသော မေးခွန်းများ၊ အဆိုများ သယ်ဆောင်လာနိုင်ကြပါစေဟု ဆန္ဒပြုမျှော်လင့်ထားပါကြောင်း။

ကိုယ်စားလှယ်များ အနေဖြင့် ပြည်သူလူထု အကျိုးစီးပွားဖြစ်ထွန်းစေမည့် မေးခွန်း၊ အဆိုနှင့် ဥပဒေကြမ်းများ တင်သွင်းနိုင်ရန် အစဉ်အမြဲ စိတ်ကောင်း စေတနာမှန်များဖြင့် ဆောင်ရွက်ရင်း ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် အောင်မြင်အောင် ပြည်သူ့ကိုယ်စား ပါဝင်ဆောင်ရွက်ပေးကြရန်နှင့် အတာသင်္ကြန်နှင့် နှစ်သစ်ကူးတွင် ပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း၊ ပြန်လည်ဆုံတွေ့မည့် ဒသမအကြိမ် လွှတ်တော်ပုံမှန်အစည်းအဝေးတွင် ကျန်းမာရွှင်လန်းစွာဖြင့် အားလုံးကို ပြန်လည်ဆုံတွေ့ကြစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့ပြင် အစည်းအဝေး၌ သာယာဝတီ မဲဆန္ဒနယ်မှ ဦးမောင်မောင်၏ **“BOT စနစ်ဖြင့် ယူထားသော ကုမ္ပဏီမှ ရန်ကုန်-ပြည်လမ်းအား လမ်းအကျယ်(၂၄)ပေ တိုးချဲ့ပေးရန်နှင့် အဆင့်မြင့် နိုင်လွန်ကတ္တရာခင်းပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ရန်ကုန်-ပြည်-မကွေးလမ်း (၃၀၈) မိုင် (၅)ဖာလုံ၏ လမ်းအခြေအနေမှာ (၁၂)ပေ အကျယ်ကတ္တရာလမ်း (၃၇) မိုင် (၂)ဖာလုံ၊ (၁၈ - ၂၂)ပေအကျယ်ကတ္တရာလမ်း (၂၆၈)မိုင် (၁)ဖာလုံ၊ (၂၄)ပေအကျယ်ကတ္တရာလမ်း (၃) မိုင်(၂)ဖာလုံရှိပါကြောင်း။

မက်စ်မြန်မာဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်ရာတွင် (၂၂) ပေ အကျယ် ကတ္တရာလမ်း (၅၇)မိုင် (၅)ဖာလုံနှင့် (၁၈)ပေအကျယ်ကတ္တရာလမ်း (၁၂၂) မိုင် (၁)ဖာလုံ စုစုပေါင်း (၁၇၈)မိုင် (၆)ဖာလုံ ကတ္တရာထပ်ပိုးလွှာတင်ခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း၊ အဆင့်မြင့်နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို လမ်းမျက်နှာပြင် ပျက်စီးမှုအပိုင်းများတွင် ဖြည့်ခင်းဆောင်ရွက်လျက်ရှိပြီး လမ်းသွားချောမွေ့စေရေးအတွက် ကတ္တရာရေပိတ်လွှာ နှစ်ထပ်ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်-ပြည်-မကွေးလမ်း၏ မိုင်တိုင် ၂၂/၃ မှ ၈၀/၀ အထိ (၅၇) မိုင်(၅)ဖာလုံအား တစ်ဖက် (၃) ပေအကျယ် ဂဝံလမ်းပခုံးခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးဖြစ်၍ မိုင်တိုင် ၈၀/၀ မှ ၁၀၅/၀ အထိ (၂၅)မိုင်အား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကုန်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်အပိုင်းများအား အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် ရပ်နားလိုက်ပြီး နဝမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော် အစည်းအဝေး

လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့အာဏာထက်မြက်ရေးအတွက် ကျိုးနွံစွာဖော်ဆောင်ကြရန်တာဝန်ရှိ

နေပြည်တော် မတ် ၂၆

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့တွင် **ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်ဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားဥပဒေကြမ်းနှင့် မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့ကို လွှတ်တော်က ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုခဲ့သည်။

မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်သွင်းသည့် အစီအရင်ခံစာတွင် မြန်မာ့သတ္တုတွင်းဥပဒေကို(၁၉၉၄)ခုနှစ်က ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ပြောင်းလဲလာသည့် ခေတ်စနစ်အခြေအနေ၊ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် လိုက်လျောညီထွေမှုရှိစေရန်၊ နိုင်ငံခြားရင်နှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ဖြစ်ထွန်းစေရန်၊ သယံဇာတပေါများကြွယ်ဝသည့် နိုင်ငံဖြစ်သည်နှင့်အညီ လက်လုပ်လက်စား တစ်ပိုင်တစ်နိုင်မှစတင်၍ အသေးစား၊ အလတ်စား၊ အကြီးစား လုပ်ငန်းရှင်များအထိ ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်စေရန်၊ ခေတ်နှင့်လျော်ညီသည့် ပြစ်ဒဏ်များကိုလည်း ပြုပြင်ပြောင်းလဲသတ်မှတ်နိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ပြင်ဆင်သည့် ဥပဒေကြမ်းများကို တင်သွင်းခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် နိုင်ငံတော်၏ ရေမြေသဘာဝပတ်ဝန်းကျင်ကို ပျက်စီးမှုမရှိစေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးနှင့် ဓာတ်သတ္တုထုတ်လုပ်မှုများ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကို ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ရန် ဆိုသည့်အချက်ကိုပါထည့်သွင်းစဉ်းစား၍ ဥပဒေကြမ်း(၂)ရပ်ကို ပေါင်းစပ်ညှိနှိုင်းပြင်ဆင်ရေးဆွဲခဲ့ကြပါကြောင်း။

ဓာတ်သတ္တုများ၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းများကိုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊ ရောင်းချခြင်းနှင့်ဝယ်ယူခြင်းလုပ်ငန်းများကို ခွင့်ပြုမိန့်လျှောက်ထားခြင်းမှအစပြု၍ လုပ်ငန်းဆောင်ရွက်ခြင်း၊ လုပ်ငန်းစဉ်အဆင့်ဆင့်ကိုစနစ်တကျချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လုပ်ကွက်စိစစ်ချထားပေးရေး အဖွဲ့များကိုစနစ်တကျဖွဲ့စည်းဆောင်ရွက်ရန်အတွက်လည်းကောင်း၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော ဓာတ်သတ္တုခွန် အပါအဝင် အခွန်အခများကို အလေအလွင့်မရှိ စနစ်တကျ တိုးတက်ကောက်ခံနိုင်ရန်အတွက် လည်းကောင်း၊ ဝန်ကြီးဌာနနှင့် လုပ်ငန်းရှင်များ အကျိုးတူလုပ်ငန်း လုပ်ကိုင်ခြင်းအတွက် ထုတ်လုပ်မှုအပေါ်တွင် ရာခိုင်နှုန်းဖြင့်ခွဲဝေခံစားသည့်စနစ်၊ အကျိုးအမြတ်အပေါ် ခွဲဝေခံစားသည့်စနစ်၊ နှစ်ဦးနှစ်ဖက်ထည့်ဝင်မှုအပေါ် အခြေခံသည့် ခွဲဝေသည့်စနစ်များကို စည်းကမ်းတကျဆောင်ရွက်နိုင်ရန် အတွက်လည်းကောင်း အသေးစိတ်ပြင်ဆင်ရေးဆွဲခဲ့ပါကြောင်း။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောမော်ထွန်း

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် သတ္တုတွင်းဝန်ကြီးဌာနမှတင်သွင်းလာသည့် မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် အမျိုးသားလွှတ်တော် သတ္တုသယံဇာတကော်မတီမှ တင်သွင်းလာသည့် မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂)ရပ်စလုံးတွင် ပါရှိသည့်အချက်များကို စနစ်တကျ ပေါင်းစပ်ပြင်ဆင်၍ လက်တွေ့ဆောင်ရွက်ရာတွင် လစ်ဟာမှုမရှိစေရန် ညှိနှိုင်းပြင်ဆင်ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားခဲ့သော တည်ဆဲဥပဒေများကို မြန်မာဘာသာသို့ ပြန်ဆိုရန် ဥပဒေဘာသာပြန်ကော်မရှင်တစ်ရပ်ဖွဲ့စည်း၍လည်းကောင်း၊ လက်ရှိမြန်မာဘာသာဖြင့် ပြဋ္ဌာန်းနေသော တည်ဆဲဥပဒေများကို အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုထုတ်ပြန်ရေးကိစ္စကို ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း တာဝန်ပေးအပ်၍ ဆောင်ရွက်စေရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆို**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၃)ဦးတို့ကထောက်ခံဆွေးနွေးခဲ့ကြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်က ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အတည်ဖြစ်ပြီးနောက် ပြည်ထောင်စုလွှတ်တော်က အင်္ဂလိပ်ဘာသာဖြင့်ရှိနေသော တည်ဆဲဥပဒေ (၁၅၃)ခုကိုအင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ပြန်ဆိုရမည့် ကြီးမားသောတာဝန်တစ်ရပ်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနှင့် ဆောင်ရွက်ရန်အသင့်ရှိပါကြောင်း၊ ဘာသာပြန်ဆိုရမည့်တာဝန်ကို ထမ်းဆောင်ရန် လက်ရှိလူအင်အား အလုံအလောက်မရှိပါကြောင်း၊ ထို့ကြောင့် လူအင်အားတိုးချဲ့ခန့်ထားနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဥပဒေများကို ဘာသာပြန်ဆိုရာတွင် တိတိကျကျ ဘာသာပြန်ဆိုရမည်ဖြစ်သည့်အတွက် အချိန်အတိုင်းအတာ တစ်ခုအထိ လိုအပ်ကြောင်းကိုလည်း ပြောကြားလိုပါကြောင်း။

ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ (၄၅၀) အရ မြန်မာဘာသာသည်ရုံးသုံးဘာသာစကားဖြစ်သည်ဟု ပြဋ္ဌာန်းထားသည့်အပြင် ဥပဒေထုံးတမ်းစဉ်လာအရ ဥပဒေကို မသိနားမလည်ခြင်းကို ဥပဒေက ခွင့်မလွှတ်ပါဆိုသည့် ဆိုရိုးစကားလည်းရှိသောကြောင့် အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာ

စာမျက်နှာ ၁၀ သို့ ◆

ဒီမိုကရေစီထွန်းကားဖို့နဲ့ နိုင်ငံကြီးပွားတိုးတက်ဖို့အတွက် ဆင်ခြင်တုံတရားနဲ့ အမြော်အမြင်ကို လက်ကိုင်ပြုလျက် တာဝန်ထမ်းဆောင်ကြရမှာဖြစ်

☆ ရှေ့ဖုံးမှ

(၆) ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုနဲ့ လူမှုဖူလုံရေးဥပဒေကို ခေတ်နဲ့အညီ ပြန်လည်ပြုပြင်ရေးဆွဲပြီး ဥပဒေကြမ်း တင်သွင်းခြင်း၊ (၇)ပညာရေးနဲ့ ကျန်းမာရေး အဆင့်အတန်းမြှင့်တင်ရေးအတွက် ဥပဒေကြမ်းများ တင်သွင်းခြင်း၊ (၈) စတုတ္ထ မဏ္ဍိုင်ဖြစ်တဲ့ သတင်းမီဒီယာများနဲ့ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်း ချက်များနဲ့အညီ ခေတ်နဲ့မလျော်ညီတဲ့ စာပေစာနယ်ဇင်းဆိုင်ရာ ဥပဒေအချို့ကို ပြင်ဆင်ခြင်း၊ (၉)သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများပြဋ္ဌာန်းခြင်း၊ စက်မှုလက်မှုလုပ်ငန်း သတ္တုတူးဖော်ရေးလုပ်ငန်းများနဲ့ ပတ်သက်တဲ့ ဥပဒေတွေကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလိုအပ်ချက်များနဲ့ ကိုက်ညီအောင် ပြန်လည် ပြင်ဆင်ခြင်း၊ (၁၀)ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာတဲ့ မမျှော်မှန်းနိုင်တဲ့ သဘာဝဘေးအန္တရာယ်များနဲ့ပတ်သက်ပြီး ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင် ရေးနဲ့ သဘာဝဘေးအန္တရာယ် ရေရှည်ကာကွယ်နိုင်ရေးတို့အတွက် လိုအပ်တဲ့ အစီအမံတွေကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းလိုခြင်း တို့ပဲဖြစ်ပါတယ်။ သုံးနှစ်ပြည့်မြောက်ပြီဖြစ်တဲ့ ဒီကနေ့ဒီအချိန်မှာ ကျွန်တော်တို့ ဘယ်လောက်ဖော်ဆောင်နိုင်ခဲ့ပြီလဲဆိုတာ ဖြစ်ပေါ်လာတဲ့ရလဒ်တွေက သက်သေပဲ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ သုံးနှစ်က ဒီနေရာမှာ ကျွန်တော်တို့ ဖော်ဆောင်သွားမယ့် ဈေးကွက် စီးပွားရေးစနစ်နဲ့ပတ်သက်ပြီး နိုင်ငံနဲ့ပြည်သူ့ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုကာ ဖွင့်သင့်တာဖွင့်၊ ပြင်သင့်တာပြင်၊ ဖိတ်ခေါ်သင့်တာ ဖိတ်ခေါ်ပြီး ဆောင်ရွက်သွား မယ်ဆိုတာ ပြောကြားခဲ့ပါတယ်။ နိုင်ငံတော်မှာ လိုအပ်နေတဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေနဲ့ နည်းပညာကျွမ်းကျင်မှုတွေ ရရှိစေဖို့ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို တိုးမြှင့်ဆွဲဆောင်ပြီး အထူးစီးပွားရေးဇုန်တွေ ထူထောင်ကာ ဖော်ဆောင်သွားမှာ ဖြစ်ကြောင်းနဲ့ တိုင်းရင်းသားလုပ်ငန်းရှင်များရဲ့ ကုန်ထုတ်လုပ်ငန်းတွေ ဖွံ့ဖြိုး တိုးတက်အောင် ကူညီဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒီကနေ့ ဒီအချိန်မှာ ဈေးကွက်ယန္တရား ခိုင်မာအားကောင်းခြင်းမရှိသေးသော် လည်း လိုအပ်တဲ့ အင်စတီကျူးရှင်းတွေ ထူထောင်ခဲ့ပြီးတဲ့နောက် စီးပွားရေးစနစ် အခြေခံတွေ ပြောင်းလဲသွားပြီဖြစ်သလို နှစ်ပေါင်းများစွာ ပျောက်ဆုံးနေခဲ့တဲ့ ဈေးကွက်နဲ့ ပုဂ္ဂလိကရဲ့ အခန်းကဏ္ဍဟာလည်း ပြန်လည်နိုးထလာပြီဖြစ်ပါတယ်။

အလားတူ အစိုးရနဲ့ အတိုက်အခံဆိုတဲ့ ပဋိပက္ခအသွင်ဆောင်တဲ့ အမြင် သဘောထားတွေကို ကိုင်စွဲခြင်းမပြုဘဲ အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံ ပြီးလုပ်ဖော်ကိုင်ဖက်များအဖြစ် သဘောထားကာ လက်တွဲဆောင်ရွက်သွားကြဖို့ တိုက်တွန်းခဲ့ပါတယ်။ သုံးနှစ်တာပြည့်မြောက်တဲ့ဒီအချိန်မှာ လုပ်ဖော်ကိုင်ဖက်အသွင် နိုင်ငံရေးယဉ်ကျေးမှုအသစ်ကို ကျွန်တော်တို့ ဖော်ဆောင်နိုင်ခဲ့ပြီဆိုတာကို အထင် အရှားတွေ့နေရပြီဖြစ်ပါတယ်။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုပြုလုပ်ရာမှာ ပါဝင်သင့်သူ နိုင်ငံသားအားလုံး ပါဝင်နိုင်စေရန် ရည်ရွယ်ချက်နဲ့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နဲ့ လွတ်ငြိမ်းချမ်းသာခွင့် (၄၉)ကြိမ်ပေးခဲ့ပြီး အကျဉ်းသား ၆၈၀၀၀ ကျော်ကို လွတ်ပေးခဲ့ပါသည်။ ဒို့ပြင် အကြောင်းအမျိုးမျိုးနဲ့ ပြည်ပနိုင်ငံများသို့ရောက်ရှိပြီး ပြန်လာဖို့ခက်ခဲနေတဲ့ မိမိ နိုင်ငံသားများ မိခင်နိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက်ကိုလည်း အဆင့်ဆင့် ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါတယ်။ အကျိုးရလဒ်အနေနဲ့ အကျဉ်းကျခံရာမှ လွတ်မြောက်သူ ပုဂ္ဂိုလ်အချို့၊ နိုင်ငံအတွင်းပြန်ဝင်လာတဲ့ နိုင်ငံသားအသိပညာရှင်၊ အတတ်ပညာရှင်တွေကိုယ်တိုင် နိုင်ငံတည်ဆောက်ရေးတွေမှာ ကောင်းမွန်စွာ ရှင်သန်နေတာကို တွေ့မြင်နေကြပြီဖြစ်ပါတယ်။

လွန်ခဲ့တဲ့ သုံးနှစ်က ဒီနေရာမှာ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွေအပေါ် အပြုသဘော မမြင်နိုင်သေးတဲ့ နိုင်ငံအချို့ကိုလည်း ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဒီမိုကရေစီစနစ်ကို မှန်မှန် ကန်ကန် အနှစ်သာရရှိရှိကျင့်သုံးဖော်ဆောင်နိုင်အောင် ကြိုးပမ်းစွမ်းဆောင်ဖို့ စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်တယ်ဆိုတာ ပွင့်လင်းစွာပြောကြားခဲ့ပါတယ်။ ဒီကနေ့ ဒီအချိန်မှာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဟာ ဘယ်လိုအခြေအနေ ဘယ်ခရီးအထိ ရောက်ရှိနေပြီဆိုတာကို ထုတ်ဖော်ပြောကြားစရာမလိုအောင် မြင်တွေ့နေကြပြီဖြစ်ပါတယ်။

နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှုများကြောင့် နိုင်ငံတကာမှ မြန်မာ နိုင်ငံနဲ့ သံတမန်ဆက်ဆံမှုထူထောင်ရန် ကမ်းလှမ်းလာမှုများ သိသိသာသာ တိုးမြင့်လာခဲ့ပါတယ်။ နိုင်ငံတကာမှ နိုင်ငံ့ခေါင်းဆောင်များလည်း မြန်မာနိုင်ငံ သို့ တရားဝင်ချစ်ကြည်ရေးခရီးများ မကြာခဏ လာရောက်လျက်ရှိကြပါတယ်။ ယခင်က မြန်မာနိုင်ငံနဲ့ သံတမန်ဆက်ဆံမှု ထူထောင်ထားရှိသော နိုင်ငံပေါင်း ၁၀၃ နိုင်ငံရှိခဲ့ရာမှ ယခုအချိန်တွင် ၁၁၅ နိုင်ငံထိ တိုးမြှင့်ထူထောင်နိုင်ခဲ့ပြီဖြစ်ပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား-

လွန်ခဲ့တဲ့ သုံးနှစ်က ကျွန်တော်တို့ပြုခဲ့တဲ့ ကတိကဝတ်တွေနဲ့ စပ်လျဉ်းပြီး ဒီကနေ့ ဒီအချိန်မှာ ဘယ်လောက်အတိုင်းအတာအထိ ပြည့်မြောက်ခဲ့ပြီလဲဆိုတဲ့ ပကတိအခြေအနေမှန်အဖြစ် ကျွန်တော်တို့ လျှောက်လှမ်းခဲ့တဲ့ခရီးက ပြသနေပြီ ဖြစ်ပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ ပြိုလဲခဲ့ရတဲ့ ကမ္ဘာ့နိုင်ငံတွေ၊ ဒီမိုကရေစီကူးပြောင်းပြီးသော်လည်း မတည်မငြိမ်မှုတွေ ကြုံတွေ့နေရတဲ့ ကမ္ဘာ့နိုင်ငံတွေနဲ့ နှိုင်းယှဉ်ချိန်ထိုးပြီး ကျွန်တော်တို့နိုင်ငံအပေါ် အကဲဖြတ်ခဲ့ကြ ပါတယ်။ ဒီသမိုင်းမှတ်တမ်းမှာ တက်တက်ကြွကြွပါဝင်ခဲ့ကြတဲ့ နာယကကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက လွှတ်တော်ကိုယ်စားလှယ်များအားလုံးနဲ့ ရဟန်းရှင်လူ ပြည်သူအားလုံးတို့ကို နိုင်ငံတော်ရဲ့ကိုယ်စား ကျေးဇူးအထူးတင်ရှိကြောင်း ဒီနေရာကနေ ချီးကျူးဂုဏ်ပြု လိုက်ပါတယ်။

ကျွန်တော်တို့အစိုးရသစ်ဟာ ပြည်သူလူထုရဲ့ အဓိကဆန္ဒကြီးနှစ်ရပ်ဖြစ်တဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဖော်ဆောင်ဖို့ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးယန္တရား ပြုပြင်ပြောင်းလဲ မှုနဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုတို့ကို အဆင့်အဆင့် ဆောင်ရွက်ခဲ့ပါတယ်။ စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်တဲ့အခါမှာ ဈေးကွက်စီးပွားရေးကို သွားနိုင်ဖို့ မက်ခရိုစီးပွားရေးတည်ငြိမ်မှုအတွက် အခက်အခဲဖြစ်စေတဲ့ ကြွေးမြီဟောင်းတွေ၊ ပိတ်ဆို့မှုအခက်အခဲတွေကို [illegible] ငွေကြေးရန်ပုံငွေအဖွဲ့နဲ့ [illegible] လက်ခံနိုင်တဲ့ပြုပြင်ပြောင်းလဲရေးအစီ အစဉ်တစ်ရပ် ရေးဆွဲခဲ့ပါတယ်။

၂၀၁၂ ခုနှစ် နှစ်လယ်ပိုင်းမှာ စတင်ရေးဆွဲခဲ့တဲ့ ကျွန်တော်တို့နိုင်ငံရဲ့ လူမှုစီးပွား ပြုပြင်ပြောင်းလဲရေးမူဘောင်(Framework of Economic Social Reform-FESR) ကို ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းမှာအတည်ပြုနိုင်ခဲ့ပြီး နိုင်ငံတကာအဖွဲ့အစည်း တွေနဲ့ ပြည်ပအစိုးရတွေကို ရှင်းလင်းနိုင်ဖို့ **မြန်မာ့ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက် ရေးဖိုရမ်**ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလက နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ မိမိ နိုင်ငံဆိုင်ရာ ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ နိုင်ငံခြားအစိုးရအေဂျင်စီများ [illegible]

ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲမှုတွေကို နိုင်ငံတကာအသိုက်အဝန်းက အသိ အမှတ်ပြု [illegible]

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

[illegible]

ပိတ်ဆို့အရေးယူမှုတွေ ဖယ်ရှားနိုင်ခဲ့ခြင်း၊ အကျိုးဆက်အားဖြင့် ကုန်သွယ်မှု အထူးအခွင့်အရေး(Generalized System Preferences-GSP)တွေ ပြန်လည် ရရှိလာခဲ့ပြီး [illegible] ၂၀၁၃ ခုနှစ် [illegible]

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

ပြင်ပကမ္ဘာကို [illegible] လုပ်သားအခွင့်အရေး [illegible]

တစ်ဆက်တည်းမှာပဲ [illegible]

သမားနဲ့ အလုပ်ရှင်များရေရှည်အကျိုးအတွက် ပြဋ္ဌာန်းရန်ကျန်ရှိနေသေးတဲ့ ဥပဒေ များ ပြဋ္ဌာန်းရေးအတွက်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရနဲ့ အလုပ် သမားဆိုင်ရာအဖွဲ့အစည်းများပူးပေါင်းပြီး ဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းအပ်ပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ စီးဝင်လာဖို့အတွက် အခွင့်အလမ်းနဲ့ ဆွဲဆောင်မှု ရှိစေမယ့် ဥပဒေများကို ပြဋ္ဌာန်းပေးခဲ့သလို နိုင်ငံတကာရင်းနှီးမြှုပ်နှံသူတွေကို ကာကွယ်စောင့်ရှောက်နိုင်မယ့် နိုင်ငံတကာပြဋ္ဌာန်းချက်များနဲ့ ညီညွတ်အောင်လည်း အဆင့်ဆင့်ဆောင်ရွက်ပေးခဲ့ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကိုလေ့လာ ကြည့်ရင် ပထမဆုံးလေ့လာရေးအဖြစ် လာရောက်ကြပါတယ်။ ဒုတိယအနေနဲ့ ဖြစ်နိုင်ခြေနယ်ပယ်တွေသုတေသနပြုကြပါတယ်။ တတိယအဆင့်ရောက်မှ ရင်းနှီး မြှုပ်နှံကြတာဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲမှုတွေ စတင်ပြုလုပ်ခဲ့တဲ့ ၂၀၁၁ ခုနှစ်မှာ ပြည်တွင်းစီးပွားရေးအခင်းအကျင်းတွေ ပြောင်းလဲလာအောင် စဉ်တိုက်ဆက်တိုက် အလေးပေးဆောင်ရွက်ခဲ့ရပါတယ်။ ပိတ်ဆို့အရေးယူမှုတွေ ဖြေလျှော့ပေးလာခဲ့တဲ့ ၂၀၁၂ ခုနှစ်မှာ ရင်းနှီးမြှုပ်နှံဖို့လာရောက်စူးစမ်းလေ့လာကြတာတွေ အမြောက် အမြား လာရောက်ခဲ့ကြပါတယ်။ ၂၀၁၃ ခုနှစ်မှာတော့ ရင်းနှီးမြှုပ်နှံမှုတွေစတင်ပြီး ဝင်ရောက်လာခဲ့ပါပြီ။ အရင်တုန်းက ပိတ်ဆို့မှုတွေကြောင့် သယံဇာတထုတ်ယူရေး နယ်ပယ်မှာပဲ ရင်းနှီးမြှုပ်နှံမှုတွေ အများစုတည်ရှိခဲ့တဲ့ ကျွန်တော်တို့နိုင်ငံဟာ အခု ဆိုရင် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားပြောင်းလဲလာခဲ့ပါပြီ။ ၂၀၁၂ ခုနှစ်မှာ ပြည်ပရင်းနှီး မြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံဝင်ရောက်ခဲ့ပြီးတော့ ၂၀၁၃ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံအထိ တိုးတက်ဝင်ရောက် လာပါတယ်။ ၂၀၁၃ ခုနှစ်မှာ ကုန်ထုတ်လုပ်မှု၊ ဟိုတယ်လုပ်ငန်းတွေမှာ အလုံး အရင်းနဲ့ လာရောက်ရင်းနှီးမြှုပ်နှံလာခဲ့ပြီးတော့ ဒီနှစ်ဆိုရင် တယ်လီကွန်းကဏ္ဍ၊ လေဆိပ်စီမံကိန်းတွေနဲ့ အထူးစီးပွားရေးဇုန်တွေ၊ အထည်ချုပ်လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုပြီးစီးဝင်လာဖို့ရှိလာပြီဖြစ်ပါတယ်။

တွေကို ရှာဖွေဖြေရှင်းပေးလျက်ရှိပါတယ်။ ဒီပြဿနာတွေရဲ့ နောက်ကွယ်မှာ နိုင်ငံရေးအမြတ်ထုတ်မှုတွေ၊ ကိုယ်ကျိုးစီးပွားပုံဖော်မှုတွေနဲ့ ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်နေကြတာတွေကိုလည်း တွေ့မြင်နေရပါတယ်။ ကျွန်တော်တို့မှာ ဖြေရှင်း ပေးဖို့ တာဝန်ရှိတယ်ဆိုတာကို လက်ခံပါတယ်။ သိမ်းဆည်း လယ်ယာမြေတွေကို မူလသိမ်းဆည်းခံ ပြည်သူတွေဆီကို ပြန်လည်လွှဲပြောင်းပေးရာမှာ ပိုင်ဆိုင်မှုခိုင်မာ စေဖို့အတွက် တည်ဆဲဥပဒေများနဲ့အညီ အချိန်ယူဆောင်ရွက်ပေးရပါတယ်။ ပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုတွေကို ဖြေရှင်းဆောင်ရွက်နိုင်ဖို့ မြို့နယ်အလိုက် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီရုံးတွေ ဖွင့်လှစ်ပြီး ဖြေရှင်းပေးနေပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း ဒီအဖွဲ့တွေနဲ့ ပူးပေါင်းပြီး တရားမျှတမှု အတွက် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း အလျဉ်းသင့်တုန်း တိုက်တွန်းပြောကြား လိုပါတယ်။

ပြည်သူများရဲ့နောက်ထပ်လိုအင်ဆန္ဒတစ်ရပ်ကတော့ တည်ငြိမ်အေးချမ်းရေး ဖြစ်ပါတယ်။ ပြည်သူတွေ မျှော်လင့်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ပြည်ထောင်စုအဆင့်မှာ ဗဟိုကော်မတီနဲ့ လုပ်ငန်းကော်မတီတွေဖွဲ့စည်းခဲ့ပါတယ်။ ဒီကော်မတီတွေရဲ့အောက်မှာ Myanmar Peace Center ကို ဖွဲ့စည်းပြီး ငြိမ်းချမ်းရေးစားပွဲဝိုင်းတွေ၊ အကြိုဆွေးနွေးပွဲတွေ၊ ငြိမ်းချမ်းရေးအသိပညာပေးမှုတွေ ဖြစ်ပေါ်လာအောင် နည်းပညာနဲ့ အတွေ့အကြုံ ကောင်းတွေကို မျှဝေဖော်ဆောင်ပေးလျက်ရှိပါတယ်။ မကြာခင်အချိန်မှာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးကြဖို့အထိ အစိုးရနဲ့ လက်နက်ကိုင် တိုင်းရင်းသားခေါင်းဆောင်တွေအကြား သဘောတူညီချက်တွေ ရရှိ ထားပြီဖြစ်ပါတယ်။ နယ်မြေဒေသ မငြိမ်းချမ်းမှုရဲ့ အကျိုးဆက်အနေနဲ့ မူးယစ် ဆေးဝါးရောင်းဝယ်မှုတွေ၊ ဘိန်းစိုက်ပျိုးမှုတွေ၊ လူကုန်ကူးမှုတွေဖြစ်ပေါ်ဆဲပဲ ဖြစ်ပါတယ်။ လူငယ်အချို့ အနာဂတ်ပျောက်နေဆဲဖြစ်ပါတယ်။ ဒီကနေ့ ဒီအချိန်မှာ ငြိမ်းချမ်းရေးကို အမှန်တကယ်ရယူနိုင်မယ့် အကောင်းဆုံးအချိန်ကို ကျွန်တော်တို့

ကျွန်တော်တို့ ဒီကနေ့ အစပြုဖော်ဆောင်နေတဲ့ ဒီမိုကရေစီနဲ့ဖွံ့ဖြိုးရေးကို လွှဲပြောင်းတာဝန် ထမ်းဆောင်မယ့် လူငယ်တွေအနေနဲ့ ဗလငါးတန်ပြည့်စုံစွာနဲ့ နိုင်ငံ့သားကောင်းတွေ ဖြစ်လာရေးဟာ အလွန်ပဲအရေးကြီးပါတယ်။ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီးကို ယုံယုံကြည်ကြည်လွှဲအပ်နိုင်တဲ့ ဘက်စုံထူးချွန်တဲ့ နိုင်ငံ့သားကောင်းတွေဖြစ်လာအောင် မြေတောင်မြှောက်ပေးကြရမှာဖြစ်။

သယံဇာတထုတ်ယူရေးနယ်ပယ်မှာပဲ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်ခဲ့တဲ့ အနေအထားကနေ ဝန်ဆောင်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း တွေမှာ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ မြင့်မားလာနေတာဟာ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုအနေအထား ပြောင်းလဲသွားစေခဲ့တာကို တွေ့ရှိနိုင်ပါတယ်။ သယံဇာတ တူးဖော်ရေးလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံကြတာတွေနဲ့ ပတ်သက်လို့ သဘာဝပတ်ဝန်းကျင်နဲ့ လူမှုစီးပွားရေးအပေါ် သက်ရောက်နိုင်တာတွေအတွက်လည်း တာဝန်သိ၊ တာဝန်ခံတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဖြစ်လာစေဖို့ ဆောင်ရွက်သွားမယ့် ကျွန်တော်တို့အစိုးရရဲ့ကတိကဝတ်ကို EITI(Extractive Industries Transparency Initiative) အဖွဲ့ဝင်နိုင်ငံဖြစ်လာအောင် ကြိုးပမ်းမှုဖြင့် သက်သေပြလျက်ရှိပါတယ်။

ဘဏ်လုပ်ငန်းတွေ၊ အခွန်အကောက်စနစ်တွေ၊ အနိမ့်ဆုံးလုပ်ခသတ်မှတ်မယ့် အခြေအနေတွေ၊ အခြေခံအဆောက်အအုံတွေ အစရှိတဲ့ ယုံကြည်စိတ်ချရတဲ့ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ဖြစ်ဖို့ သိသာမြင်သာတဲ့ အပြောင်းအလဲတွေ လုပ်ရတာ ရှိသလို ပြည်သူလူထု အလွယ်တကူ မမြင်နိုင်တဲ့ Soft Infrastructure တွေ တည်ဆောက်ရတာမျိုးတွေကိုလည်း တစ်ပြိုင်တည်း ဖော်ဆောင်ခဲ့ရတာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနွေးကွေးနေတဲ့အချိန်မှာ ထွန်းသစ်စ ဈေးကွက်တစ်ခုအနေနဲ့ ရင်းနှီးမြှုပ်နှံမှု နယ်ပယ်ကောင်းတစ်ခုဖြစ်လာအောင် ကျွန်တော်တို့ ဝိုင်းဝန်းကြိုးစားဖို့လိုပါတယ်။ အသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်း တွေ တိုးတက်ဖွံ့ဖြိုးလာအောင်၊ စိတ်ကူးစိတ်သန်းသာရှိပြီး ငွေကြေးအရင်းအနှီးမရှိလို့ အခက်အခဲဖြစ်နေတဲ့ လူငယ်မျိုးဆက်သစ်တွေ အစွမ်းရှိသမျှ လုပ်နိုင်ကိုင်နိုင်အောင် စီမံကိန်းအရင်းအနှီး ဖြည့်ဆည်းပေးရေးအတွက် နိုင်ငံတော်နဲ့ ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်သွားဖို့ ရည်ရွယ်ထားရှိပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ပို့ကုန်မဟာဗျူဟာရဲ့ အချက်အချာဖြစ်တဲ့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ လယ်သမားအခြေပြု လူမှုအဖွဲ့အစည်းတွေ၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေ နားလည်မှုရှိရှိ ပူးပေါင်းပြီး မြန်မာနိုင်ငံတစ်နံတစ်လျားမှာ Farmer Center တွေ ဖွင့်လှစ်နိုင်အောင် စီစဉ်ဆောင် ရွက်သွားမှာဖြစ်ပါတယ်။ လယ်သမားတွေရဲ့ နေ့စဉ်လူမှုစီးပွားဘဝ တိုးမြှင့်ဖို့အစီ အစဉ်များ ပါရှိပါတယ်။

လယ်ယာမြေအငြင်းပွားမှုတွေနဲ့ ပတ်သက်လို့လည်း ဒီလွှတ်တော်ကြီးက တိုက်တွန်းတဲ့အတိုင်း ဒုတိယသမ္မတတစ်ဦး ဦးဆောင်ပြီး ဖြေရှင်းဆောင်ရွက်လျက် ရှိပြီး ဆောင်ရွက်ပြီးစီးမှုအခြေအနေတွေကို လွှတ်တော်သို့ ပေးပို့တင်ပြလျက်ရှိပါတယ်။ ယခင်အစိုးရခေတ်ကာလများမှာ အခြေအနေ၊ အချိန်အခါအရ ဆောင်ရွက်ခဲ့တဲ့ ကိစ္စတွေ ဖြစ်ပေမယ့်လည်း ခေတ်ပြောင်းစနစ်ပြောင်းအခြေအနေတွေ ပြောင်းလဲခဲ့ပြီ ဖြစ်တဲ့ ကျွန်တော်တို့ လက်ထက်မှာ တရားမျှတမှုအတွက် အသင့်လျော်ဆုံး နည်းလမ်း

ရောက်ရှိနေပါပြီ။ အနာဂတ်မျိုးဆက်သစ်တွေအတွက် အေးချမ်းတည်ငြိမ်ပြီး မျှော်လင့်ချက်ပြည့်ဝတဲ့ လူနေမှုဝန်းကျင်သစ်ကို ပူးပေါင်း ဖော်ဆောင်ကြဖို့ တိုက်တွန်း အပ်ပါတယ်။

ငြိမ်းချမ်းသွားတဲ့ တိုင်းရင်းသားဒေသတွေမှာ ဘိန်းအစားထိုးဝင်ငွေရရှိမယ့် လုပ်ငန်းတွေကို နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ကြပြီး စက်မှုဇုန် တွေ၊ စီးပွားရေးဇုန်တွေ ပေါ်ထွန်းလာအောင်လည်း ကြိုးပမ်းဆောင်ရွက်သွားကြရ မှာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ဒီဒေသတွေမှာ မြေမြှုပ်မိုင်းရှင်းလင်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး၊ စီးပွားရေးအခြေခံတွေရရှိစေဖို့ အင်တိုက် အားတိုက် ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကြန့်ကြာ တာနဲ့အမျှ သက်ဆိုင်တဲ့ တိုင်းရင်းသားတွေရဲ့ အနာဂတ်ဟာ မျှော်လင့်ချက်မဲ့သွား နိုင်တာကို ကျွန်တော်တို့ အထူးဂရုပြုကြဖို့ လိုပါတယ်။ နှစ်ပေါင်း ၆၀ ကျော်ကြာခဲ့တဲ့ ပြည်တွင်းစစ်မီးလျှံတွေကို မကြာမီကာလမှာ နိဂုံးချုပ်နိုင်လိမ့်မယ်လို့အခိုင်အမာ ယုံကြည်ထားပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

ကျွန်တော်တို့အစိုးရအနေနဲ့ လက်တွေ့ကျတဲ့ အမျိုးသားပညာရေးပြုပြင် ပြောင်းလဲမှုကို လက်တွေ့ကျကျကြိုးပမ်းဖော်ဆောင်နိုင်ဖို့ ကြိုးစားနေပါတယ်။ ဒီနေရာမှာ မရှိမဖြစ်အဓိကလိုအပ်လျက်ရှိတဲ့ **အမျိုးသားပညာရေးဥပဒေ**ပြဋ္ဌာန်းနိုင် ရေးအတွက် စေတနာထက်သန်စွာဖြင့် ပူးပေါင်းဆောင်ရွက်ပေးသော ပြည်သူ့ လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီဝင်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန် ရှိသူများ၊ ပညာရေးနယ်ပယ်ရှိ ကျွမ်းကျင်ပညာရှင်များနဲ့ ပါဝင်ကူညီကြတဲ့အဖွဲ့ အစည်းများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ ဒီကနေ့ အစပြုဖော်ဆောင်နေတဲ့ ဒီမိုကရေစီနဲ့ဖွံ့ဖြိုးရေးကို လွှဲပြောင်းတာဝန် ထမ်းဆောင်မယ့် လူငယ်တွေအနေနဲ့ ဗလငါးတန်ပြည့်စုံစွာနဲ့ နိုင်ငံ့သားကောင်းတွေ ဖြစ်လာရေးဟာ အလွန်ပဲအရေးကြီးပါတယ်။ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီး ကို ယုံယုံကြည်ကြည်လွှဲအပ်နိုင်တဲ့ ဘက်စုံထူးချွန်တဲ့ နိုင်ငံ့သားကောင်းတွေဖြစ်လာ အောင် မြေတောင်မြှောက်ပေးကြရမှာဖြစ်ပါတယ်။

မကြာမီက ကျင်းပခဲ့တဲ့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲမှာ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေဟာ ဆုတံဆိပ်ပေါင်း ၂၃၃ ခု ရယူပေးခဲ့ပါတယ်။ အလားတူ အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲမှာလည်း ဆုတံဆိပ် ၉၆ ခု ရယူပေးခဲ့ပါတယ်။ ဒီလူငယ်တွေလျှောက်သင့်တဲ့ ချောမွေ့တဲ့ လမ်းကြောင်းအမှန်ကို ကျွန်တော်တို့ ခင်းပေးကြရပါမယ်။ ကျောင်းသားတွေရဲ့ အရေးအရာကိစ္စတွေကို ကျောင်းသားတွေကိုယ်တိုင် မြှင့်တင်နိုင်ဖို့အတွက်လည်း ကျွန်တော်တို့ စီမံလေ့ကျင့်ပေးကြရပါမယ်။

ကျွန်တော်တို့ ကျောင်းသားလူငယ်တွေဟာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ရမှာ ဖြစ်ပါတယ်။ အာဆီယံလူငယ်တွေနဲ့ ကူးလူးဆက်သွယ် နီးနှောဖလှယ်ပြီး အာဆီယံ လူငယ်ဖိုရမ်တွေကို ဦးဆောင်ကြရမှာဖြစ်ပါတယ်။ Youth Center ကိုလည်း ရန်ကုန်မှာ ဖွဲ့စည်းတည်ထောင်နိုင်ဖို့ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း အသိပေး လိုက်ပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

ကျွန်တော်တို့ ဒီကနေ့ ဖော်ဆောင်နေတဲ့ ပြည်သူလူထုဗဟိုပြုစီမံခန့်ခွဲမှု တွေဟာ ဒီကနေ့ဆိုရင် အသီးအပွင့်တွေစတင်ခံစားနေကြရပါပြီ။ ဒီလွှတ်တော်ကြီးမှာ ဆွေးနွေးညှိနှိုင်းခွင့်ပြုပေးခဲ့လို့ နှစ်စဉ် နှစ်ရာခိုင်နှုန်းတိုးမြှင့်သုံးစွဲခဲ့တဲ့ ကျန်းမာရေး အသုံးစရိတ်တွေဟာ ဒီကနေ့ ဒီအချိန်မှာ ပြည်သူတွေအကြားကို ပျံ့နှံ့သွားခဲ့ပြီး ထိထိရောက်ရောက်အကျိုးပြုနေပြီဖြစ်ပါတယ်။ အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမမီတဲ့ဒေသတွေကို အလေးထားပြီးစောင့်ရှောက်မှုမြှင့်တင်သွားကြဖို့ ဖြစ်ပါတယ်။ ဒီအတွက်ဝေးလံတဲ့ ကျေးလက်ဒေသများနဲ့ မြို့ပြဆင်ခြေဖုံးဒေသများကို ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်စေဖို့ ရည်ရွယ်ပြီး အတွေ့အကြုံနဲ့ ကျွမ်းကျင်မှုတွေရှိတဲ့ နိုင်ငံ့ဝန်ထမ်းဟောင်းများ၊ အရပ်သားပညာရှင်များဖြင့် ပါဝင် ဖွဲ့စည်းထားတဲ့ **ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း**ကိုလည်း ၂၀၁၂ ခုနှစ်မှာ စတင် ဖွဲ့စည်းတာဝန်ပေးပြီး ဆောင်ရွက်စေလျက်ရှိပါတယ်။

ပြည်သူလူထုဗဟိုပြုပြည်သူ့ရေးရာဝန်ဆောင်မှုတွေကို အမှန်တကယ်စေတနာ ပါပါနဲ့ ဆောင်ရွက်တဲ့အခါမှာ ထိရောက်အောင်မြင်တာ တွေ့ရှိရပါတယ်။ ပြုပြင် ပြောင်းလဲမှုတွေ ဘယ်လောက်ထိရောက်သလဲဆိုတာကို တိုင်းတာတဲ့ တစ်မျိုးသားလုံး ဂျီဒီပီတိုးတက်မှုနှုန်းထားကို ပြန်ကြည့်ရင် ငါးရာခိုင်နှုန်းအောက်မကျဘဲ ထပ်ဆင့် တိုးတက်နေအောင် ကျွန်တော်တို့ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လမ်းကြောင်းမှန်ပေါ် ရောက်ရှိနေတဲ့ ပြုပြင်ပြောင်းလဲရေးကို အရှိန်အဟုန်မြှင့်တင်တဲ့အနေနဲ့ ဒုတိယ ဝန်ကြီးတွေကို ဆပ်ကော်မတီ (၂၇)ခုဖွဲ့စည်းပေးပြီး လပေါင်း ၃၀ ရည်မှန်းချက် တွေအတွက် တာဝန်တွေ တိတိကျကျပေးအပ်ထားပြီး အောက်ခြေပြည်သူတွေကြား အထိဆင်းပြီး ဆောင်ရွက်စေလျက်ရှိပါတယ်။ နိုင်ငံတော် ဘတ်ဂျက်ရေးဆွဲတဲ့နေရာ မှာလည်း ဗဟိုကနေ စီမံကိန်းရေးဆွဲပြီး လျာထားတဲ့စနစ်အစား **ပြည်သူလူထုဗဟိုပြု ဘတ်ဂျက်ရေးဆွဲတဲ့စနစ်**ဖြစ်လာအောင် ဒီကနေ့ ကျွန်တော်တို့ပြောင်းလဲနိုင်ခဲ့ပါပြီ။ မြို့နယ်အလိုက် ဖွဲ့စည်းထားပြီးဖြစ်တဲ့ အထောက်အကူပြုကော်မတီတွေ၊ မြို့မိမြို့ ဖတွေ၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီး မြို့နယ် အတွက် လိုအပ်ချက်တွေကို ဦးစားပေးအလိုက် ခွဲခြားသတ်မှတ်ပြီး ဆောင်ရွက်တဲ့ ဘတ်ဂျတ်ရေးဆွဲမှုစနစ်သစ်ကို စတင်ဖော်ဆောင်နေပြီဖြစ်ပါတယ်။ ပြည်သူတွေ လိုလားတဲ့ မြို့နယ်စီမံကိန်းတွေကို ပြည်သူတွေကိုယ်တိုင် ရွေးချယ်ဆောင်ရွက်နိုင် အောင် လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

ပြီးခဲ့တဲ့သုံးနှစ်တာကာလမှာ ကျွန်တော်တို့နိုင်ငံကို လုပ်နိုင်ပါ့မလား၊ နောက် ကြောင်း ပြန်လှည့်မှာလားဆိုတဲ့ သံသယမျက်လုံးတွေနဲ့ နိုင်ငံတကာအသိုက်အဝန်းက စောင့်ကြည့်ခဲ့ကြပါတယ်။ သုံးနှစ်တာခရီးမှာ မမျှော်လင့်တဲ့ စိန်ခေါ်မှုတွေ၊ အခက် အခဲတွေ၊ အကျပ်အတည်းတွေကို ကျွန်တော်တို့ရင်ဆိုင်ခဲ့ရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့လမ်းကြောင်းပေါ်က ချော်ထွက်မသွားခဲ့ပါဘူး။ လမ်းကြောင်းမှန်ပေါ်မှာ ရှေ့သို့ခရီးပေါက်အောင် လျှောက်လှမ်းနိုင်ခဲ့ပါတယ်။ ကမ္ဘာ့နိုင်ငံတွေရဲ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဖြစ်စဉ်တွေကို လေ့လာကြည့်ရင် လမ်းကြောင်းသွေဖည်သွား လိုက်တာနဲ့ ပန်းတိုင်နဲ့အလှမ်းဝေးကွာခဲ့တဲ့ဖြစ်စဉ်တွေ အများကြီးတွေ့ရှိနိုင်ပါတယ်။ နောက်ကြောင်းပြန်မလှည့်ဘဲ ရှေ့သို့ဆက်လျှောက်မယ်ဆိုတဲ့ သန္နိဋ္ဌာန်စိတ်နဲ့ ကြိုးပမ်းအားထုတ်လျှောက်လှမ်းခဲ့တဲ့ရလဒ်ကို မြင်တွေ့နေရပြီဖြစ်ပါတယ်။

ဒီကနေ့ဒီအချိန်မှာ နိုင်ငံနဲ့ပြည်သူအားလုံး ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာကောင်းတဲ့ အခြေအနေသစ်တစ်ရပ်ကို ကျွန်တော်တို့အားလုံး ဝိုင်းဝန်းဖန်တီးနိုင်ခဲ့ပါပြီ။ အမြင် မတူမှုတွေ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းမှာ ကြီးမားတဲ့ မတူကွဲပြားမှုတွေကို နိုင်ငံရေး ကျင့်စဉ်ကောင်းတွေကို အရင်းတည်ပြီးတော့ ငြိမ်းချမ်းစွာဖြင့် ဆွေးနွေးညှိနှိုင်းပုံဖော်တဲ့ **နိုင်ငံရေးယဉ်ကျေးမှုသစ်**တစ်ရပ်ကို ကျွန်တော်တို့စတင်နိုင်ခဲ့ပါပြီ။ နိုင်ငံ့သမိုင်းစဉ် တစ်လျှောက် ပဋိပက္ခများအကြား သံသရာလည်ခဲ့တဲ့ နိုင်ငံရေးယဉ်ကျေးမှုဟောင်းကို ဒီယဉ်ကျေးမှုအသစ်နဲ့အစားထိုးနေရာယူနိုင်အောင် ကျွန်တော်တို့တစ်တွေ ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ လက်တွေ့ကျင့်သုံးခဲ့တဲ့ အတိတ်ကပါလီမန်အုပ်ချုပ်ရေး စနစ်မျိုးကို ပြန်လည်အသက်သွင်းဖို့ဆိုတာ လိုက်လျောညီထွေမဖြစ်နိုင်တော့ပါဘူး။ အတိတ်သမိုင်းမှာ ဂိုဏ်းဂဏအစွဲတွေ၊ အယူဝါဒကွဲပြားမှုကြောင့် ဖြစ်ပေါ်ရတဲ့ ပဋိပက္ခတွေကြောင့် ရှည်ကြာတဲ့ပြည်တွင်းစစ်ဖြစ်ခဲ့ရပြီး နိုင်ငံမတိုးတက်ခဲ့ရတာကို ကျွန်တော်တို့ သင်ခန်းစာယူကြရမှာဖြစ်ပါတယ်။

ဒီကနေ့ ကျွန်တော်တို့ရင်ဆိုင်နေရတဲ့ ပြဿနာတွေအတွက် ရှင်းလင်းပြတ်သား စွာနဲ့ လက်တွေ့ကျတဲ့အဖြေတွေ ရရှိလာအောင် ကျွန်တော်တို့ပူးပေါင်းဆောင်ရွက် ကြဖို့အရေးကြီးပါတယ်။ အသွင်ကူးပြောင်းရေးကာလဆိုတဲ့ သဘောသဘာဝကို နားလည်ထားမယ်ဆိုရင် တင်းပြည့်ကျပ်ပြည့်ဒီမိုကရေစီစံနှုန်းတွေရရှိဖို့ဆိုတာ ခြေလှမ်းမှန်မှန်နဲ့လျှောက်လှမ်းမှ ရနိုင်မှာဖြစ်တာကို သဘောပေါက်နိုင်ပါတယ်။

၂၀၁၅ ရွေးကောက်ပွဲမတိုင်မီ နှစ်နှစ်တာကာလမှာ ကျွန်တော်တို့လုပ်နိုင်ရင် လုပ်နိုင်သလောက်၊ ကျွန်တော်တို့ ညီညွတ်ရင် ညီညွတ်သလောက် ပြည်သူတွေ အကျိုးဖြစ်ထွန်းလာမှာဖြစ်ပါတယ်။ နိုင်ငံရေးဆိုတာ ဖြစ်နိုင်ခြေကိုရွေးချယ် ရတာဖြစ်သလို ဖြစ်နိုင်ခြေတွေကို လက်တွေ့လုပ်ဆောင်ရတာမျိုးဖြစ်ပါတယ်။

ကျွန်တော်တို့ကျင့်သုံးနေတဲ့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေကြောင့် ဒီကနေ့ နိုင်ငံရေးအရွေ့ကို ရှုမြင်နေကြရခြင်းပဲ ဖြစ်တယ်။ သို့သော်လည်း ဒီမိုကရေစီကျင့်စဉ် ရင့်သန်လာတာနဲ့အမျှ ဒီမိုကရေစီစံနှုန်းနဲ့ တန်ဖိုးများပြည့်မီလာစေဖို့အတွက် ရှိပြီး အခြေခံဥပဒေကို ညှိနှိုင်းပြင်ဆင်ရေးဆွဲကြရမယ်ဆိုတာကို လက်ခံကြရမှာ ဖြစ်ပါတယ်။ ဒီလိုပြင်ဆင်ဖို့ ဆောင်ရွက်ကြရာမှာ ပါဝင်သူများရဲ့အမြော်အမြင် ကြီးမားမှု၊ အတွေ့အကြုံအသိပညာကြွယ်ဝမှုနဲ့ စိတ်ရင်းစေတနာ မှန်ကန်မှုတို့ကို အသုံးပြုကာ သိမ်မွေ့ညင်သာစွာနဲ့ ဆောင်ရွက်သွားကြဖို့ တိုက်တွန်းလိုပါတယ်။ သို့မှသာ နိုင်ငံရေးအကျပ်အတည်းတစ်ခုကို ဦးတည်မသွားစေဘဲ မှန်ကန်သော ရွေးချယ်နိုင်မှုနဲ့ အမွေခံပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။

ကမ္ဘာတစ်ဝန်းမှာ ဖြစ်ပေါ်နေတဲ့ဖြစ်စဉ်ဖြစ်ရပ်တွေကို လေ့လာကြည့်ရင် ကျွန်တော်တို့လို နိုင်ငံငယ်လေးတွေအတွက် အချုပ်အခြာအာဏာပိုင်ဆိုင်မှုခိုင်မြဲပြီး ကိုယ့်စွမ်းအားနဲ့ရပ်တည်နိုင်ဖို့ကိစ္စဟာ အထူးပဲအရေးကြီးကြောင်း လတ်တလော ဖြစ်စဉ်တွေ၊ သမိုင်းဖြစ်ရပ်တွေနဲ့ နှိုင်းယှဉ်လေ့လာသိရှိနိုင်ပါတယ်။ နိုင်ငံတော် ကာကွယ်ရေးနဲ့ လုံခြုံရေးအတွက် တပ်မတော်ဟာ ခေတ်မီတောင့်တင်းခိုင်မာဖို့ အရေးကြီးပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ တပ်မတော်ရဲ့အခန်း ကဏ္ဍဟာ ရှိနေရဦးမှာဖြစ်ပါတယ်။ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းနဲ့ ညှိနှိုင်းအဖြေရှာတဲ့ စားပွဲဝိုင်းတွေမှာလည်း တပ်မတော်ဟာ ဆက်လက်ပါဝင်နေဖို့ လိုအပ်ဆဲဖြစ်ပါတယ်။ တပ်မတော်ရဲ့အခန်းကဏ္ဍကို တဖြည်းဖြည်းချင်း လျှော့ချဖို့ ပြည်တွင်းငြိမ်းချမ်းရေးတိုးတက်ရရှိလာမှုနဲ့ ချိန်ဆဆောင်ရွက်သွားဖို့ကိုလည်း ဒီမိုကရေစီရင့်သန်မှုနဲ့အတူ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

အရေးကြီးဆုံးဖြစ်တဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ရရှိနိုင်ဖို့အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ခွဲဝေအပ်နှင်းထားတဲ့ ဥပဒေပြုစာရင်းတွေကို မဖြစ်မနေပြင်ဆင် ရွှေ့ပြောင်းပေးရမှာဖြစ်သလို တိုင်းရင်းသားအခွင့်အရေး၊ ပြည်နယ်အခွင့်အရေးတွေ တိုးမြှင့်ရရှိလာအောင်လည်း စီမံပေးကြရမှာဖြစ်ပါတယ်။ ဒီကနေ့ ပြည်ထောင်စု လွှတ်တော်ကတာဝန်ယူထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်ကြီး ဟာ ကျယ်ပြန့်နက်ရှိုင်းပါတယ်။ ပြဋ္ဌာန်းချက်တစ်ရပ်ချင်းအလိုက် နောက်ခံသမိုင်း၊ အနှစ်သာရနဲ့ ရည်ရွယ်ချက်တွေကို ပြည့်စုံစွာလေ့လာပြီး ရှုထောင့်စုံမှသုံးသပ်ကာ အခြေခံဥပဒေအခန်း(၁၂)မှာ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်များနဲ့အညီ ပြင်ဆင်မှု ဆောင်ရွက်နိုင်ရေး အလေးထားလိုက်နာကြရမှာဖြစ်ပါတယ်။ ဒို့ပြင် ပြည်တွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာပါဝင်နေတဲ့ တိုင်းရင်းသားတွေ၊ လွှတ်တော်ပြင်ပ အင်အားစုတွေအားလုံးပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးမှုတွေအရ တောင်းဆိုမှုတွေကို လည်း အလေးထားစဉ်းစားဖို့ လိုအပ်မှာဖြစ်ပါတယ်။ လက်တွေ့အခြေအနေတွေ သာမက ပြင်ဆင်ပြဋ္ဌာန်းလိုက်တဲ့ ပြင်ဆင်ချက်တိုင်းကနေ အနာဂတ်မှာ သက် ရောက်နိုင်မယ့် ကောင်းကျိုးဆိုးကျိုးအလားအလာတွေကိုပါ ထည့်သွင်းစဉ်းစားကြဖို့ အရေးကြီးပါတယ်။

ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ဥပဒေပြုလွှတ်တော်များ၊ တရားစီရင်ရေး မဏ္ဍိုင်တို့နဲ့ ပူးပေါင်းပြီး တည်ငြိမ်အေးချမ်းရေးနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်အဆင့်ဆင့်ထားရှိ အကောင်အထည်ဖော်ဆောင်ရွက်ကြရာမှာ အောင်မြင်ခဲ့တာတွေ၊ မအောင်မြင်ခဲ့တာတွေ၊ လုပ်နိုင်တာတွေ၊ မလုပ်နိုင်တာ တွေကို တွေ့ကြုံခဲ့ကြရပြီးဖြစ်ပါတယ်။ ဆက်လက်ပြီး ဖော်ဆောင်ရာမှာ ပြီးခဲ့တဲ့ အားသာချက် အားနည်းချက်များအပေါ် သုံးသပ်ဖြည့်ဆည်းဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်တဲ့ ရလဒ်များရရှိအောင် ဆောင်ရွက်သွားနိုင်မယ်လို့ ယုံကြည် ပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

နိဂုံးချုပ်အနေနဲ့-

နိုင်ငံတကာက အာဏာရှင်စနစ် ကျင့်သုံးတဲ့နိုင်ငံဆိုပြီး ခေါ်ဆိုခဲ့ရာကနေ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အုပ်ချုပ်တဲ့နိုင်ငံအဖြစ် ပြောင်းလဲလာနိုင်ခဲ့ပြီဖြစ် ပါတယ်။ ဒီအခြေအနေကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိပါတယ်။ သမိုင်းဆိုတာရေးပြီးရင် ပြင်လို့မရသလို အတုယူဖွယ် သို့မဟုတ် ဆင်ခြင်သုံးသပ်ဖွယ် မှတ်တမ်းအဖြစ် ကျန်နေမှာကို သတိပြုရမှာဖြစ်ပါတယ်။ သမိုင်းကိုလေ့လာပြီး ဒီမိုကရေစီထွန်းကားဖို့နဲ့ နိုင်ငံ ကြီးပွားတိုးတက်ဖို့အတွက် ဆင်ခြင်တုံတရားနဲ့ အမြော်အမြင်ကို လက်ကိုင်ပြုလျက် တာဝန်ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့သမိုင်းစဉ်မှာ အကောင်းဆုံးနဲ့ အရေးကြီးဆုံးအချိန် အခါကို ရောက်ရှိနေပြီဖြစ်တဲ့အတွက် ဒါကို ကျွန်တော်တို့ တန်ဖိုးထားကြရပါမယ်။ ကျွန်တော်တို့ စည်းလုံးညီညွတ်စွာနဲ့ နိုင်ငံတော်ကို တည်ဆောက်ကြရမယ့် အချိန် အခါကောင်းပဲဖြစ်ပါတယ်။ အချုပ်အခြာအာဏာရဲ့ မဏ္ဍိုင်ကြီးသုံးရပ်တို့အနေနဲ့ ဆောင်ရွက်ခဲ့မှုများအပေါ် ပကတိအတိုင်း ပြန်လည်ဆင်ခြင်သုံးသပ်ပြီး သင်ခန်းစာ ယူကြရပါမယ်။ ဒီမိုကရေစီပန်းတိုင်ကိုချီတက်တဲ့ ပြုပြင်ပြောင်းလဲရေးအရှိန် အဟုန်ကိုလည်း ညီညွတ်မှန်ကန်စေဖို့ သတိပြုကြရပါမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ကို လိုက်နာပြီး ဒီမိုကရေစီရှင်သန်ခိုင်မာစေလျက် အပြန်အလှန်ထိန်းညှိနိုင်တဲ့ အခြေအနေရောက်ရှိအောင် ဖော်ဆောင်ကြရပါမယ်။ ပြည်သူတွေရဲ့ မျှော်လင့်ချက် တွေ မပျက်စီးစေဖို့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိပါတယ်။

ဒီလွှတ်တော်ကြီးထဲမှာ ကိုယ်စားလှယ်တွေ ငါးနှစ်တစ်ကြိမ် ပြောင်းလဲ သွားမှာဖြစ်သလို ကျွန်တော်တို့အစိုးရဟာလည်း ငါးနှစ်တစ်ကြိမ် တာဝန်ကို လွှဲပြောင်းပေးရမှာဖြစ်ပါတယ်။ ဒီလွှတ်တော်ကြီးက ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေတွေကတော့ ကျန်ရှိနေမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တာဝန်ထမ်းဆောင်စဉ် တိုင်းကျိုးပြည်ပြု ဘယ်လောက်စွမ်းဆောင်နိုင်ခဲ့တယ်ဆိုတာ သမိုင်းတင်ခဲ့မှာဖြစ်ပါတယ်။ ညင်သာ ချောမွေ့တဲ့ ဒီမိုကရေစီအပြောင်းအလဲကို တည်ငြိမ်အေးချမ်းစွာနဲ့ ဖော်ဆောင်ခဲ့ကြ တယ်ဆိုတဲ့ လှပတဲ့သမိုင်းကို ရေးထိုးနိုင်ဖို့ ကျွန်တော်တို့အားလုံး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

◆ စာမျက်နှာ ၇ မှ
ပြန်ဆိုခြင်းသည် ဆောင်ရွက်သင့်သည့် ကိစ္စတစ်ရပ်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ကို ရယူရာ ထောက်ခံမဲများသည့်အတွက် အဆိုကို အတည်ပြုခဲ့သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် နဝမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်းနှင့် နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ပထမအကြိမ် အမျိုးသားလွှတ်တော်နဝမပုံမှန်အစည်းအဝေးကို ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၃ရက်မှ ၂၀၁၄ခုနှစ် မတ် ၂၆ ရက်အတွင်း ရက်(၃၀) ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ နဝမပုံမှန်အစည်းအဝေးတွင် မေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊အဆိုများ၊အစီရင်ခံစာများနှင့် ဥပဒေကြမ်းများကို တင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအတွက် သတင်းအချက်အလက်နှင့် လုပ်ငန်းအကူအဖွဲ့ကို အမျိုးသားလွှတ်တော်အစည်းအဝေး၌ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၃ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး နဝမပုံမှန်အစည်းအဝေးကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များ သိရှိလိုသည့် စာတမ်း(၂)စောင်နှင့် အချက်အလက်(၈)ခုတို့ကို ပြုစုပေးခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး မတိုင်ခင်အထိ စုဆောင်းရရှိထားသော စာအုပ်စုစုပေါင်း (၆၇၁၆) အုပ်ဖြစ်ပြီး ယခုနဝမပုံမှန်အစည်းအဝေးစတင်သည့်ကာလအတွင်းထပ်မံစုဆောင်း ရရှိသည့်စာအုပ် (၂၂၆၃) အုပ်ဖြစ်၍ စုစုပေါင်းစာအုပ် (၈၉၇၉) အုပ်ကို အမျိုးသားလွှတ်တော် စာကြည့်တိုက်တွင် စုဆောင်းရရှိထားပြီးဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၄) အရ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ဒီမိုကရေစနစ်ကို ပြည်သူအုပ်ချုပ်သည့်စနစ်ဟု ပြောနိုင်ပါကြောင်း၊ နိုင်ငံသားအားလုံး လွှတ်တော်အတွင်း လာရောက်မထိုင်နိုင်သည့်အတွက် ယင်းတို့၏ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များကိုရွေးချယ်စေလွှတ်လိုက်ခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့အာဏာထက်မြက်ရေးအတွက် ကျိုးနွံစွာဖော်ဆောင်ကြရန်တာဝန်ရှိပါကြောင်း။

လွှတ်တော်အစည်းအဝေးများတွင် ပြည်သူကပေးလိုက်သည့်တာဝန်များကို ထမ်းဆောင်သကဲ့သို့ လွှတ်တော်ရပ်နားထားစဉ်တွင်လည်း ပြည်သူက ထပ်မံပေးအပ်မည့်တာဝန်များကို ခံယူကြရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေနှင့်အညီပေးသည့် ပြည်သူများအမိန့်သံကို နာခံကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူအများစုခံစားနေရသည့် ဒုက္ခဝေဒနာများကို ပြည်သူနှင့်ထပ်တူခံစားပြီး ဥပဒေအကူအညီဖြင့် တွန်းလှန်ဖယ်ရှားပေးကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများ၊ တင်သွင်းသည့်အဆိုများနှင့် ဥပဒေကြမ်းများသည် ပြည်သူ့နှုတ်ဖျားက ထွက်ကျလာသည့်စကားများ၊ ပြည်သူ့ဘဝ၊ ပြည်သူ့ဆန္ဒကို ကွက်ကွက်ကွင်းကွင်း ဖော်ထုတ်ချက်များဖြစ်ပါကြောင်း။

လွှတ်တော်ကို ယနေ့ရပ်နားထားပြီး မေလနောက်ဆုံးပတ်တွင်ပြန်ခေါ်ရန် လျာထားပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ရပ်နားထားစဉ်ကာလအတွင်း ပြည်သူ့အာဏာထက်မြက်ရေးအတွက် ဆထက်ထမ်းပိုးဆောင်ရွက်နိုင်အောင် ကြိုးစားကြရန်မှာကြားရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ပထမအကြိမ် အမျိုးသားလွှတ်တော်နဝမပုံမှန် အစည်းအဝေးကို ညနေပိုင်းတွင်အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။ **(သတင်းစဉ်)**

ပညာရေးရုပ်မြင်သံကြားထုတ်လွှင့်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၂၆

ပညာရေးရုပ်မြင်သံကြားထုတ်လွှင့်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ**(ယာပုံ)** ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်တို့ တက်ရောက်အမှာစကားပြောကြားကြသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ပညာရေးရုပ်မြင်သံကြားလိုင်းကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက သီးခြားလိုင်းတစ်ခုအနေဖြင့် ထုတ်လွှင့်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခွင့်ပြုခဲ့ပြီး ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် နည်းပညာပိုင်းအရ ထုတ်လွှင့်နိုင်ရန် အဆင်သင့်ရှိနေပြီဖြစ်ကြောင်း၊ ရုပ်သံလိုင်းထုတ်လွှင့်ခြင်းအတွက် စနစ်တကျ စီမံဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်က ပညာရေး ရုပ်မြင်သံကြားလိုင်းကို ဧပြီ ၁ ရက်တွင် စတင်ထုတ်လွှင့်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရေးနှင့် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများမှ ပညာရေးရုပ်မြင်သံကြားလိုင်း ထုတ်လွှင့်နိုင်ရေးအတွက် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❐ ကမ်းလွန်လုပ်ကွက်မှ

ယခုနှစ် Myanmar Offshore Blocks Bidding Round-2013 တွင် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသည့် ကန်ထရိုက်တာများထံမှ Signature Bonus အဖြစ် ကမ်းလွန်ရေတိမ်ပိုင်းလုပ်ကွက် ၁၀ ကွက်အတွက် အမေရိကန်ဒေါ်လာ ၉၁ သန်းနှင့် ရေနက်ပိုင်းလုပ်ကွက် ၁၀ ကွက်အတွက် အမေရိကန်ဒေါ်လာ ၁၃၅ ဒသမ ၁ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၂၆ ဒသမ ၁ သန်းကို သက်ဆိုင်ရာကုမ္ပဏီများမှ ရှာဖွေရေးကာလ (Exploration Period) သို့ ဝင်ရောက်ပြီး ရက်ပေါင်း ၃၀ အတွင်း ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

Myanmar Offshore Bolcks Bidding Round -2013 တင်ဒါအောင်မြင်သော ကုမ္ပဏီစာရင်းမှာ

Myanmar Offshore Blocks Bidding Round -2013

No	Blocks/Area	Selected Candidates
Shallow Water Blocks		
1	A-4	BG Asia Pacific Pte.Ltd.+Woodside Energy (Myanmar) Pte.Ltd.
2	A-5	Chevron (Unocal Myanmar Offshore Co.,Ltd.)
3	A-7	Woodside Energy(Myanmar) Pte.Ltd.+BG Asia Pacific Pte.Ltd.
4	M-4	Oil India Limited+Mercator Petroleum Limited+ Oilmax Energy Pvt.Ltd.
5	M-7	ROC Oil Co.Ltd.+ Tap Oil Ltd.
6	M-8	Berlanga Holding B.V.
7	M-15	Transcontinental Group (TRG)
8	M-17	Reliance Industries Ltd.
9	M-18	Reliance Industries Ltd.
10	YEB	Oil India Limited+Mercator Petroleum Limited+Oilmax Energy Pvt.Ltd.
Deep Water Blocks		
11	AD-2	BG Exploration and Production Myanmar Limited+Woodside Energy (Myanmar) Pte.Ltd.
12	AD-3	Ophir Energy Plc
13	AD-5	Woodside Energy (Myanmar) Pte.Ltd+BG Asia Pacific Pte.Ltd.
14	AD-9	Shell Myanmar Energy (Pte) Ltd.+MOECO
15	AD-10	Statoil+Conocophillips
16	AD-11	Shell Myanmar Energy (Pte) Ltd.+MOECO
17	MD-2	Eni Myanmar B.V.
18	MD-4	Eni Myanmar B.V.
19	MD-5	Shell Myanmar Energy (Pte) Ltd.+MOECO
20	YWB	Total E & P Myanmar

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးအဖွဲ့/ခရိုင်များမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် ကတ္တရာများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပြည်နယ်	ပစ္စည်းအမျိုးအစား	အရေအတွက်
၁။	ရှမ်း(တောင်)	ကတ္တရာ(၈၀/၁၀၀)	၂၀၀၀ တန်
၂။	ရှမ်း(မြောက်)	ကတ္တရာ(၈၀/၁၀၀)	၅၀၀ တန်
၃။	ရှမ်း(ရှေ့)	ကတ္တရာ(၈၀/၁၀၀)	၅၀၀ တန်

တင်ဒါလျှောက်လွှာပိတ်ရက် - ၉-၄-၂၀၁၄ ရက်
တင်ဒါလျှောက်လွှာပိတ်သည့်အချိန် - ၁၆း၃၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံးတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

ကတ္တရာတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၈၁-၂၁၂၀၀၁၆၊ ၂၁၂၁၁၆၂

ကွန်ကရစ်လမ်းသစ်ဖွင့်

ဝ မတ် ၂၆

(၆၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးလက်ဦးစီးဌာနခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်တွင် “ဇွဲ” ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့သော ဝမြို့နယ်ရဟိုင်ကွင်း-ရဟိုင်ကူးတို့ ကွန်ကရစ်လမ်းသစ် ၁ ဒသမ ၆ ဖာလုံ ဖွင့်ပွဲကို မတ် ၂၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ **(ကျေးလက်ဦးစီး)**

မီးဘေးရှောင် မလောင်ခင်တား

စားသောက်ဆိုင်ဖွင့်ပွဲအခမ်းအနားကျေးဇူးတင်လွှာ

၂၆-၃-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် စတင်ဖွင့်လှစ်လိုက်သည့် (MALAYSIA Cuisine) Restaurant My Mom's Chicken Rice & NASI LEMAK (အမှတ်-၆၄/၆၈-က)၊ မြေညီထပ်၊ စက်ရုံလမ်းမကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဆိုင်ဖွင့်ပွဲအခမ်းအနားသို့ ကြွရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည့် ဦးထင်ဇော်ဝင်း(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်)၏ ဇနီး ဒေါ်ခင်ခင်အေးချိုနှင့် ကျေးဇူးရှင်မိခင်ကြီး မာမီ ဒေါ်မြ၊ အဘက်ဘက်မှ ကူညီခဲ့ကြသည့် LUCKY HOME Construction & Decoration Co.,Ltd မှ Lovely Son မောင်ကျော်မင်း (Director)၊ မောင်ထွန်းထွန်း၊ စားဖိုမှူးကြီးများ- မောင်ကျော်စွာ၊ မောင်အောင်ကျော်ဦး၊ မောင်နွေဝင်း၊ မေတ္တာဖြင့် ကူညီခဲ့သော မော်ဒယ်ညီမလေးများ၊ စာနယ်ဇင်းများ၊ ကြွရောက်ချီးမြှင့်ခဲ့ကြသော မိတ်ဆွေများ အားလုံးကို လှိုက်လှဲစွာအထူးလေးစားကျေးဇူးတင်ရှိပါသည်

DAW MAR MAR CHO
(MAY CHO)
Proprietor(Malaysia)

ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် နမ့်ခမ်းမြို့ ပြည်သူ့ဆေးရုံကြည့်ရှုစစ်ဆေး ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့နှင့် ရပ်မိ/ရပ်ဖများအား တွေ့ဆုံ

နေပြည်တော် မတ် ၂၆

သမ္မတရုံးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်သည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်းနှင့်အတူ မတ် ၂၂ ရက် နံနက်ပိုင်းတွင် မူဆယ်ခရိုင် နမ့်ခမ်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်းရှိ ဆေးစတို၊ ခွဲစိတ်ခန်း၊ ပြင်ပလူနာဌာန၊ သွေးလှူဘဏ်၊ ဓာတ်ခွဲခန်း၊ ဆေးရုံအတွင်း/ အပြင် ကြံ့ခိုင်မှု၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ သောက်သုံးရေရရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေကြသည့် လူနာများအား အားပေးစကားပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကြိုတင်ကာကွယ်မှုသည် အရေးကြီးကြောင်း၊ ဝန်ထမ်းများ အနေဖြင့် လူနာများနှင့် ထိတွေ့ဆက်ဆံရာတွင် ကိုယ်ချင်းစာတရားနှင့် စေတနာ၊ မေတ္တာရှေ့ထားရန်လိုကြောင်း၊ ထိုအပြုအမူတို့သည် လူနာများအတွက် အားဆေးတစ်ခွက် ဖြစ်ကြောင်း၊ ဆေးရုံကိုမြို့ပေါ်နှင့် ကျေးရွာနေပြည်သူများ အားထားလာစေရန်မှာ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းတို့၏ စေတနာထားလုပ်ဆောင်ချက်သည်များစွာအရေးကြီးကြောင်း၊ ယခုနိုင်ငံတော်မှ ကျန်းမာရေးစောင့်ရှောက်ရေးအတွက် ဆရာဝန်များနှင့် ဝန်ထမ်းများကို ရာနှုန်းပြည့် တိုးမြှင့်ခန့်ထားပေးလျက်ရှိရာ ကျေးရွာထိကွင်းဆင်း၍ ကာကွယ်ဆေးထိုးနှံခြင်း၊ ဆေးတိုက်ကျွေးခြင်း၊ အသိပညာပေးခြင်းများနှင့် သေစာရင်းပြုစုခြင်းများ ပိုမိုလုပ်ဆောင်သွားကြရန်လိုကြောင်း၊ အဆိုပါ ဆေးရုံဝင်းရှိ အစည်းအဝေးခန်းမတွင် ဆရာဝန်၊ ဆရာမ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ယခုအချိန်တွင် ပွင့်လင်းမြင်သာရမည့် အချိန်ဖြစ်ရာ ကျန်းမာရေးဝန်ထမ်းများ၏ မိမိကိုယ်စီတာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝေဖန်ခံရမှု မရှိရလေအောင် လုပ်ဆောင်ရန်လိုကြောင်း၊ ဝေဖန်ခံရမှုများကို ကြောက်နေရန်မလိုဘဲ ဆောင်ရွက်စရာ ရှိသည်များကို စေတနာမှန်မှန်နှင့် သွက်သွက်လက်လက် လုပ်ဆောင်သွားကြစေလိုကြောင်း၊ ရေ၊ မီး၊ မိလ္လာနှင့် ဆေးရုံအတွင်း/အပြင် သန့်ရှင်းရေးကို အမြဲတမ်းဝန်ထမ်းများဖြင့် နေ့စဉ်ဆောင်ရွက်နေရန်လိုကြောင်း ဖြည့်စွက် ပြောကြားခဲ့သည်။

နမ့်ခမ်းမြို့ ပြည်သူ့ဆေးရုံသည် ၁၉၀၂ ခုနှစ်တွင် သိန်းနီစော်ဘွားကလယ်ဧက ၃၀ လှူဒါန်းပြီး ဒေါက်တာဟာပါးက စတင်တည်ထောင်ခဲ့သည်။ ဒေါက်တာ ဂေါ်ဒွန်စတစ်လာဆီဂရေ့က ၁၉၂၂ ခုနှစ်တွင် လွှဲပြောင်းရယူခဲ့ပြီး ၁၉၆၄ ခုနှစ် ဇွန် ၂၇ ရက်တွင် ရွှေလီမြစ်မှ ကျောက်တုံးများဖြင့် ဆေးရုံကိုပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးခဲ့သည်။

နိုင်ငံတော်အစိုးရက ၁၉၆၅ ခုနှစ်၌ နမ့်ခမ်းပြည်သူ့ဆေးရုံဟု အမည်ပြောင်းလဲသတ်မှတ်ခဲ့ပြီး ယခု အစိုးရသစ်လက်ထက်တွင် နမ့်ခမ်းပြည်သူ့ဆေးရုံအတွက် ခွဲစိတ်ဆောင်အသစ်တစ်လုံးကို ထပ်မံတည်ဆောက်ပြီးစီးခဲ့သည်။ နမ့်ခမ်း ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသည် မြို့ပေါ်ရပ်ကွက် သာမက ကျေးရွာ အုပ်စု ၄၃ အုပ်စု၊ ကျေးရွာပေါင်း ၁၇၄ ရွာတို့မှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြောင်း ဆေးရုံတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

မွန်းလွဲပိုင်းတွင် နမ့်ခမ်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့်အဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ရပ်ကွက်/ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီအဖွဲ့တို့နှင့်တွေ့ဆုံရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန်နှင့် ဝတ္တရားများကို အသေးစိတ် ရှင်းလင်းပြောကြားပြီး ရပ်ကွက်/ကျေးရွာများရှိ စာကြည့်တိုက်ကိုးခုအတွက် စာအုပ်စာပေနှင့် Sky Net DTH ရုပ်သံလိုင်းဖမ်းစက်များကို ကျေးရွာပေါင်း ၁၃ ရွာမှ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီများထံ ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

ဥက္ကံပြည်သူ့ဆေးရုံ၌ အခမဲ့မျက်စိခွဲစိတ်ကုသ

ရန်ကုန် မတ် ၂၆

ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာဦးကံညွန့်၊ ပါမောက္ခဒေါက်တာဦးသိန်းအောင် ဦးဆောင်သော မျက်စိဆရာဝန်ခြောက်ဦး၊ သူနာပြု ခြောက်ဦး စုစုပေါင်း ၁၂ ဦးပါဝင်သော မျက်စိအထူးကုအဖွဲ့သည် မတ် ၂၁ ရက်မှ ၂၄ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံပြည်သူ့ဆေးရုံ၌ မျက်စိဝေဒနာရှင်ပေါင်း ၁၃၀၀ ကျော်အား အခမဲ့ကြည့်ရှုစစ်ဆေးကုသပေးခဲ့ရာ အတွင်းတိမ်ဝေဒနာရှင် ၂၄၀ အား အခမဲ့ခွဲစိတ်ကုသပေးခဲ့ပြီး မျက်မှန်တပ်ဆင်ရန် လိုအပ်သည့် လူနာ ၂၅၀ ကိုလည်း မျက်မှန်များ ပေးအပ်ခဲ့သည်။

ထိုသို့ခွဲစိတ်ကုသရာတွင် တိုက်ကြီးမြို့နယ်ဆရာဝန် ဒေါက်တာဦးကျော်ဇင်ပြုံး၊ ဥက္ကံတိုက်နယ်ဆရာဝန် ဒေါက်တာချယ်ရီကျော်မြင့်နှင့် ဆေးရုံဝန်ထမ်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက လာရောက်ကူညီပံ့ပိုးပေးခဲ့ကြသည်။

အဆိုပါ မျက်စိအခမဲ့ ခွဲစိတ်ကုသခြင်းအတွက် ကုန်ကျစရိတ်အားလုံးကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းနေ ရွှေငါးဦးသိန်းမြင့်နှင့်ဇနီး ဒေါ်ခင်သိန်းတို့က လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ၂၀၀၈ ခုနှစ်မှစ၍ နှစ်စဉ်ပြုလုပ်ခဲ့ရာ ယခုအကြိမ်နှင့်ဆိုလျှင် ငါးကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဆင်းပွဲနှင့် ခန့်အပ်လွှာပေးအပ်ပွဲကျင်းပ

နေပြည်တော် မတ် ၂၆

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲနှင့် ခန့်အပ်လွှာပေးအပ်ခြင်း အခမ်းအနားကို မတ် ၂၂ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့ မြို့မအခြေခံပညာမူလတန်းလွန်ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမော်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းအတွက် (စာရင်းစစ်)ဆရာ ဆရာမများအား ခန့်အပ်လွှာပေးအပ်ခြင်းနှင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် (စာရင်းကောက်)ဆရာ ဆရာမများအတွက် ခန့်အပ်လွှာပေးအပ်ခြင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် (အဖွဲ့အစည်း) စာရင်းစစ်၊ စာရင်းကောက်များအား ခန့်အပ်လွှာများ ပေးအပ်ခဲ့သည်။**(ဝဲပုံ)** **ဦးကျော်(ပျဉ်းမနား)**

မင်းလမ်း(၅-ဆိုင်)မြောက်ဖွင့်လှစ်ခြင်း

မင်းလမ်း ရခိုင်လက်ညှစ်မုန့်တီနှင့် လတ်ဆတ်သောပင်လယ်စာ၏ ပဉ္စမမြောက်ဆိုင်ခွဲကို အမှတ်(၆၉)၊ ဝေဇယန္တာလမ်းမကြီး၊ အောင်ရတနာမီးပွိုင့်အနီး၊ ၁၆-ကွေ့ ၈-ရပ်ကွက်၊ (၁)လမ်း၊ စက်မှုဇုန်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၌ (၂၇-၃-၂၀၁၄)(တပ်မတော်နေ့)တွင် မွန်းလွဲ (၂း၀၀) နာရီမှ ည(၁၀း၃၀)နာရီထိ (Discount-၁၀%)ပေးပြီး ဆိုင်ခွဲသစ်ဖွင့်လှစ်ပါမည်ဖြစ်ပါ၍ ကျေးဇူးရှင်စားသုံးသူ မိတ်ဟောင်း/ မိတ်သစ်များကို ခင်မင်ရင်းနှီးစွာ အသိပေးအပ်ပါသည်။



ပျောက်ဆုံးခြင်း

ကျွန်တော် မောင်ကျော်ငြိမ်း [၁၃/တခလ (နိုင်)၀၉၃၂၁၇]သည် နိုင်ငံကူးလက်မှတ် (အမှတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

မောင်ကျော်ငြိမ်း ဖုန်း-၀၉-၃၆၁၇၅၆၆၉

အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်၊ တောင်ကြီးမှ သတင်းစာပုံနှိပ်လုပ်ငန်း အသုံးပြုပြီးစွန့်ပစ်ပစ္စည်း(၃)မျိုးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား ကိုယ်ပွားသတင်းစာတိုက်၊ တောင်ကြီးတွင် အခမဲ့လာရောက်ယူနိုင်ပြီး ၂၈-၃-၂၀၁၄ ရက် နံနက် ၁၀ နာရီအရောက် လေလံအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်တင်သွင်းရန်နှင့် သတ်မှတ်ချိန်ထက်နောက်ကျသော လေလံလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ စွန့်ပစ်ပစ္စည်း(၃)မျိုးလုံးဝယ်ယူမည့်သူအား ဦးစားပေးရောင်းချမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၁၁၆၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်လေလံစိစစ်ရောင်းချရေးအဖွဲ့
ကိုယ်ပွားသတင်းစာတိုက်၊ တောင်ကြီး
ရုံးကြီးလမ်း၊ သစ်တောရပ်ကွက်
တောင်ကြီးမြို့။

ဖျော်ဖြေရေး

ဖိလစ်ပိုင်ပရိသတ်အား စိတ်ချမ်းမြေ့မှုများ ပေးစွမ်းနိုင်ခဲ့သည့် လီမင်ဟို

ကြော်ငြာရိုက်ကူးရေးဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိနေသည့် ပရိသတ်အချစ်တော် F4 မင်းသား လီမင်ဟိုက ဖိလစ်ပိုင်နိုင်ငံ Quezon မြို့ရှိ Smart Araneta Coliseum အားကစားရုံ၌ ပရိသတ်တွေ့ဆုံပွဲတစ်ရပ် ကျင်းပခဲ့ရာ ပရိသတ်တစ်သောင်းခွဲကျော် တက်ရောက်ခဲ့ပြီး တက်ရောက်လာသည့် ပရိသတ်များကို စိတ်ချမ်းမြေ့မှုများပေးနိုင်ခဲ့ကြောင်း သိရသည်။

ယခုကျင်းပခဲ့သည့် ပရိသတ်တွေ့ဆုံပွဲတွင် လီမင်ဟိုသည် ယခင်အကြိမ်များနှင့်မတူ ကွင်းအပြင်တွင် လက်မှတ်မရရှိသူမရှိရအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကာ ပရိသတ်တစ်ဦးချင်းစီနှင့်လည်း ရင်းနှီးနွေးထွေးစွာ ဆင်နွှဲနိုင်ခဲ့သည်။

လီမင်ဟို၏ နာမည်ကြီးဇာတ်လမ်းတွဲများဖြစ်သည့် F4၊ Personal Taste၊ City Hunter ဇာတ်လမ်းတွဲများကို ဖိလစ်ပိုင်နိုင်ငံ၌ ပြသခဲ့ရာ ပရိသတ်အထူးနှစ်သက်အားပေးခဲ့ကြပြီး မကြာခင်က ထွက်ရှိခဲ့သည့် The Heirs ဇာတ်လမ်းတွဲကိုလည်း ဖိလစ်ပိုင်၌ မကြာမီ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"လီမင်ဟိုက ဖိလစ်ပိုင်မှာ အကောင်းဆုံးနဲ့ ရေပန်းအစားဆုံး မင်းသားပါပဲ၊ ဒီမှာဆိုရင် ကိုရီးယားမှာထက် ပိုနာမည်ကြီးပါတယ်"ဟု အဆိုပါတွေ့ဆုံပွဲသို့ တက်ရောက်လာသူ ပရိသတ်တစ်ဦးက ဆိုသည်။

ထို့အပြင် လီမင်ဟိုသည် ယခုနှစ်အတွင်း School of Youth ဇာတ်ကားတွင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝဏ္ဏပေါင်း-ဝဝည်သည်

ကန်းထရီးတေးဂီတဆုအတွက် ရွေးချယ်ခံထားရသည့် တေးသံရှင် ကယ်ရီးအန်ဒါဝုဒ်

ကန်းထရီးတေးဂီတကြယ်ပွင့် ကယ်ရီးအန်ဒါဝုဒ်အား ကန်းထရီးတေးဂီတဆုပေးပွဲအကယ်ဒမီမှ ပေးအပ်ချီးမြှင့်သည့် ကန်းထရီးတေးဂီတဆုနှင့် Gene Weed Special Achievement ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် တေးသံရှင် ကယ်ရီးအန်ဒါဝုဒ်သည် ကန်းထရီးတေးဂီတဆုတွင် တေးသံရှင် အန်ဒါဝုဒ်နှင့်အတူ တေးသံရှင် Rascal Flatts လည်း ရွေးချယ်ခြင်းခံထားရသည်။

ဂရမ်မီခြောက်ဆုနှင့် ဘီလ်ဘုတ်တေးဂီတဆု တစ်ဆယ့်ခြောက်ဆုပိုင်ရှင်ဖြစ်သော တေးသံရှင် ကယ်ရီးအန်ဒါဝုဒ်သည် ၎င်း၏ အယ်လ်ဘမ်သစ်အတွက် ၂၀၁၃ ခုနှစ်ကတည်းက စတင်ပြင်ဆင်လျက်ရှိပြီး မကြာမီက ထွက်ရှိခဲ့သည့် တေးသံရှင် မာရန်ဒါလမ်းဘတ်၏ ပလက်တီနန်အယ်လ်ဘမ်တွင်ပါရှိသည့် Something Bad သီချင်းတွင် အတူပါဝင်သီဆိုထားကြောင်း သိရသည်။

လေဒီဂါဂါ၏ Artpop film ထွက်ရှိ

ပေါ့ပ်ကြယ်ပွင့် လေဒီဂါဂါက ၂၀၁၃ ခုနှစ်အတွင်းက ထွက်ရှိခဲ့သည့် တတိယမြောက် တစ်ကိုယ်တော်အယ်လ်ဘမ် Artpop ၏ တေးသီချင်းဗီဒီယို Artpop film ကို မတ် ၂၂ ရက် ညပိုင်းက စတင်ဖြန့်ချိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယခုအသစ်ထွက်ရှိသည့် တေးသီချင်းဗီဒီယိုသည် ၁၁ မိနစ်နှင့် ၄၆ စက္ကန့်ကြာမြင့်ပြီး လေဒီဂါဂါ၏ အချိန်အကြာမြင့်ဆုံးသော တေးသီချင်းဗီဒီယိုတစ်ပုဒ်လည်းဖြစ်ကာ ယင်းတွင် Artpop အပြင် အခြားသီချင်းများဖြစ်သော Venus၊ Manicure နှင့် G.U.Y. သီချင်းများကိုပါ ထည့်သွင်းပေါင်းစပ်ထားကြောင်း သိရသည်။

ထို့အပြင် ယင်းတေးသီချင်းဗီဒီယိုကို လေဒီဂါဂါကိုယ်တိုင် ဒါရိုက်တာအဖြစ် ရိုက်ကူးပုံဖော်ထားခြင်းဖြစ်ပြီး လေဒီဂါဂါက ယင်းအယ်လ်ဘမ်အတွက် ArtRave: The Artpop Ball အမည်ရှိ ကမ္ဘာလှည့်ဂီတဖျော်ဖြေပွဲကိုလည်း မေလမှစတင်ကာ ကျင်းပသွားမည်ဖြစ်ပြီး ယင်းသည် လေဒီဂါဂါအတွက် စတုတ္ထမြောက်ကမ္ဘာလှည့်ဖျော်ဖြေပွဲလည်း ဖြစ်သည်။

ယနေ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၇-၃-၂၀၁၄ (ကြာသပတေးနေ့)

MRTV

၅း၃၀	(၆၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၂း၂၀	သုခမရင်ခွင်အငြိမ့်သဘင် "သားသားတို့အငြိမ့်" (မင်းသမီး-ဝမ်းကေဇင်၊ လူရွှင်တော်-မိုးကျော်၊ တိမ်ညွှန့်၊ အောင်ကျော်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၆း၄၀	၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း "သင်ဘာတွေသိဖို့လိုအပ်သလဲ" (အပိုင်း-၁)
၈း၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၉း၃၀	ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင် -ရုပ်မြင်သံကြားဇာတ်လမ်း "သူရဲကောင်းတို့မွေ့လျော်ရာ" (ဇာတ်သိမ်း) (သျှားညို၊ မင်းသူ၊ ဇာနည်မင်းထက်ကျော်ဇင်၊ ဇော်ဦး၊ ဇင်ဝိုင်း၊ မြင့်မြင့်ခိုင်၊ မြသဥ္ဇာလီ၊ ခိုင်နှင်းဝေ၊ ဆုပန်ထွာ) (ဒါရိုက်တာ-သက်တင်)

MWD

၆း၀၃	တရားတော်
၆း၂၅	မေတ္တာပို့
၆း၃၅	ဓမ္မပူဇာတေး
၆း၄၅	မျိုးချစ်တပ်မတော်
၆း၅၅	မြန်မာသံစဉ်ချိုနားဝင်
၇း၂၀	အမျိုးသားရေးတေးကဗျာ
၈း၁၀	ရှေးဟောင်းသုတ
၈း၃၅	ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
၈း၅၅	လျှပ်တစ်ပြက်
၄း၂၅	ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၃၅	ဇာတ်လမ်းတို
၆း၁၅	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၃၅	ကာတွန်းအစီအစဉ် - ထူးခြားချစ်စရာဒမ်ဗာ အပိုင်း(၁၃)
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပန်းပန်လျက်ပါ (အပိုင်း-၃၆)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ ဒို့တာဝန်အရေး(၃)ပါး နိုင်ငံတကာသတင်း မိုးလေဝသသတင်း ရှင်းပွားရဲ့ဂိမ်းကမ္ဘာ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်

MRTV-4

၅း၄၀	"ကျေးဇူးကြီးလှ မိနှင့်ဘ" တရားတော်(ပုပ္ပား(၂) ဆရာတော်) (ဘဒ္ဒန္တသောဘန)
၆း၄၀	**MRTV**-4ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရှူး"(အပိုင်း-၄၀)
၁၀း၀၀	ခေတ်သစ်ပျိုမေ
၁၀း၄၀	အနုပညာမိုးကောင်းကင်
၁၂း၃၅	မလေးရှားလေယာဉ်ပျောက်ဆုံးမှု ဆွေးနွေးခန်း(အပိုင်း-၁)
၃း၄၅	ခါသကြန်အဆိုအကများ
၈း၁၅	ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူမှုဆိုင်ရာ အထိမ်းအမှတ်အခမ်းအနား
၈း၃၅	**MRTV**-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသော နှလုံးသား" (ဇာတ်သိမ်းပိုင်း)
၁၀း၁၀	Intellectual Talk ကမ္ဘာမြေကိုကယ်တင်စို့ (ဒေါက်တာခင်မောင်ညို၊ ဦးအုန်း)
၃း၃၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၃၅	ပတ္တမြားမြေသို့ အလည်တစ်ခေါက်

မီးသတိပြု

အမည်ပြောင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်-၂၈၆၊ ရွှေဘုံသာလမ်းနေ ဦးအနီး(လ်)ရတီလာ(လ်) ၏ သမီးဖြစ်သူ [၁၂/ပသတ(ညေ့) ၀၀၀၇၂၀] ကိုင်ဆောင်သူ နီရှာ(ခ)မဟေမာန် အမည် အား ယနေ့မှစ၍ နီရှားအနီး(လ်)ရတီလာ(လ်)NISHA ANIL RATILALဟု ပြောင်းလဲခေါ်ဆိုပါရန်။

NISHA ANIL RATILAL & PARENTS
နီရှားအနီး(လ်)ရတီလာ(လ်)

အမည်ငှားမည်

ဓမ္မစေတီလမ်းနှင့် ဗားဂရာလမ်းထောင့်တွင် ရှိသော "ပန်းခြံတာဝါ" (ကွန်ဒို) တတိယထပ် (အသင့်ပြင်ဆင်ပြီး) တိုက်ခန်းငှားမည်။

ဖုန်း -၀၉-၅၀၅၅၂၂၂
၀၉-၅၅၅၇၈၅၅
၀၉-၇၃၀၇၅၇၇၃

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(မှော်ဘီ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(မှော်ဘီ)တွင် အောက်ဖော်ပြပါလုပ်ငန်းများအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာငွေကျပ်ဖြင့် ဆောင်ရွက်လိုပါကြောင်း ကြေညာအပ်ပါသည်။

၁။ **Archi**ဌာန **Workshop**မျက်နှာကျက် (၁၆၀'×၆၀')တပ်ဆင်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၅-၃-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(မှော်ဘီ)တွင် လာရောက် ထုတ်ယူနိုင်ပြီး ၂၈-၃-၂၀၁၄ရက် ၁၅း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ်(မှော်ဘီ) ဖုန်းနံပါတ်-၀၉-၃၁၅၁၇၃၇၇ သို့ စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ
နည်းပညာတက္ကသိုလ်(မှော်ဘီ)

စပိန်လာလီဂါရင်ခုန်သံ – ၃၁

စပိန်လာလီဂါပွဲစဉ်(၃၁)ကိုလာမယ့် မတ်လ ၂၉၊ ၃၀၊ ၃၁ ရက်နှင့် ဧပြီ ၁ ရက်မှာ ကျင်းပသွားဖို့ရှိပါတယ်။ ဒီပွဲစဉ်မှာ ဘီဘာအိုနဲ့ အက်သလက်ဆုံတွေ့နေလို့ အကြိတ်အနယ်ရှိမှာပါ။

အက်စ်ပနိုညို - ဘာစီလိုနာ ည ၉း၃၀(၂၉-၃-၁၄)

အက်စ်ပနိုညိုက ခြေသာမန်သာ ရှိပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာ အိမ်ကွင်းဖြစ်ပေမယ့်လည်း ဘာစီလိုနာကို တုံ့ပြန်နိုင်တဲ့အင်အားမျိုး မရှိပါဘူး။ ဘာစီလိုနာကပဲ အဝေးကွင်းမှာဖိအားပေးပြီး အနိုင်ရသွားမယ်လို့ယူဆမိတယ်။

ဆယ်တာဗီဂို - ဆီဗီးလ် ည ၁၁း၃၀(၂၉-၃-၁၄)

ဆီဗီးလ်က လက်ရှိခြေကောင်းမွန်နေတာမှန်တယ်။ ဒါပေမယ့် အဝေးကွင်းမှာ တည်ငြိမ်မှုအားနည်းတယ်။ ကစားပုံ အားပျော့တတ်တယ်။ ဆယ်တာဗီဂိုခြေကသာမန်သာရှိပေမယ့်လည်း အိမ်ကွင်းဖြစ်တယ်။ ဆီဗီးလ်သရေလောက်ပဲရမယ်။

ဘီဘာအို - အက်သလက် နံနက် ၁း၃၀(၃၀-၃-၁၄)

အက်သလက်က ခြေစွမ်းပိုင်း ကောင်းမွန်နေပေမယ့် ဘီဘာအို အိမ်ကွင်းအားကို ခက်ခဲစွာကျော်ဖြတ်ရဖို့ရှိတယ်။ ဘီဘာအိုက အိမ်ကွင်းဆိုရင်ကစားပုံကောင်းမွန်တတ်ကာ အမှတ်ရဖို့ အားစိုက်လာမှာပါ။ ဘီဘာအိုသရေလောက်ရမယ်။

ရီးယဲလ် - ဗယ်လီကာနို နံနက် ၃း၃၀(၃၀-၃-၁၄)

ဗယ်လီကာနိုက ခြေသာမန်သာရှိတယ်။ ဘာစီလိုနာ၊ ဆီဗီးလ်တို့နဲ့ ဆက်တိုက်ကစားခဲ့ရတဲ့ ရီးယဲလ်တို့ ပွဲပန်းလာနိုင်ပါတယ်။ ဒါပေမယ့် ချန်ပီယံဖြစ်ဖို့ ဒီလိုပွဲမျိုးမှာ အမှားခံမှာမဟုတ်ဘူး။ ရီးယဲလ်ကပဲ ဖိအားပေးပြီး အနိုင်ရသွားမယ်လို့ယူဆမိတယ်။

ဗယ်လာဒိုးလစ် - အယ်မာရီးယား ညနေ ၄း၃၀(၃၀-၃-၁၄)

လက်ရှိ ခြေစွမ်းအရ ကွာဟမှုအနည်းငယ် ကျဉ်းမြောင်းပါတယ်။ ဒါပေမယ့် ဗယ်လာဒိုးလစ်က အိမ်ကွင်းဖြစ်တာကြောင့် အမှားအယွင်း အဖြစ်ခံမှာမဟုတ်ဘူး။ အမှတ်ရအောင်အားစိုက်ကစားသွားမှာပါ။ ဗယ်လာဒိုးလစ်တို့ အိမ်ကွင်းမှာကပ်ပြီး အနိုင်ရသွားဖို့ရှိတယ်။

အိုဆာစူနာ - ဆိုစီဒက် ည ၉း၃၀(၃၀-၃-၁၄)

အိုဆာစူနာကလက်ရှိခြေပျက်ယွင်းနေပေမယ့်လည်း တန်းမဆင်းရဖို့ အားစိုက်လာမှာဖြစ်တယ်။ ဒါပေမယ့် ဥရောပဝင်ခွင့်ရဖို့ကြိုးစားနေတဲ့ဆိုစီဒက်ဟာ ဒီလိုပွဲမျိုးမှာ နိုင်ပွဲရအောင် အားစိုက်လာပါလိမ့်မယ်။ ဆိုစီဒက်ကပ်ပြီး အနိုင်ရသွားဖို့ရှိပါတယ်။

ဗီလာရီးယဲလ် - အဲလ်ချီ ည ၁၁း၃၀(၃၀-၃-၁၄)

အဲလ်ချီခြေကလည်း အဝေးကွင်းဆိုရင် တည်ငြိမ်မှုအားနည်း တတ်တယ်။ ဒါ့အပြင် ဗီလာရီးယဲလ်ခြေပျက်ယွင်းနေပေမယ့် အိမ်ကွင်းဖြစ်တယ်။ ဥရောပဝင်ခွင့်ရဖို့လည်းအားစိုက်နေတယ်။ ဒါကြောင့် အမှတ်ရအောင် အားစိုက်လာမှာပါ။ ဗီလာရီးယဲလ်နဲ့ပဲ ရပ်တည်ရမယ်။

ဗလန်စီယာ - ဂီတာဖေး နံနက် ၁း၃၀(၃၁-၃-၁၄)

ဂီတာဖေးက တန်းမဆင်းရဖို့ ရုန်းကန်နေပေမယ့် ခြေသာမန်သာ ရှိတယ်။ ဗလန်စီယာရဲ့ အိမ်ကွင်းခြေက တည်ငြိမ်မှုအပြည့်ရှိပါတယ်။ ဥရောပမျှော်လင့်ချက်အတွက် အထူးအားစိုက်လာမှာပါ။ ဗလန်စီယာပဲ အိမ်ကွင်းမှာကပ်ပြီးအနိုင်ယူသွားမှာပါ။

ဂရန်နာဒါ - လီဗန်တေး နံနက် ၀၀း၃၀(၁-၄-၁၄)

လီဗန်တေးရဲ့ ခြေကလည်း အကျဘက်ကို ရောက်နေပါတယ်။ အထူးသဖြင့် လီဗန်တေးဟာ အဝေးကွင်းပွဲစဉ်မှာ ခြေစွမ်းပိုင်းပိုမိုမတည်ငြိမ်တတ်ဘူး။ ဂရန်နာဒါက အိမ်ကွင်းမှာ အားစိုက်လာမယ့် အသင်းပါ။ ဂရန်နာဒါတို့ သရေလောက်ကစားသွားဖို့ရှိပါတယ်။

ဘက်တစ် - မာလာဂါ နံနက် ၂း၃၀ (၁-၄-၁၄)

မာလာဂါက တိုက်စစ်ပိုင်းအားနည်းပေမယ့် လက်ရှိခြေစွမ်းပိုင်း အားကောင်းတယ်။ အမှတ်ပေးဇယားအောက်ဆုံးက ဘက်တစ်အနေနဲ့ မာလာဂါကို ဟန့်တားဖို့ခက်မှာပါ။ မာလာဂါကပဲ အဝေးကွင်းမှာ အနိုင်ရသွားမယ်လို့ယူဆမိတယ်။

ရှိုင်းမင်းမင်း

ဟာသာဘာလင်ကို အနိုင်ရရှိပြီး ခုနစ်ပွဲကစားရန် ကျန်နေသေးသော်လည်း ဘိုင်ယန်မြူးနစ်အသင်း ဘွန်ဒက်လီဂါဖလား(၂၄)ကြိမ်မြောက် ဆွတ်ခူး

ဂျာမန်ဘွန်ဒက်လီဂါကလပ်ဘိုင်ယန်မြူးနစ်အသင်းသည် ဘွန်ဒက်လီဂါပွဲစဉ်(၂၇)အဖြစ် မတ် ၂၅ ရက်ညပိုင်းက ဟာသာဘာလင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီးနောက် ဟာသာဘာလင်အသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းသို့ ဘိုင်ယန်မြူးနစ်အသင်းသည် ဟာသာဘာလင်အသင်းအား အနိုင်ရရှိခဲ့ပြီးနောက် ဘွန်ဒက်လီဂါပွဲစဉ် ခုနစ်ပွဲကစားရန်ကျန်နေသေးသော်လည်း ဘွန်ဒက်လီဂါဖလားကို (၂၄)ကြိမ်မြောက်အဖြစ် ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ်ဘွန်ဒက်လီဂါပြိုင်ပွဲတွင် ၂၇ ပွဲကစားပြီးနောက် နိုင်ပွဲ ၂၅ ပွဲနှင့် သရေပွဲ နှစ်ပွဲဖြင့် ရှုံးပွဲမရှိစံချိန်တင်ထားနိုင်ခဲ့သည်။ လက်ရှိအချိန်တွင် ရမှတ် ၇၇ မှတ်ရရှိထားပြီး အမှတ်ပေးဇယား၏ ဒုတိယနေရာမှ ဒေါ့မွန်အသင်းကို ၂၅ မှတ်အထိ ဖြတ်ထားနိုင်ခဲ့ခြင်းကြောင့် ခုနစ်ပွဲကစားရန်ကျန်နေသေးသည့်အချိန်တွင်ပင် ဘွန်ဒက်လီဂါဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ပြီးခဲ့သည့်နှစ်က နည်းပြဂျက်ဟေးနက်ကိုင်တွယ်စဉ် တစ်နှစ်တည်း ဖလားသုံးလုံးရယူဆွတ်ခူးနိုင်ခဲ့သည့်အပြင် ယခုနှစ် နည်းပြဂွါဒီယိုလာကိုင်တွယ်ချိန်တွင်လည်း ယူအီးအက်ဖ်အေစူပါဖလားနှင့် ဖီဖာကလပ်ကမ္ဘာ့ဖလားတို့ကို ဆွတ်ခူးထားနိုင်ခဲ့ပြီး လက်ရှိတွင်လည်း ခုနစ်ပွဲကစားရန် ကျန်နေသေးသော်လည်း ဘွန်ဒက်လီဂါဖလားကို ရယူနိုင်ခဲ့ပြီဖြစ်သည်။

ထို့ပြင် ယခုနှစ်ဘောလုံးရာသီတွင် ကစားသမားများ၏ စွမ်းဆောင်ရည်ကောင်းမွန်မှုကြောင့် ချန်ပီယံလိဂ်တွင်လည်း ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းထားနိုင်ခဲ့ကာ ကွာတားဖိုင်နယ်တွင် မန်ယူနှင့်ကစားရမည်ဖြစ်ပြီး ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်သို့ တက်ရောက်လျက်ရှိရာ ဝုလ်ဖ်ဘတ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ထို့ကြောင့် ယင်းဖလားများကိုလည်း ရယူနိုင်ရန် မျှော်လင့်ချက်ရှိနေသေးကြောင်း နည်းပြဂွါဒီယိုလာက ပြောကြားခဲ့သည်။

ဆိုနီအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်တွင် အန်ဒီမာရေးနှင့် ဂျိုကိုဗစ်တို့ ရင်ဆိုင်တွေ့မည်

မီယာမီ၌ ယှဉ်ပြိုင်ကစားခဲ့သည့် ဆိုနီအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေးသည် ပြင်သစ်တင်းနစ်ကစားသမား ဆွန်ဂါအား အနိုင်ရရှိခဲ့ပြီးနောက် ကွာတားဖိုင်နယ်အဆင့်တွင် ဆာဘီးယားပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

လက်ရှိဆိုနီအိုးပင်းတင်းနစ်ချန်ပီယံ အန်ဒီမာရေးသည် ပြင်သစ်တင်းနစ်ကစားသမား ဆွန်ဂါအား ၆-၄၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့အဆင့်(၂)နေရာရှိ ဂျိုကိုဗစ်သည် စပိန်တင်းနစ်ကစားသမား ရိုဘရီဒိုအား ၆-၃၊ ၇-၅ ဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး တင်းနစ်အကျော်အမော် ရော်ဂျာဖက်ဒဲရားမှာမူ ရစ်ချက်ဂတ်စကွက်အား ၆-၁၊ ၆-၂ ဖြင့် ရှုံးနိမ့်ကာ ဆိုနီအိုးပင်းတင်းနစ်ဖလားပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သည်။

အခြားပွဲစဉ်များအဖြစ် ကနေဒါတင်းနစ်ကစားသမား ရာအိုနစ်နှင့် ဂျာမနီတင်းနစ်ကစားသမား ဘက်ကာတို့၏ ပွဲစဉ်တွင် ရာအိုနစ်က ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းလာနိုင်ခဲ့ပြီး ယူကရိန်းတင်းနစ်ကစားသမား ဒိုလ်ဂိုပိုလော့ဗ်နှင့် ဆွစ်ဇာလန်တင်းနစ်ကစားသမား ဝေါရင်ကာတို့၏ ပွဲစဉ်တွင် ဒိုလ်ဂိုပိုလော့ဗ်က ဝေါရင်ကာ အား ၆-၄၊ ၃-၆၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းလာခဲ့သည်။

ရာဖေးလ်နာဒယ်နှင့် အီတလီတင်းနစ်အကျော်အမော် ဖော့ဂ်နီနီတို့ပွဲစဉ်တွင် ရာဖေးလ်နာဒယ်က ၆-၂၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းလာနိုင်ခဲ့ပြီး

ဂျပန်တင်းနစ်ကစားသမား နီရှိကိုရီနှင့် စပိန်တင်းနစ်ကစားသမားဒေးဗစ်ဖာရာတို့၏ပွဲစဉ်တွင် နီရှိကိုရီက ဖာရာအား ၇-၆(၉-၇)၊ ၃-၆၊ ၇-၆(၁၁-၉)ဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။





ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်နိုင်ပါရန် ဖိတ်ခေါ်ခြင်း

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများကို အောင်မြင်စွာကျင်းပနိုင်ခဲ့မှုအပေါ် ဝမ်းမြောက်ဂုဏ်ယူ စိတ်ပါဝင်စားသူများ၏ တောင်းဆိုမှု၊ အကြံပေးမှုများအရ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီသည် "Presenting and Discussion Operational Management On SEA Games Opening and Closing Ceremony" ခေါင်းစဉ်ဖြင့် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြမှုအား (၂၈-၃-၂၀၁၄)ရက်နေ့၊ သောကြာနေ့(၀၉၀၀)နာရီမှ(၁၂၀၀)နာရီအထိ ရန်ကုန်မြို့၊ Chatrium Hotel Ballroom ၌ ကျင်းပမည်ဖြစ်၍ စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးမေးမြန်းနိုင်ပါသည်။ နေရာကန့်သတ်ချက်ရှိပါသောကြောင့် ကြိုတင်စီစဉ်နိုင်ရန်အတွက် မခင်ဦး (ဖုန်းနံပါတ်-၀၉-၄၂၂၅၁၅၁၀၀)သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အမှတ်(၅/ခ)၊ ဥက္ကလာသီရိပန်းခြံလမ်း၊ ဃ/တိုးချဲ့ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(ဃ/တိုးချဲ့)၊ မြေကွက်အမှတ်(၅/ခ)၊ ဧရိယာ(၀. ၁၀၃)ဧကရှိ နှစ်(၆၀)ဂရန်မြေသည် ဦးလှမြင့်(CB-၀၂၆၄၂၇)နှင့် ဒေါ်တင်တင်ဝင်း (CC-၀၃၅၆၁၇)တို့ ပူးတွဲအမည်ပေါက်ဖြစ်ပါသည်။ အမည်ပေါက်များထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး SP-၂၀၉၆၇/၂၀၁၃ ရရှိထားသူ ဒေါ်သန်းသန်းအေး[၇/ပတန(နိုင်)၀၀၃၇၄၄] ထံမှ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှဝေ (စဉ်-၇၁၂၄)

ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁) **ဒေါ်ဖြိုးဖြိုးမြင့်(စဉ်-၂၉၈၁၂)**

တရားလွှတ်တော်ရှေ့နေများ **အထက်တန်းရှေ့နေ**

အမှတ်-၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၇၃၀၀၅၄၃၄၊ ၀၉ ၇၃၂၀၃၂၆၀၊ ၀၉ ၄၃၁၁၅၄၃၂





ဒေသဆိုင်ရာ ပင်လယ်ရေကြောင်း ပိုင်နက်အငြင်းပွားမှု အမေရိကန် ဘက်လိုက်ခြင်းမပြုရန် တရုတ်တိုက်တွန်း

သည်ဟိတ် မတ် ၂၆

အရှေ့တရုတ်ပင်လယ်နှင့် တောင်တရုတ်ပင်လယ်တို့တွင် ဖြစ်ပေါ်သည့် အငြင်းပွားမှုများနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုက ဘက်လိုက်မှုမပြုသင့်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားသည်။

နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့၌ ကျင်းပသည့် နျူကလီးယားလုံခြုံရေးဆိုင်ရာ ထိပ်သီးညီလာခံကာလအတွင်း အမေရိကန်သမ္မတဘာရက်အိုဘားမားနှင့် သီးခြားတွေ့ဆုံရာတွင် တရုတ်သမ္မတက အထက်ပါအတိုင်း တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

သမ္မတအိုဘားမားနှင့် သမ္မတရှီကျင့်ဖျင်တို့သည် ယူကရိန်း၊ မြောက်ကိုရီးယား အခြေအနေတို့နှင့်ပတ်သက်၍လည်းကောင်း၊ နှစ်နိုင်ငံစစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရေးနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

တောင်တရုတ်ပင်လယ်တွင် ပင်လယ်ရေကြောင်း ပိုင်နက်နယ်မြေ အငြင်းပွားမှုများကြောင့် တရုတ်နိုင်ငံနှင့် ၎င်း၏ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား တင်းမာမှုများဖြစ်ပေါ်ခဲ့ရသည်။ တရုတ်နိုင်ငံသည် အရှေ့တရုတ်ပင်လယ်ရှိ လူသူနေထိုင်ခြင်းမရှိသော ကျွန်းငယ်များပိုင်ဆိုင်မှုအရေးနှင့်ပတ်သက်၍လည်း ဂျပန်နိုင်ငံနှင့် သီးခြားအငြင်းပွားမှု ဖြစ်ပေါ်ခဲ့သည်။

ကျွန်းများပိုင်ဆိုင်မှု အငြင်းပွားမှုများတွင် အမေရိကန်ပြည်ထောင်စုက ဘက်လိုက်ခြင်းမပြုရန် တရုတ်နိုင်ငံက ထပ်တလဲလဲ သတိပေးခဲ့သည်။ **ဆင်ဟွာ။**

မတ် ၂၄ ရက်က နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့ရှိ အမေရိကန်သံအမတ်ကြီးနေအိမ်တွင် တရုတ်နှင့် အမေရိကန်ခေါင်းဆောင်များ တွေ့ဆုံကြစဉ်။

တာလတ်ပစ်ဒုံးကျည်များ မြောက်ကိုရီးယား စမ်းသပ်ပစ်ခတ်

ဆိုးလ် မတ် ၂၆

နယ်သာလန်နိုင်ငံ၌ အမေရိကန်ပြည်ထောင်စု၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ တွေ့ဆုံဆွေးနွေးကြပြီးနောက် နာရီပိုင်းမျှအကြာတွင် မြောက်ကိုရီးယားနိုင်ငံက တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်နှစ်စင်းကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ဗုဒ္ဓဟူးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ပစ်ခတ်

၂၀၀၉ခုနှစ်မှ ယခုအချိန်ကာလအထိ နိုဒေါင်းဒုံးကျည်ကို ပထမဆုံးအကြိမ်အဖြစ် ပစ်ခတ်ခြင်းဖြစ်သည်။ မကြာသေးမီသီတင်းပတ်များအတွင်းက ပစ်ခတ်ခဲ့သည့် တာတိုပစ်ဒုံးကျည်များကို အဆင့်မြှင့်တင်ထားခြင်းဖြစ်သည်။

အဆိုပါပစ်ခတ်မှုသည် တောင်ကိုရီးယားစစ်သင်္ဘောနစ်မြုပ်သည့် လေးနှစ်မြောက်ကျရောက်သည့် နှစ်ပတ်လည်နေ့တွင်လည်းဖြစ်သည်။

ပြုံယမ်းသည် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များကို ချိုးဖောက်ခြင်းဖြစ်သည့်အတွက် ဝါရှင်တန်နှင့် ဆိုးလ်တို့က ပြစ်တင်ရှုတ်ချကြသည်။

ယင်းသို့ ပြုံယမ်း၏စမ်းသပ်ပစ်ခတ်မှုသည် တင်းမာမှုအရှိန်မြင့်တက်စေသော ရန်စလှုံ့ဆော်မှုဖြစ်သည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ဖော်ပြသည်။

ပြုံယမ်းမြို့မြောက်ဘက် ဆူခွန်ဒေသမှပစ်လွှတ်လိုက်သည့် ဒုံးကျည်များသည် မိုင်ပေါင်း ၄၀၀ ခန့် ပျံသန်းပြီး ကိုရီးယားကျွန်းဆွယ် အရှေ့ဘက်ကမ်းခြေ၏ ကမ်းလွန်ပင်လယ်ပြင်အတွင်းသို့ ကျရောက်ခဲ့ကြောင်း၊ ယင်းတို့သည် ဂျပန်နိုင်ငံသာမက တရုတ်နှင့် ရုရှားနိုင်ငံတို့တိုင်အောင် ရောက်ရှိနိုင်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။ **ဘီဘီစီ။**

ပြုံယမ်းမြို့၌ ကျင်းပသော စစ်ရေးပြအခမ်းအနားတွင် တာလတ်ပစ်ဒုံးကျည်များကို ပြသခဲ့သည့်မှတ်တမ်းပုံ။

ဥရောပသမဂ္ဂဌာနချုပ်သို့ သမ္မတ အိုဘားမား ရောက်ရှိ ရုရှားကို ဂျီ-၇ နိုင်ငံများ စီးပွားရေးဒဏ်ခတ်မည်

ဘရပ်ဆယ်လ် မတ် ၂၆

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်လ်မြို့ရှိ ဥရောပသမဂ္ဂ(အီးယူ)ဌာနချုပ်သို့ ပထမဆုံးအကြိမ် ရောက်ရှိလာသည်။

ခရိုင်းမီးယားဒေသ ပဋိပက္ခနှင့်ပတ်သက်၍ နိုင်ငံတကာ၌ တင်းမာမှုများဖြစ်ပေါ်နေချိန်တွင် အီးယူဌာနချုပ်သို့ အိုဘားမား ရောက်ရှိလာခြင်းဖြစ်သည်။ သမ္မတအိုဘားမားသည် အမေရိကန်-အီးယူထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် စီစဉ်ထားသည်။

ခရိုင်းမီးယားဒေသအား ရုရှားနိုင်ငံက လွှဲပြောင်းရယူလိုက်ခြင်းနှင့်ပတ်သက်၍ အမေရိကန်နှင့် အီးယူနိုင်ငံများက ပြင်းပြင်းထန်ထန် ဝေဖန်ကန့်ကွက်နေချိန်တွင် အဆိုပါထိပ်သီးဆွေးနွေးပွဲကို ကျင်းပမည်ဖြစ်သည်။

နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့၌ ကျင်းပသော နျူကလီးယားလုံခြုံရေးဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲသို့ သမ္မတအိုဘားမား တက်ရောက်ခဲ့ပြီးနောက် အမေရိကန်-အီးယူ ထိပ်သီးဆွေးနွေးပွဲကို ကျင်းပမည်ဖြစ်သည်။

ထိုစဉ်အတွင်း ရုရှားနိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ်မှုတိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ကြောင်း စက်မှုဖွံ့ဖြိုးပြီးခုနစ်နိုင်ငံအုပ်စု(ဂျီ-၇)ခေါင်းဆောင်များက ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ရုရှားနိုင်ငံသည် ယူကရိန်းနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုနှင့် ပိုင်နက်နယ်မြေ စုစည်းတည်ရှိမှုတို့ကို ချိုးဖောက်မှုကြောင့် ယင်းနိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ်မှုတိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

စီးပွားရေးကဏ္ဍအလိုက် အရေးယူပိတ်ဆို့မှုပြုလုပ်မည်ဖြစ်ရာ ရုရှားနိုင်ငံ၏ စီးပွားရေးကို သိသိသာသာထိခိုက်စေမည်ဖြစ်နိုင်ကြောင်း အမေရိကန် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့၌ ကျင်းပသော နျူကလီးယားလုံခြုံရေးဆိုင်ရာ ထိပ်သီးညီလာခံကာလအတွင်း ဂျီ-၇ခေါင်းဆောင်များ သီးခြားတွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ယင်းကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ **ရိုက်တာ။**

ဖိလစ်ပိုင်တောင်ပိုင်းတွင် ချုံခိုတိုက်ခိုက်၊ စစ်အရာရှိတစ်ဦးသေဆုံး

ဒါဗာအိုစီးတီး မတ် ၂၆

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် မတ် ၂၀ရက်နှောင်းပိုင်းက လက်ဝဲသူပုန်အဖွဲ့ဝင်များဟုယူဆရသူများက ချုံခိုတိုက်ခိုက်သဖြင့် ကြည်းတပ်အရာရှိတစ်ဦးသေဆုံးပြီး တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိကြောင်း စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက မတ် ၂၆ရက်တွင် ပြောကြားသည်။

ဖိလစ်ပိုင်တောင်ပိုင်း ဂူဆန်ဒဲလ်ဆာပြည်နယ်၊ ပရိုပါရီဒက်မြို့၊ လော့စ်အာခေါ့စ်ကျေးရွာတွင် အဆိုပါ ချုံခိုတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။ ဖိလစ်ပိုင်ကြည်းတပ် အထူးတပ်ဖွဲ့ဝင်များက ဆူရီဂါအိုဒဲလ်ဆာပြည်နယ်၊ လီယန်ဂါမြို့သို့ စစ်ကားဖြင့်သွားရောက်နေချိန်အတွင်း ချုံခိုတိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း စစ်ဘက်ဆိုင်ရာတာဝန်ရှိသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ **ဆင်ဟွာ။**

ဂီနီနိုင်ငံ၌ အီဘိုလာဗိုင်းရပ်ကာကွယ်ရန် လင်းနို့များ ရောင်းဝယ်စားသုံးခြင်း ပိတ်ပင်

ကိုနာကရီ မတ် ၂၆

ဂီနီနိုင်ငံတွင် အသက်ဆုံးရှုံးသည်အထိ အန္တရာယ်ပေးသော အီဘိုလာဗိုင်းရပ် ပျံ့နှံ့ခြင်းကို ကာကွယ်သောအားဖြင့် လင်းနို့များရောင်းဝယ်ခြင်းနှင့် စားသုံးခြင်းကို ပိတ်ပင်တားမြစ်လိုက်ကြောင်း ကျန်းမာရေးဝန်ကြီးက ပြောကြားသည်ဟု အင်္ဂါနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အနံ့အရသာနှင့်ပြည့်စုံသော ဒေသန္တရဟင်းလျာဖြစ်သည့် လင်းနို့များသည် နိုင်ငံတောင်ပိုင်း၌ အီဘိုလာဖြစ်ပွားရခြင်းတွင် အဓိကဗိုင်းရပ်ဖြန့်ဝေသူဖြစ်ဖွယ်ရာရှိသည်ဟု ဝန်ကြီး ရီနီလာမတ်ချ်က ပြောသည်။

ဂီနီနိုင်ငံတွင် ယင်းဗိုင်းရပ်ကြောင့် ယခုအခါ ၆၂ဦးသေဆုံးခဲ့ရပြီး အိမ်နီးချင်း လိုင်ဘေးရီးယားနှင့် ဆီရာလီယွန်တို့တွင်လည်း အလားတူရောဂါများ ဖြစ်ပွားနေသည်ဟု သံသယရှိကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

အီဘိုလာသည် နီးကပ်စွာထိတွေ့ခြင်းမှတစ်ဆင့် ပျံ့နှံ့သည်။ ၎င်းရောဂါကို ကုသနိုင်ခြင်းမရှိသကဲ့သို့ ပျောက်ကင်းနိုင်စေသော ဆေးဝါးလည်းမရှိသေးဟု သိရသည်။ ရောဂါ၏လက္ခဏာများတွင် ခန္ဓာကိုယ်အတွင်းအပြင်မှ သွေးများယိုစီးခြင်း၊ ဝမ်းလျှောခြင်းနှင့် အန်ခြင်းတို့ ဖြစ်သည်။

အီဘိုလာသည် ဂီနီနိုင်ငံ၌ ပထမဆုံးအကြိမ် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၎င်းမှ မိုင်ထောင်ချီဝေးသော ယူဂန္ဓာနှင့် ကွန်ဂိုနိုင်ငံတို့တွင်လည်း ဖြစ်ပွားသည်။

ဝန်ကြီး လာမတ်ချ်သည် ရောဂါကူးစက်ပျံ့နှံ့ရာဗဟိုဌာနဖြစ်သော သစ်တောဒေသများသို့သွားရောက်စဉ် အဆိုပါပိတ်ပင်တားမြစ်ခြင်းကို ကြေညာခဲ့သည်။

လင်းနို့ကို ငရုတ်ကောင်းနှင့် စွတ်ပြုတ်သဖွယ်ချက်၍ ကျေးလက်အရက်ဆိုင်များတွင် ရောင်းချသည်ဟုဆိုသည်။ မီးဖိုပေါ်တွင်ကင်၍လည်း စားသောက်နိုင်သည်ဟုဆိုသည်။ **ဘီဘီစီ။**

ဂီနီနိုင်ငံ မြို့တော်ကိုနာကရီတွင် အီဘိုလာဗိုင်းရပ်ကာကွယ်ရေး ဆောင်ရွက်စဉ်။

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၆ ။)

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၁၄ ခုနှစ်၊ မတ်လ ၂၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ပါရှိသော “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး”ဆိုသည့် စကားရပ်အစား “ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန် ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (ခ)၊ (ဃ)၊ (ဈ) နှင့် (ထ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ခ) **အခွန်ထမ်း** ဆိုသည်မှာ ဤဥပဒေအရ အခွန်ပေးဆောင်ရန် တာဝန်ရှိသူကို ဆိုသည်။

(ဃ) **ဝန်ဆောင်မှု** ဆိုသည်မှာ အခကြေးငွေ၊ အဖိုးအခ သို့မဟုတ် အဖိုးစားနားဖြင့် ဆောင်ရွက်ပေးခြင်းကို ဆိုသည်။

(ဈ) **တင်သွင်းသူ** ဆိုသည်မှာ ကုန်စည်ကိုဖြစ်စေ၊ ဝန်ဆောင်မှုကို ဖြစ်စေ မည်သည့်နည်းလမ်းဖြင့်မဆို ပြည်ပမှတင်သွင်း ဆောင်ရွက်သူကို ဆိုသည်။

(ထ) **မြို့နယ်အခွန်ဦးစီးဌာနမှူး** ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့် အခွန်ကို စည်းကြပ်ကောက်ခံရန် တာဝန်ပေးထားသည့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ တာဝန်ခံအရာရှိကို ဆိုသည်။ ယင်းစကားရပ်တွင် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၁၀ အရ တာဝန်ခွဲဝေပေးအပ်ထားသော ဦးစီးအရာရှိများနှင့် ဒုတိယဦးစီးမှူးများလည်း ပါဝင်သည်။”

(ခ) ပုဒ်မခွဲ (ထ) ၏ နောက်တွင် ပုဒ်မခွဲ (ဒ)၊ (ဓ) နှင့် (န) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(ဒ) **ကုန်သွယ်မှု** ဆိုသည်မှာ ကုန်စည်ကို လက်ငင်းဖြစ်စေ၊ အကြွေးဖြင့်ဖြစ်စေ၊ အခြားဆိုင်းငံ့စနစ်ဖြင့်ဖြစ်စေ၊ ကြိုတင်အရောင်းစနစ်ဖြင့်ဖြစ်စေ၊ ကုန်စည်ချင်း လဲလှယ်ခြင်းစနစ်ဖြင့်ဖြစ်စေ၊ အပ်ကုန်စနစ်ဖြင့်ဖြစ်စေ ဝယ်ယူရောင်းချသည့် ဆောင်ရွက်မှုကို ဆိုသည်။

(ဓ) **ကုန်သွယ်မှုဆောင်ရွက်သူ** ဆိုသည်မှာ ကုန်သွယ်မှုကို ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်အဖြစ်ဖြစ်စေ၊ အခြားမည်သည့်နည်းလမ်းဖြင့်ဖြစ်စေ ဆောင်ရွက်သူကို ဆိုသည်။

(န) **ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်တင်သွင်းရမည့် အခွန်အကောက်များဆိုင်ရာ ဥပဒေကို ဆိုသည်။”

၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၄။ မည်သူမဆို အောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် ဇယား၌ ဖော်ပြထားသည့်အတိုင်း အခွန်ကျသင့်စေရမည်-

(က) ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊

(ခ) ကုန်စည်တင်သွင်းခြင်း၊

(ဂ) ကုန်သွယ်မှု ဆောင်ရွက်ခြင်း၊

(ဃ) ဝန်ဆောင်မှု ဆောင်ရွက်ခြင်း။”

၆။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၅။ ပုဒ်မ ၄ အရ ကျသင့်သော အခွန်ကို -

(က) ကုန်စည်တင်သွင်းခြင်းဖြစ်ပါက ကုန်စည်တင်သွင်းသူက ပေးဆောင်ရမည်။

(ခ) ကုန်စည်ထုတ်လုပ်ခြင်း သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်ခြင်း သို့မဟုတ် တင်သွင်းလာသည့် ကုန်စည်ကို ပြန်လည်ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ခြင်းဖြစ်ပါက ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှု ဆောင်ရွက်သူ သို့မဟုတ် ကုန်စည်တင်သွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူက ကုန်သွယ်လုပ်ငန်းခွန် မကျသင့်မီရောင်းရငွေ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်မီရငွေနှင့်အတူ ကုန်စည်ကို ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုကို ရယူသူထံမှ အခွန်ကို တစ်ပါတည်း ကောက်ခံပြီး ပေးဆောင်ရမည်။

(ဂ) ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပါ အထူးကုန်စည်များဖြစ်ပါက ကုန်ထုတ်လုပ်သူ၊ ကုန်စည်ကို တင်သွင်းသူက ပေးဆောင်ရမည်။”

၇။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၆။ မည်သည့်နှစ်အတွက်မဆို ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့်-

(က) ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ဖော်ပြချက်များကို ဖြစ်စေ၊ အခွန်နှုန်းများကိုဖြစ်စေ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့ပြုနိုင်သည်။

(ခ) အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေပမာဏကို သတ်မှတ်နိုင်သည်။”

၈။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၇ ၏ နောက်တွင် ရှင်းလင်းချက်ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“ရှင်းလင်းချက်။ ကုသိုလ်ရေး ဆိုသည်တွင် ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးသူများနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ခံရသူများအား ကယ်ဆယ်စောင့်ရှောက်ရေးစသည့် အများပြည်သူအကျိုးအတွက် ထောက်ပံ့ပေးကမ်းခြင်းများ ပါဝင်သည်။”

၉။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၈။ (က) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(၁) ကုန်စည်တစ်မျိုးမျိုးအတွက် ဖြစ်စေ၊ ဝန်ဆောင်မှုတစ်ရပ်ရပ်အတွက် ဖြစ်စေ၊ အခွန်ထမ်း တစ်ဦးဦးအတွက်ဖြစ်စေ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း၊

(၂) အသစ်ထူထောင်သော လုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် လက်ရှိ ဆောင်ရွက်ဆဲလုပ်ငန်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ပေးခြင်း-

(ကက) အသစ်တည်ဆောက်ရာတွင် သို့မဟုတ် ဆောင်ရွက်ဆဲ လုပ်ငန်းများတွင် တပ်ဆင်အသုံးပြုရန် ပြည်ပမှ တင်သွင်းသော စက်ပစ္စည်းများ၊ စက်ကိရိယာများနှင့် အခြားပစ္စည်းများအပေါ်တွင် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုခြင်း၊

(ခခ) ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း စီးပွားဖြစ် စတင်သောနေ့မှ တစ်ဆက်တည်း ၃၆ လအထိ နှစ်ကန့်သတ်ချက်ဖြင့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုခြင်း၊

(၃) နိုင်ငံတော်အတွင်း ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချသော ကုန်စည်တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုခြင်း။

(ခ) ပြည်ထောင်စုအစိုးရသည် အောက်ဖော်ပြပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်း ပြုလုပ်နိုင်သည် -

(၁) ပြည်တွင်း ပြည်ပ အလှူရှင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ နိုင်ငံတော်အတွင်း လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် လှူဒါန်းသည့် ကုန်စည်များ၊

(၂) ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ နိုင်ငံတော်သို့ အထောက်အပံ့များအဖြစ် ပေးအပ်သော ကုန်စည်များ၊

(၃) နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အလှူရှင်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ပညာရှင်များ၊ ကျွမ်းကျင်သူများ မြန်မာနိုင်ငံအတွင်း နေထိုင်စဉ်အသုံးပြုရန် တင်သွင်းလာသည့် အသုံးအဆောင်ပစ္စည်းများ၊

(၄) တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန် အခွင့်အရေးမှု (Reciprocal Basis) အရ သံတမန်များနှင့် စပ်လျဉ်းသည့် ကုန်စည်များ။”

၁၀။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၁၅ ပုဒ်မခွဲ (ဂ)၏ နောက်တွင် ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(ဃ) လစဉ်ပုံသေနှုန်းထားဖြင့် အခွန်ပေးဆောင်သူ။”

၁၁။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၁၅ နောက်တွင် ပုဒ်မ ၁၅-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“၁၅-က။ မည်သူမဆို မြန်မာနိုင်ငံမှ ထွက်ခွာသွားမည့်သူ ဖြစ်ပါက ဤဥပဒေအရ အခွန်ပေးဆောင်ရန် စီမံပြီးကြောင်း ထောက်ခံစာလက်မှတ်ကို စည်းမျဉ်းများပါ သတ်မှတ်ချက်များနှင့်အညီ ရယူရမည်။

သို့ရာတွင် ယင်းကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခြွင်းချက်ပြုနိုင်သည်။”

၁၂။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ခ) အခွန်ထမ်းသည် မိမိနှင့်သက်ဆိုင်သော မည်သည့်အမိန့်ကိုမဆို မကျေနပ်လျှင် စည်းမျဉ်းများနှင့်အညီ အယူခံဝင်ခွင့်ရှိသည်။ အခွန်ထမ်းသည် မြို့နယ်အခွန်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့်ဖြစ်ပါက အခွန်တောင်းခံလွှာ သို့မဟုတ် မိမိမကျေနပ်သော အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်းသုံးဆယ်အတွင်း အယူခံလွှာတင်သွင်းရမည်၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးက ချမှတ်သည့် အမိန့်ကို မကျေနပ်လျှင် အယူခံအခွန်ထမ်း သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ယင်းမကျေနပ်သော အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်းခြောက်ဆယ်အတွင်း အယူခံလွှာကို တင်သွင်းရမည်။ ကာလစည်းကမ်းသတ် တွက်ချက်ရာတွင် အောက်ပါကာလများကို နုတ်ပယ်ရမည် -

(၁) အယူခံဝင်လိုသည့် အမိန့် မိတ္တူကူးရန် လိုအပ်သော ကာလ၊

(၂) အခွန်အကျေမပေးသွင်းဘဲ အယူခံခွင့်တောင်းခံရယူသည့် ကာလ။”

၁၃။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၁၉ ၏ နောက်တွင် ပုဒ်မ ၁၉-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“၁၉-က။ (က) အခွန်အယူခံခုံအဖွဲ့၏ အမိန့်တွင် ဥပဒေကြောင်းနှင့် စပ်လျဉ်း၍ ဖြေရှင်းရမည့် အချက်တစ်ခုခုပေါ်ပေါက်လျှင် အခွန်ထမ်းက ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးက ဖြစ်စေ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ဆုံးဖြတ်စေရန် အခွန်အယူခံ ခုံအဖွဲ့ထံသို့ ယင်းအဖွဲ့၏ အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်းခြောက်ဆယ်အတွင်း အဆိုပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အဆိုပြုချက်ကို အခွန်အယူခံခုံအဖွဲ့က ငြင်းပယ်လျှင် ယင်းသို့ ငြင်းပယ်ခြင်းခံရသူက ငြင်းပယ်သည့်အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်းခြောက်ဆယ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားနိုင်သည်။”

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၂၁။ မည်သူမဆို လုံလောက်သော အကြောင်းမရှိဘဲ အောက်ပါပျက်ကွက်မှု တစ်ရပ်ရပ်ရှိလျှင် ထိုသူအား မြို့နယ်အခွန်ဦးစီးဌာနမှူးသည် သက်ဆိုင်ရာ ပျက်ကွက်မှုတစ်မျိုးစီအတွက် အောက်ဖော်ပြပါ သတ်မှတ်ရာခိုင်နှုန်းအတိုင်း ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်။ ထိုသို့ ဒဏ်ငွေပေးဆောင်ရာတွင် ပုဒ်မခွဲ(စ)ပါ ဒဏ်ငွေကို ဘဏ္ဍာနှစ်ကုန်အထိ စောင့်ဆိုင်းရန်မလိုဘဲ သီးခြားစည်းကြပ်ကောက်ခံရမည်-

(က) မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း၊ လုပ်ငန်းစတင်ကြောင်း အကြောင်းကြားစာပေးပို့ရန် ပျက်ကွက်ခြင်းအတွက် စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း၊

(ခ) သတ်မှတ်ထားသော အချိန်အတွင်း လစဉ်ကျသင့်အခွန် ပေးသွင်းရန် ပျက်ကွက်ခြင်း၊ သုံးလတစ်ကြိမ် ကြေညာလွှာ ပေးပို့ရန် ပျက်ကွက်ခြင်း၊ နှစ်ချုပ်ကြေညာလွှာပေးပို့ရန် ပျက်ကွက်ခြင်းတို့အတွက် ပျက်ကွက်မှုတစ်မျိုးစီအလိုက် စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း၊

(ဂ) နှစ်ချုပ်ကြေညာလွှာအရ ကျသင့်သော အခွန်ကို ပေးသွင်းရန် ပျက်ကွက်ခြင်း၊ စည်းကြပ်မှုနှင့် စပ်လျဉ်း၍ စစ်ဆေးရန် အကြောင်းကြား ခေါ်ယူခြင်းကို လိုက်နာရန် ပျက်ကွက်ခြင်းတို့အတွက် ပျက်ကွက်မှု တစ်မျိုးစီအလိုက် စည်းကြပ်မှုအရ ထပ်မံပေးသွင်းရမည့် အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း၊

(ဃ) အခွန်ပေးဆောင်ရန် သတ်မှတ်ပေးထားသော သို့မဟုတ် တိုးမြှင့်ပေးထားသောရက်အတွင်း ပေးသွင်းရန်ပျက်ကွက်ခြင်းအတွက် စည်းကြပ်မှုအရ ထပ်မံပေးသွင်းရမည့် အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း၊

(င) ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းအရ သတ်မှတ်ထားသော ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားထားရှိရန် ပျက်ကွက်ခြင်းအတွက် စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း၊

(စ) ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ကြောင်းကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထား တန်ဖိုးအပေါ် ကျသင့်အခွန်၏ တစ်ရာ ရာခိုင်နှုန်း။”

၁၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၂၇။ မည်သည့်နှစ်အတွက်မဆို ကုန်စည်တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ဝန်ဆောင်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေတွင် နိုင်ငံခြားငွေပါဝင်ပါက ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် အခွန်ကျသင့်စေရန် သတ်မှတ်နိုင်သည်။”

၁၆။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၃၀ တွင် ပါရှိသော “ကုန်ထုတ်လုပ်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူ၊ ကုန်တင်သွင်းသူ” ဆိုသည့် စကားရပ်အစား “ကုန်ထုတ်လုပ်သူ၊ ကုန်သွယ်မှုဆောင်ရွက်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူ၊ တင်သွင်းသူ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၇။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၃၀ ၏ နောက်တွင် ပုဒ်မ ၃၁၊ ၃၂ နှင့် ၃၃ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“၃၁။ သွင်းကုန် တင်သွင်းမှုအပေါ် ကောက်ခံရရှိငွေမှအပဖြစ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် မြန်မာကျပ်ငွေဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံရငွေအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် သတ်မှတ်ရာခိုင်နှုန်း အချိုးအတိုင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းနိုင်သည်။

၃၂။ ကုန်စည်ထုတ်လုပ်ခြင်း သို့မဟုတ် ကုန်သွယ်မှု ဆောင်ရွက်ခြင်း သို့မဟုတ် တင်သွင်းလာသည့် ကုန်စည်ကို ပြန်လည်ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်ခြင်းဖြစ်ပါက ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ သို့မဟုတ် တင်သွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူသည် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်မီ ရောင်းရငွေ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်မီ ဝန်ဆောင်မှုရငွေနှင့်အတူ ကုန်စည်ကို ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုကို ရယူသူထံမှ အခွန်ကို တစ်ပါတည်း ကောက်ခံပြီး ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထား ထုတ်ပေးခြင်းကို စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရမည်။

သို့ရာတွင် အထူးကုန်စည် ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထား ထုတ်ပေးခြင်းကို စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၃။ အထူးကုန်စည်များ ထုတ်လုပ်ရောင်းချခြင်းနှင့် ပြည်ပမှ တင်သွင်းခြင်းအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေခြင်းနှင့် ပတ်သက်၍ စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည်။”

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မန္တလေးမြို့၌ စီးပွားရေးတက္ကသိုလ် ဖွင့်လှစ်ရန် အစီအစဉ်မရှိသေး

မန္တလေး၊ မတ် ၂၆

ယခုလတ်တလော ကာလတွင် မန္တလေးမြို့၌ စီးပွားရေးတက္ကသိုလ် ဖွင့်လှစ်ရန် အစီအစဉ် မရှိသေးကြောင်း ပထမအကြိမ်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော် နဝမပုံမှန် အစည်းအဝေးတွင် မြစ်သားမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လင်း တင်သွင်းသည့်အဆိုကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဒေါက်တာဝင်းလှိုင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

မြစ်သားမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) လွှတ်တော် ကိုယ်စားလှယ် ဦးအောင် လင်းတင်သွင်းသည့် မန္တလေးမြို့သည် စီးပွားရေးအချက်အချာကျပြီးမြန်မာပြည် ဒေသတွင်းနှင့် ပြည်ပအထိ ရောင်းဝယ်ရေးထွန်းကားသည့် မြို့ဖြစ်သည့်အလျောက် စီးပွားရေးပညာကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်ပါ၍ စီးပွားရေးပညာကို သီးခြားစီးပွားရေးတက္ကသိုလ်တစ်ခုဖွင့်လှစ် ဆောင်ရွက်ပေးရေးအဆိုကို တင်သွင်းခဲ့သည်။

တက္ကသိုလ်များ သီးခြားလွတ်လပ်စွာရပ်တည်ရေးနှင့် စုဖွဲ့ရေးတို့ကို ဆောင်ရွက်ပြီးပါက မိမိနှစ်သက်သောတက္ကသိုလ်တွင် စီးပွားရေးဘာသာရပ်ကိုလွတ်လပ်စွာ သင်ယူနိုင်မည်ဖြစ်ကြောင်း လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဝင်းလှိုင်က ပြောကြားသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီ မြင့်မားလာအောင် တိုးတက်မြှင့်တင် ဆောင်ရွက်နိုင်ရန် အတွက်အမျိုးသားအဆင့် လက်တွေ့ကျသည့် ပညာရေးပြုပြင်ပြောင်းလဲမှု ဆွေးနွေးပွဲကို လူတန်းစားအလွှာပေါင်းစုံ၊ နိုင်ငံရေး ပါတီပေါင်းစုံ၊ တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံနှင့် ဝန်ကြီးဌာနပေါင်းစုံပူးပေါင်း၍ ထူးချွန်သော လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန် လုပ်ငန်းစဉ်များချမှတ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းတွင်လည်း သက်မွေးပညာဘာသာရပ်များနှင့် ဝိဇ္ဇာ၊ သိပ္ပံ ဘာသာရပ်များ သင်ကြားပေးသော တက္ကသိုလ်များကို အစုံအလင်ဖြစ်စေရန်ဖြည့်ဆည်းပေးခဲ့ပြီး မိတ္ထီလာမြို့တွင်လည်း တိုင်းဒေသကြီးအတွက် စီးပွားရေးတက္ကသိုလ်တစ်ခု ဖွင့်လှစ်ပေးခဲ့ကြောင်း ၎င်းက ပြောသည်။

"နောင်လာမယ့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းပြည်မှာ စီးပွားရေးပညာရှင် အမြောက်အမြား မွေးထုတ်ပေးဖို့နဲ့ စီးပွားရေးပညာရပ်ဆိုင်ရာသင်ကြားလိုသူများအတွက် ရည်ရွယ်ပါတယ်" ဟု လူမှုရေးဝန်ကြီးက ဆိုသည်။

ယခုအချိန်တွင် မိတ္ထီလာမြို့၌ စီးပွားရေးတက္ကသိုလ်ရှိနေသော်လည်း မန္တလေးတက္ကသိုလ်(၂၀၁၁-၂၀၁၂) ပညာသင်နှစ်မှစ၍ ပထမဘွဲ့ရရှိပြီးသည့် မည်သူမဆို တက်ရောက် သင်ကြားခွင့်ရှိသော စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာမဟာဘွဲ့သင်တန်းကို ဖွင့်လှစ်ခဲ့ပြီး ဝင်ခွင့်အရည်အချင်း စစ်ဆေး၍ အောင်မြင်သူများကိုလည်း သင်တန်းတက်ရောက်ခွင့်ပြုလျက်ရှိကြောင်း သိရသည်။

အောင်ရဲသွင်

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း လမ်းများတွင်မောင်းနှင်နေကြသော ယာဉ်အမျိုးမျိုးတို့သည် ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာမှုအားနည်းကြခြင်းကြောင့် ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပေါ်နေသည့်အတွက် သက်ဆိုင်ရာဌာနများပါဝင်သော မော်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့သည် သင်္ကြန်အကြိုကာလ စစ်ဆေးပညာပေးခြင်းလုပ်ငန်းကို မတ် ၂၄ ရက်က ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ သတင်းနှင့်ဓာတ်ပုံ- ဖေထွဏ်းဇော်(ရေစကြို)

နွားထိုးကြီးမြို့နယ်လုံးတောကျေးရွာတွင် ရှင်အပါး ၅၀၀ ကျော် ရှင်ပြုမည်

နွားထိုးကြီး မတ် ၂၆

နွားထိုးကြီးမြို့နယ် လုံးတောကျေးရွာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ဇနီး ဒေါ်ဝေဝေတို့က ဆဋ္ဌမအကြိမ်မြောက် ရှင်အပါး ၅၀၄ ပါးအား ရှင်ပြုအလှူတော်မင်္ဂလာကို မတ် ၂၉ နှင့် ၃၀ ရက်တွင် ကျင်းပမည် ဖြစ်သည်။

ရှင် ၅၀၄ ပါးအား မတ် ၂၉ ရက်တွင် ရှင်သာမဏေဘောင်သို့သွတ်သွင်းပြီး မတ် ၃၀ ရက်တွင် နွားထိုးကြီးမြို့နယ် ကျေးရွာ ၁၀၀ မှ ဆရာတော်များအား သိက္ခာထပ်အလှူတော်မင်္ဂလာပြုလုပ်၍ ရှင်သာမဏေ ၅၀၄ ပါးအား ပဗ္ဗဇ္ဇအမွေရှင်သာမဏေအဖြစ် သွတ်သွင်းမည်ဖြစ်ပြီး သံဃာအပါး ၆၂၀ အား သိမ်းဆင်းအလှူပွဲ ကျင်းပမည်ဖြစ်သည်။

ဒွေးမြင့်မောင်

သတင်းတို

ဧည့်လမ်းညွှန်တစ်ဦး ပိုက်ဆံပျောက်ဆုံးမှုဖြစ်ပွား

မတ် ၂၃ ရက် နံနက် ၉ နာရီခွဲခန့်က စမ်းချောင်းမြို့နယ်နေ နန်းခမ်းတစ်သည် ထိုင်းနိုင်ငံမှ ဧည့်သည်များအား ဧည့်လမ်းညွှန်အဖြစ် ဦးဆောင်ကာ ကျောက်တန်းရေလယ်ဘုရားသို့ လိုက်ပါပို့ဆောင်ခဲ့ပြီး ရေလယ်ဘုရားသို့ စင်းလုံးငှားစက်လှေဖြင့် သွားရောက်ရန် စင်းလုံးငှားခကို ပိုက်ဆံအိတ်အတွင်းမှ ထုတ်ပေးခဲ့ပြီး သတိမထားမိခဲ့ဘဲ ဧည့်သည်များနှင့်အတူ စက်လှေပေါ်သို့တက်ရောက်ထိုင်နေခဲ့သည်။ ထိုသို့ ထိုင်နေစဉ် ဘေးလွယ်အိတ်ဇစ်ပွင့်နေသည်ကို တွေ့ရသဖြင့် စစ်ဆေးခဲ့ရာ အမေရိကန်ဒေါ်လာ ၁၀၀ တန် ကိုးရွက်၊ ဒေါ်လာအကြွေ ၁၀၀ ခန့်၊ ယိုးဒယားဘတ်ငွေ ၃၀၀၀၊ မြန်မာငွေကျပ် တစ်သိန်းခန့် စုစုပေါင်းကျပ် ၁၀၇၀၀၀၀ ခန့် ပျောက်ဆုံးနေသည်ကို သိရသဖြင့် အရေးယူ ပေးရန် တိုင်ကြားခဲ့သည်။ ကျောက်တန်းမြို့မရဲစခန်းက(ပ)၅၂/၁၄ ပြစ်မှုပုဒ်မ ၃၇၉ အရ အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။ **၃၁**

တောင်တန်းစိုက်ခင်းဧက ၁၀၀ နှင့် ကွက်လပ်ဖြည့်ဧက ၃၀၀၀ စိုက်မည်

မုံရွာ၊ မတ် ၂၆

မုံရွာမြို့နယ်အတွင်း တောင်တန်းစိုက်ခင်းဧက ၁၀၀၊ ကွက်လပ်ဖြည့်ဧက ၃၀၀၀ အား လာမည့်မိုးရာသီ ၂၀၁၄-၂၀၁၅ တွင် စိုက်ပျိုးရန် လျာထားစီစဉ်ထားကြောင်း သိရသည်။

ယင်းဧကများကို ဗောဓိတစ်ထောင် စိမ်းလန်းစိုပြည်ရေးအဖြစ် ကျောက္ကာ-ရွှေမြင်တင်ကာကွယ်တော၌ စိုက်ပျိုးမည်ဖြစ်ရာ ၁၁ ပေရှိ ကွန်တို တစ်ပေါင်လျှင် ငါးပင်နှုန်းဖြင့် ကွန်တို ၅၀ ကို ဗောဓိတစ်ထောင် ထန်းစိုက်ခင်း၌ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။ ကွန်တိုပေါင် တောင်တန်းစိုက်ခင်းတွင် သဘော်ငုစပ်ပင်၊ တမာပင်၊ ပိတောက်ပင်နှင့် ကွက်လပ်ဖြည့်စိုက်ခင်းအဖြစ် ယူကလစ်ပင်၊ တမာပင်၊ သဘော်ငုစပ်၊ ယင်းမာ၊ မြန်မာကုက္ကို၊ တရုတ်စကားပင်များကို စိုက်ပျိုးမည်ဖြစ်ပြီး ယခုအခါတွင် လာမည့်မိုးရာသီ အချိန်မီ စိုက်ပျိုးနိုင်ရန် အတွက် မုံရွာမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မြေပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

စိမ်းလန်းစိုပြည်ရေးနှင့် ဒေသထောက်ပံ့ရေးအတွက် စိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောကျန်များကို ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားထိုး လောင်စာအသုံးချရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခြင်းနှင့် ရေရရှိရေးအကောင်အထည်ဖော် ဆောင်ရွက်ခြင်းများကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိရာ ပြီးခဲ့သည့်နှစ်က တောင်တန်းစိုက်ခင်းဧက ၁၅၀ နှင့် ကွက်လပ်ဖြည့် အပင် ၄၀၀၀ တို့ကို စိုက်ပျိုးထားပြီး သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်မှုအဖြစ် ဧက ၁၀၀၀ ကိုလာမည့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဗောဓိတစ်ထောင်၊ ကျောက္ကာ၊ ရွှေမြင်တင်တောင်တန်း တစ်လျှောက် စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

စိုက်ခင်းများအတွက် ရာသီအမီ စိုက်ပျိုးနိုင်ရန် မုံရွာမြို့၊ မြို့မ စိမ်းစိမ်းစိုစိုက်ခင်းတွင် ပျိုးပင် သုံးသောင်းကျော်နှင့် ဗောဓိတစ်ထောင်စိုက်ခင်း၌ ပျိုးပင် ကိုးသောင်း စုစုပေါင်း တစ်သိန်းနှစ်သောင်းကျော် စိုက်ပျိုးထားပြီး ထင်းအစားထိုးလောင်စာ အသုံးချရေးလုပ်ငန်းများ တိုးချဲ့ခြင်းအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဟောပြောပွဲများကို တစ်လ နှစ်ကြိမ်ဆောင်ရွက်လျက်ရှိသည်။ **မျိုးဝင်ထွန်း(မုံရွာ)**









ဘာသာပေါင်းစုံ ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေး အလုပ်ရုံ ဆွေးနွေးပွဲ နှင့် ခရီးစဉ်များ ပြုလုပ်သွားမည်

မဟာဝိသုတာရာမတိုက်သစ်ကျောင်းတွင် ဘာသာပေါင်းစုံစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးဆွေးနွေးပွဲကို တွေ့ရစဉ်။

မကွေး၊ မတ် ၂၆

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ ဈေးလယ်စိုးရပ်ကွက် ပြည်တော်သာလမ်းမပေါ်ရှိ မဟာဝိသုတာရာမတိုက်သစ်ကျောင်းတိုက်တွင် 'ရတနာမြေလူမှုဖွံ့ဖြိုးရေးအသင်း' မှ ကြီးမှူးကျင်းပသည့် 'ဘာသာပေါင်းစုံ စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး' အလုပ်ရုံဆွေးနွေးပွဲအား မတ် ၂၄ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဂဏဝါစက မြို့နယ် သံဃနာယက အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တ သာသနမှ ဗုဒ္ဓဘာသာနှင့် ငြိမ်းချမ်းရေးအဖွင့် ဩဝါဒတရား ဟောကြားတော် မူခဲ့သည်။

ရတနာမြေလူမှုဖွံ့ဖြိုးရေးအသင်းမှ စီမံ ကိန်းဒါရိုက်တာ ဒေါက်တာနှင်းအေးကိုက အသင်းအကြောင်းနှင့် စီမံကိန်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ပြန်ကြားရေးမှူး ဆရာဦးအောင်နိုင်မှ ဟိန္ဒူဘာသာနှင့် ငြိမ်းချမ်းရေးတရား ဟောကြားခြင်းနှင့် အစ္စလာမ်မွေဗိမာန် ပင်တိုင်မွေကထိက စာပေဆော်ဩရေးမှူး ဆရာဦးမင်းနိုင်က အစ္စလာမ်ဘာသာနှင့် ငြိမ်းချမ်းရေးတရား ဟောခဲ့ကြသည်။

အလယ်ရပ်ကွက်၊ (၄)လမ်းပေါ်ရှိ ဂျာမေ့ဗလီ၊ ရွာသစ်ရပ်ကွက် အ-ထ-က(၂) လမ်းပေါ်ရှိ နှစ်ခြင်းခရစ်ယာန်အသင်းတော်နှင့် မကွေးမြသလွန် စေတီတော်သို့ ချစ်ကြည်ရေးခရီးအဖြစ် မတ် ၂၄ ရက်က အတူတကွသွားရောက်ခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို မတ် ၂၅ ရက်က ခရစ်ယာန်ဘာသာနှင့် ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းစွာ အတူနေထိုင်ရေး၊ အကြမ်းဖက်ဆူပူမှုပပျောက်ရေးနှင့် ကာကွယ်တားဆီးရေးဆွေးနွေးခြင်းများနှင့် ရှေ့လုပ်ငန်းစဉ်များရေးဆွဲ၍ အဖွဲ့လိုက် တင်ပြဆွေးနွေးသွားမည်ဖြစ်သည်။

ထို့ပြင် ဘာသာပေါင်းစုံ ချစ်ကြည်ရေး ခရီးစဉ်များ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ဘာသာကြီး လေးဘာသာမှ ဦးစီးခေါင်းဆောင်များ၊ မြို့နယ်အုပ်ချုပ်ရေးရာတာဝန်ရှိပုဂ္ဂိုလ်များ၊ လုံခြုံရေးအရာရှိများနှင့် စိတ်ဝင်စားသော ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

ယင်း အလုပ်ရုံဆွေးနွေးပွဲ အား မတ် ၂၄ ရက်မှ မတ် ၂၅ ထိနှစ်ရက် တိတိ ကျင်းပသွားခဲ့ပြီး မကြာမီ ရက်ပိုင်းတွင်လည်းချောက်၊ ရေနံချောင်း၊ ပခုက္ကူမြို့များ၌ ဆက်လက် ကျင်းပသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

ကောင်းသုတ(မင်းဘူး)

သတင်းတိုများ

သုခချမ်းသာ အသင်းမှမျက်စိဝေဒနာအခမဲ့ကုသ

နွားထိုးကြီးမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား သုခချမ်းသာ လူမှုကူညီစောင့်ရှောက်ရေးအသင်းကအခမဲ့ကုသရေးကိုမတ်၃၀ရက်တွင်မြင်းခြံမျက်စိအထူးကုဆရာဝန် ဦးဆောင်၍ နွားထိုးကြီးသုခချမ်းသာဆေးခန်းတွင် မျက်စိစမ်းသပ်ပေးမည်ဖြစ်ပြီး ခွဲစိတ်ရန်လိုအပ်သောမျက်စိဝေဒနရှင်များကို မြင်းခြံသို့ ယင်းအသင်းက အခမဲ့ပို့ဆောင်ကုသပေးမည်ဟု အဆိုပါအသင်းဥက္ကဋ္ဌ ဦးအေးလွင်ကပြောသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

အမည်မသိသူက ချွန်ထက်သောအရာဖြင့်ထိုးမှုဖြစ်ပွား

မတ် ၂၃ ရက်ကထန်းတစ်ပင်မြို့နယ်နေ အောင်မျိုးကိုမှာရိုးကြီးကျေးရွာရှိ စားသောက်ဆိုင်မှအသိဖြစ်သူမောင်းနှင်သည့် ဆိုင်ကယ်ဖြင့် ပြန်လာရာ အနောက်ပိုင်းတက္ကသိုလ်ဝင်းရဲကင်းအနီး အမည်မသိဆိုင်ကယ်မှ ဘေးချင်းကပ်၍ ချွန်ထက်သည့်အရာဖြင့် ထိုးခဲ့၍ ဝဲဘက်ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာ ရရှိခဲ့ခြင်းကြောင့် တက်သစ်နယ်မြေရဲစခန်းက(ပ) ၄၇/၁၄ ပြစ်မှုပုဒ်မ ၃၂၆ အရ အမှုဖွင့်အရေးယူထားသည်။

ရဲမြတ်ဘုန်းခေါင်

ချုပ်ထည်များ ဝတ်ဆင်ခြင်းကြောင့် စက်ချုပ်ဆိုင်များအလုပ်ဖြစ်နေ

နွားထိုးကြီး၊ မတ် ၂၆

ရယ်ဒီမိတ် စပို့ရှပ်၊ တီရှပ်၊ မဝတ်အင်္ကျီများ ပြည်တွင်းဖြစ်၊ နိုင်ငံခြားဖြစ်အင်္ကျီများ အဆင်စုံ၊ ဈေးနှုန်းစုံနှင့် အမျိုးသမီးထုအတွင်း ဈေးကွက်ဝင်အရောင်းတွင်ကျယ်နေသလောက် စက်ချုပ်လုပ်ငန်းများမှာလည်း အပြိုင်ဈေးကွက်ဝင်နေကြောင်း သိရသည်။

အမျိုးသမီးဝတ်စပို့ရှပ်၊ တီရှပ်များမှာ ကျပ် ၁၅၀၀၊ ကျပ် ၂၀၀၀ နှင့် ဈေးကွက်မှာ အရောင်းတွင်ကျယ်နေသလို နွားထိုးကြီးမြို့နယ် စက်ချုပ်ဆိုင်များတွင် မြန်မာရင်ဖုံးအင်္ကျီတစ်ထည်ချုပ်ခ ကျပ် ၃၀၀၀၊ ရိုးရိုးဝမ်းဆက်တစ်စုံ ကျပ် ၄၅၀၀၊ ဖိစကတ်တစ်ထည် ကျပ် ၄၅၀၀၊ အေစကတ်တစ်ထည် ကျပ် ၃၀၀၀ ချုပ်ခ ရရှိနေပြီး ပွဲတက်ဝတ်စုံတစ်စုံချုပ်ခ ရိုးရိုး ကျပ် ၁၂၀၀၀၊ စီးကွင့်ဘော်ကြယ်ကပ်ပါက ကျပ် ၁၅၀၀၀ မှ ကျပ် ၁၈၀၀၀ ထိရရှိကြောင်း သတို့သမီးဝတ်စုံချုပ်ခ ကျပ် ၅၀၀၀၀ မှ ၇၀၀၀၀၊ ၈၀၀၀၀ ထိ ရရှိပြီး စက်ချုပ်လုပ်ငန်းတွင်ကျယ်နေကြောင်း နွားထိုးကြီးမြို့ပေါ် အဝတ်အထည်ချုပ်ဆိုင်များမှ သိရသည်။

"နယ်မြို့တွေမှာ ရယ်ဒီမိတ်အင်္ကျီ၊ စကတ်တွေ ဈေးကွက်ဝင်နေပေမယ့်အမျိုးသမီးအတော်များများက ချုပ်ထည်ကိုပဲ နှစ်သက်ကြတယ်။ ချုပ်ရိုးချုပ်သား စိတ်ချရတယ်။ မိမိခန္ဓာကိုယ်နဲ့ အံဝင်ခွင်ကျဖြစ်တယ်။ ဒီဇိုင်းဆန်းလေးတွေဝတ်ရတယ်။ ချုပ်ခလဲ သင့်တင့်တယ်ဆိုတော့ အစ်မတို့စက်ချုပ်ဆိုင်တွေ ကွယ်ပျောက်ဖို့မရှိပါဘူး" ဟု နွားထိုးကြီးမြို့ပေါ် စက်ချုပ်ဆိုင်တစ်ဆိုင်ကပြောသည်။

"ရယ်ဒီမိတ် ပွဲတက်ဝတ်စုံတွေလဲ ဝတ်ဖြစ်ပါတယ်။ အလှူပွဲ၊ မင်္ဂလာပွဲ၊ တွေ့ဆုံပွဲတွေမှာတော့ ချုပ်ဝတ်တဲ့ဝတ်စုံတွေပဲ ဝတ်ဖြစ်ပါတယ်။ ချုပ်ခ ကျပ် ၂၀၀၀၀ လောက်နဲ့ ကွက်တိဖြစ်တယ်ဆိုတော့ ဝတ်ဖြစ်တာများပါတယ်။ မြန်မာဝတ်စုံလေးက မြန်မာအမျိုးသမီးတွေအတွက် အလိုက်ဖက်ဆုံးလို့လဲ ထင်တယ်လေ။ ဒါကြောင့်လဲ ချုပ်ခမနှမြောဘဲ ပွဲတက်ဝတ်စုံတွေဆို မြန်မာဝတ်ဆုံတွေပဲ ချုပ်ဝတ်ဖြစ်တာများပါတယ်။ မြန်မာဝတ်စုံကို ကြိုက်လဲ ကြိုက်ပါတယ်" ဟု နွားထိုးကြီးမြို့ဒေသတွင်းမှ အမျိုးသမီးငယ်တစ်ဦးက ဆိုသည်။

နွားထိုးကြီးမြို့ပေါ်တွင် စက်ချုပ်ဆိုင် ၅၀ ကျော်ရှိပြီး ရိုးရိုးဝတ်စုံတစ်စုံ ရက်ချိန်း ၇ ရက်မှ ၁၀ ရက်ထိစောင့်ရပြီး ပွဲတက်ဝတ်စုံ ဆိုပါက တစ်လမှ တစ်လကျော်ထိ စောင့်ဆိုင်းရကြောင်း သိရသည်။ စက်ချုပ်ဆိုင်ပေါများသော်လည်း ချုပ်ထည်အပ်သူများနှင့် လက်မလည်ဘဲ ရက်ချိန်း လချီစောင့်ကြရခြင်းဖြစ်ကြောင်း သိရသည်။

၎င်းမြို့ပေါ်ရှိ အပ်ချုပ်ဆိုင်တစ်ဆိုင်လျှင် စက်ချုပ်သမ သုံးဦး မှလေးဦး ထိ ငှားထားရပြီး တစ်နေ့ဝတ်စုံ ငါးစုံမှ ခုနစ်စုံထိချုပ်လုပ်ပြီးကြောင်း၊ စက်ချုပ်ဆိုင် တစ်ဆိုင်၏တစ်နေ့ဝင်ငွေမှာ ကျပ် ၂၀၀၀၀၊ ကျပ် ၂၅၀၀၀ ထိရှိနေကြောင်း သိရသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

စက်မှုဇုန်မြေငှားရန်ရှိသည်

Situational Dialogues

City Mart

ရင်ခုန်သံပျော်လင့်ချက်
ဒေါ်အောင်ဆန်းစုကြည် အင်တာဗျူး
AUNG SAN SU KYI
THE VOICE OF HOPE
CONVERSATIONS WITH ALAN CLEMENTS
မောင်ဆန်းကြွယ် (မြန်မာပြန်)

EAGLE GUEST HOUSE
EAGLE

ပိုးသတ်ဆေးဝယ်သူများအတွက် လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများ သင်တန်း အမှတ်စဉ်(၂) ဖွင့်လှစ်

နေပြည်တော်၊ မတ် ၂၆

စိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့် ပိုးသတ်ဆေးဝယ်ယူသူများ စနစ်တကျ သိရှိကိုင်တွယ်သုံးစွဲတတ်စေရန် ရည်ရွယ်၍ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် တပ်ပိုးရပ်ကွက် အမှတ် (၁၀၀) အခြေခံပညာမူလတန်းကျောင်း၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊သီးနှံကာကွယ်ရေးဌာနခွဲမှ ကြီးမှူးကျင်းပသော လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းအမှတ်စဉ်(၂) ကို မတ် ၂၄ ရက် နံနက် ၉ နာရီခွဲက ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူး ဦးမြင့်ရွှေ (ဥယျာဉ်/ဇီဝ)နှင့် ညွှန်ကြားရေးမှူး ဦးအေးကိုကို(စိုက်ပျိုးပညာပေးရေး)တို့က ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲ ရောင်းဝယ်ပုံစနစ်နှင့် သီးနှံများ အရည်အသွေးမြင့်မားပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည့်အကြောင်းကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

၎င်းလက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းအမှတ်စဉ်(၂)အား မတ် ၂၄ ရက်မှ ၂၈ ရက်အထိ ငါးရက်တာမျှသင်ကြားပေးခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၁၀၀ ခန့် တက်ရောက်ခဲ့သည်ဟု သိရသည်။

ကိုပေါက်(ဥတ္တရမြေ)

ထင်းလောင်စာသုံးစွဲမှု လျှော့ချရေးနှင့် ထင်းအစားထိုးလောင်စာတိုးမြှင့်သုံးစွဲရေးပြပွဲကို အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၌ကျင်းပ

မုံရွာ၊ မတ် ၂၆

ထင်းလောင်စာသုံးစွဲမှု လျှော့ချရေးနှင့် ထင်းအစားထိုးလောင်စာ တိုးမြှင့်သုံးစွဲရေးပြပွဲကို မုံရွာတက္ကသိုလ်အနောက်ဘက်၊ ကျောက္ကာလမ်း အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၌ မတ် ၂၅ နှင့် ၂၆ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ပြပွဲတွင်စွမ်းအားမြင့်မီးဖိုထင်းသုံးစွဲမှု လျှော့ချစေမည့်ပြခန်း၊ ထင်းအစားထိုး လောင်စာတောင့် အမျိုးမျိုးပြခန်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်း (ထန်းလက်ခြောက်၊ ပဲစဉ်ငုံ၊ ငရုတ်ရိုး၊ နှမ်းရိုး၊ ပြောင်းရိုး) ပြခန်းနှင့် မီးဖိုပြုလုပ်ပုံအဆင့်ဆင့် သရုပ်ပြပွဲများကို ခင်းကျင်းပြသသည်။

ယင်းပြပွဲတွင် ယင်းမာပင်မြို့နယ်၊ ချောင်းဦးမြို့နယ်နှင့် မြင်းမူမြို့နယ်များမှ မီးဖိုနှင့်လောင်စာတောင့်လုပ်ငန်းများ၊ ရွှေဘို၊ ဒီပဲယင်းနှင့် မုံရွာမြို့နယ်များမှ ထင်းအစားထိုးလောင်စာတောင့်သုံးစွဲမှု အထောက်အကူပြုပြခန်းများ လက်တွေ့သရုပ်ပြခြင်းများဖြင့် ခင်းကျင်းပြသခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတွင် ယခုကဲ့သို့ကျင်းပသော ထင်းလောင်စာသုံးစွဲမှု လျှော့ချရေးနှင့် ထင်းအစားထိုးလောင်စာ တိုးမြှင့်သုံးစွဲရေးပြပွဲကို ပထမဦးဆုံးအကြိမ် စုံစုံလင်လင် ခင်းကျင်းပြသခြင်းဖြစ်ပြီး နေ့စဉ်ပြပွဲကို နံနက် ၈ နာရီမှ ၅ နာရီအထိ ဖွင့်လှစ်ပြသခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ထင်းလောင်စာသုံးစွဲမှုလျှော့ရေးနှင့် ထင်းအစားထိုးလောင်စာတိုးမြှင့်သုံး စွဲရေးပြပွဲဖွင့်ပွဲကို မတ် ၂၅ ရက် နံနက် ၈ နာရီက ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသာအေးနှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

"တောပြောင်တောင်ပြောင်ဖြစ်နေတဲ့ အခုလိုအချိန်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ဒေသထောက်ပံ့ရေးအတွက် ကိုရည်ရွယ်ပြီး စိမ်းလန်းစိုပြည်ရေးက အခုလို ပြပွဲလုပ်ပြီး အများသိအောင်လုပ်ပေးတာ အင်မတန်ကောင်းတဲ့ အစီအစဉ်ပါ။ များသောအားဖြင့် အရိပ်ကိုတော့ လိုချင်တယ်လေ။ ဒါပေမယ့် သစ်ပင်စိုက်ဖို့ကိုတော့ ပျင်းတာလဲရှိတယ်။ မအားတာတွေလည်းရှိတာကြောင့် မစိုက်ဖြစ်ကြပါဘူး။ ဒီလိုပွဲများများကျင်းပပြီး ဒေသအနှံ့ ပညာပေးအစီအစဉ်တွေ လုပ်သွားရင် စိမ်းလန်းစိုပြည်ဖို့ဆိုတာ ခဏပါ"ဟု စိုက်ပျိုးရေးဝါသနာပါသူ ဒေသခံတစ်ဦးက ဆိုသည်။

မျိုးဝင်းထွန်း(မုံရွာ)

၂၀၁၄ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မထသခရီးသည်တင်ယာဉ်လိုင်းပေါင်း ၁၁၃ လိုင်းမှ ယာဉ်အစီးရေ ၁၆၂၈ စီးဖြင့် ပြေးဆွဲသွားမည်

ရန်ကုန်၊ မတ် ၂၆

၂၀၁၄ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်စေရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ် ၃၃ မြို့နယ်အတွင်း ခရီးသည်တင်ယာဉ်လိုင်းပေါင်း ၁၁၃ လိုင်းမှ ယာဉ်အစီးရေ ၁၆၂၈ စီးဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း မထသ (ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က ပြောကြားသည်။

"ကျွန်တော်တို့အနေနဲ့ သင်္ကြန်ကာလရယ်မဟုတ်ဘဲနဲ့ ခရီးသွားပြည်သူတွေ သွားရေးလာရေးအဆင်ပြေစေဖို့ အမြဲဆောင်ရွက်ပေး နေပါတယ်။ သင်္ကြန်ရက်မှာပြေးဆွဲမယ့်ယာဉ်တွေအနေနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာပြီး သတ်မှတ်ထားတဲ့ ပုံမှန်နှုန်းအတိုင်း ယာဉ်စီးခယူဖို့ သတ်မှတ်လမ်းကြောင်းအတိုင်း ပြေးဆွဲဖို့ နှိုးဆော်ထားပါတယ်။ အဲဒီရက်မှာ ယာဉ်စီးခပိုတောင်းရင် အရေးယူသွားပါမယ်"ဟု ၎င်းကပြောသည်။

လက်ရှိအချိန်တွင် အဆိုပါယာဉ်လိုင်းများ ပြေးဆွဲမည့်လမ်းကြောင်းများနှင့် ယာဉ်အစီးရေများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြထားပြီး ယခုနှစ်သင်္ကြန်ကာလပြေးဆွဲမည့်ယာဉ်လိုင်းများမှာ ယမန်နှစ်ထက် အနည်းငယ်လျော့နည်းသွားကြောင်းနှင့် ယခုလို လျော့နည်းသွားရခြင်းမှာ ဧပြီလ ၁ ရက်မှစပြီး ရန်ကုန်စည်ပင်နယ်နိမိတ်အတွင်း ခရီးသည်တင် ဟိုင်းလတ်ယာဉ်များ ပြေးဆွဲခွင့် မရှိသောကြောင့် အနည်းငယ်လျော့နည်းသွားခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင်း မဟာဗန္ဓုလလမ်းမကြီးပေါ်ရှိ မထသယာဉ်လိုင်းများ ပြေးဆွဲနေစဉ်။

"သင်္ကြန်ရက်အတွင်းက မြန်မာတွေရဲ့ ကုသိုလ်ကောင်းမှုယူတဲ့နေ့ဖြစ်တဲ့အတွက် ယာဉ်လုပ်သားတွေအနေနဲ့ ခရီးသည်တွေကို ကောင်းကောင်းမွန်မွန်ဆက်ဆံရင်းနဲ့ ကုသိုလ်ယူစေချင်တယ်။ တချို့ဆို နှစ်ဆန်းတစ်ရက်နေ့မှာ အခမဲ့ပြေးဆွဲပေးတဲ့ ယာဉ်လိုင်းတွေ နှစ်တိုင်းရှိတယ်။ အခုတော့ နည်းနည်းစောသေးလို့ ကျွန်တော်တို့ဆီကို တင်ပြထားတာတော့ မရှိသေးဘူး" ဟု မထသ(ဗဟို)ဥက္ကဋ္ဌက ထပ်မံပြောကြားသည်။

ရန်ကုန်တိုင်း ဒေသကြီးအတွင်း ခရီးသည်တင် ပြေးဆွဲပေးနေသည့် ယာဉ်လိုင်းပေါင်း ၃၅၁ လိုင်းရှိပြီး ခရီးသည်တင်ယာဉ်အစီးရေ ၆၅၇၉ စီးရှိကြောင်း မထသ(ဗဟို)မှ မီဒီယာတွေ့ဆုံပွဲတွင် ပြောကြားချက်အရ သိရသည်။

တင်မောင်ဦး

သတင်းတို

ဖာပွန်မြို့နယ်တွင် သင်တန်းဆင်းပွဲကျင်းပ

ကရင်ပြည်နယ်၊ ဖာပွန်ခရိုင် ဖာပွန်မြို့နယ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၂၂ ရက် နံနက် ၉ နာရီတွင်ယွန်းစလင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ NGO အဖွဲ့များ၊ တပ်မတော်သားများ၊ သင်တန်းသူ၊ သင်တန်းသားများ စုစုပေါင်း ၁၈၀ ခန့် တက်ရောက်ကြောင်း သိရသည်။ အဆိုပါအခမ်းအနားတွင် ကရင်ပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးစောဝင်းထိန်က သင်တန်းဆင်းပွဲအခမ်းအနား အဖွင့်အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

မြို့နယ်(ပြန်/ဆက်)

ကန့်ကွက်နိုင်ပါသည်

ရောင်းမည်
45'x40' (Penthouse 9th Floor)
- 2MBR,
- (15'x40') 1BR
- 4 AC, Lift,
ဆက်သွယ်ရန် - 09 420016334, 09 73203105

ကန့်ကွက်နိုင်ပါသည်

UNIQUE REAL ESTATE SERVICE AGENCY

မသန်စွမ်းကလေးများ အထူးကျောင်းနှင့်သာ သင့်လျော်ဟု မှားယွင်းစွာ ယူဆနေ

ရန်ကုန်၊ မတ် ၂၆

လူ့အဖွဲ့အစည်းတွင် မသန်စွမ်းကလေးများမှာ လိုအပ်ချက်ရှိသောသူများဖြစ်သောကြောင့် အထူးကျောင်းများ (Special School) နှင့်သာ သင့်လျော်သည်ဟု မှားယွင်းစွာ ယူဆနေပြီး ထိုအထူးကျောင်းပညာရေးများက မသန်စွမ်းကလေးများအား လူ့အသိုင်းအဝိုင်းနှင့် ဝေးကွာစေကာ စိတ်အားငယ်မှုများကြောင့် ကောင်းကျိုးထက် ဆိုးကျိုးသာ ပိုများစေသည်ဟု ရန်ကုန်မြို့ ခဲဖြူရှိ မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိသဟာယ၌ မတ် ၂၄ ရက်မှ ၂၇ ရက်ထိ ကျင်းပသော "မသန်စွမ်းမှုနှင့် လူတိုင်းအကျုံးဝင် ပညာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" မှ သိရသည်။

"မသန်စွမ်းကလေးတွေက လူ့အဖွဲ့အစည်းမှာ ရှင်သန်နေကြရပေမယ့် သီးခြားအုပ်စုလေးတစ်ခုလို ဖြစ်နေပြီး ပါဝင်ခွင့်မရကြပါဘူး။ ငယ်ငယ်ကတည်းက လူ့အဖွဲ့အစည်းထဲကို ပါဝင်လာမှ အသက်ကြီးတဲ့အခါ ဆက်လက်ဝင်ဆံ့နိုင်မှာ ဖြစ်ပါတယ်။ ပညာရေးဆိုတာ အရေးကြီးတဲ့ အခန်းကဏ္ဍလည်း ဖြစ်တဲ့အတွက် ကျောင်းတွေက သူတို့နဲ့လည်းဆိုင်တယ်၊ သူတို့မှာလည်း တာဝန်ရှိတယ်ဆိုတာ သတိပြုမိပြီး မသန်စွမ်းကလေးတွေက ခွဲခြားဆက်ဆံမခံရဘဲ အခြားကလေးတွေလို တန်းတူသင်ယူတတ်မြောက်နိုင်မှာဖြစ်ပါတယ်" ဟု ဒေါ်မသန်စွမ်း သက်ငယ်များ ပြုစုရာ ရိပ်မြုံမှ မန်နေဂျင်းဒါရိုက်တာ ဦးထာအုပ်က ပြောသည်။

မသန်စွမ်း ကလေးများသည် အများနည်းတူ ကျောင်းများတွင် ပညာသင်ကြားနိုင်ရေးအတွက် ဆရာ၊ ဆရာမများက မသန်စွမ်းကလေးများအား လေ့ကျင့်သင်ကြားနည်းများကို မဖြစ်မနေ သိထားသင့်သည်။ မသန်စွမ်းကလေးများ ပညာမသင်ကြားနိုင်ခြင်းသည် ချို့ယွင်းမှု ရှိနေခြင်းကြောင့် မဟုတ်ဘဲ ပတ်ဝန်းကျင်အနေအထား အဆင်မပြေမှုများ၊ အပျက်သဘောဆောင်သည့် စိတ်နေသဘောထားများ၊ လွယ်ကူချောမွေ့မှုမရှိသော သင်ကြားမှုပုံစံနှင့် သင်ထောက်ကူပစ္စည်းများဖြစ်ပြီး မသန်စွမ်းကလေးများအား မည်ကဲ့သို့ သင်ကြားရမည် မသိခြင်းသည် ထိုကလေးများအား ကျောင်းမနေနိုင်အောင် တားဆီးထားသည့် အတားအဆီးတစ်ခုဖြစ်နေသည်။ ထိုအတားအဆီးများကို ဖြိုဖျက်နိုင်မှသာ မသန်စွမ်းကလေးများ လွယ်ကူချောမွေ့စွာ ပညာသင်ကြားနိုင်မည်ဖြစ်သည်။

"လူသားဖြစ်ရဲ့သားနဲ့ လူသားတစ်ယောက်ရဲ့ အခွင့်အရေးကို မရရှိနိုင်တာ။ မသန်စွမ်းဆိုရင် ပတ်ဝန်းကျင်က ဝိုင်းပယ်တာခံကြရတဲ့အတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာ ချို့ယွင်းသွားတတ်ပါတယ်။ အခုလို ဆွေးနွေးပွဲ သင်တန်းတွေကနေ ဆရာ၊ ဆရာမတွေ အသိပညာဖြန့်ဝေကာ စာနာစိတ်နဲ့ မေတ္တာထားပြီး တန်းတူ သင်ကြားပေးသွားနိုင်ရင် သူတို့အတွက်သာမက လူ့အဖွဲ့အစည်းအတွက်ပါ အကျိုးပြုနိုင်တဲ့သူတွေအဖြစ် ရပ်တည်သွားနိုင်မှာပါ " ဟု လှိုင်သာယာမြို့နယ် အလယ်ရွာ-အောင်ဇေယျာမင်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ဆရာမ ဒေါ်ထက်ထက်ထွန်းက ပြောသည်။

မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် လူမှုဝန်ထမ်း ဦးစီးဌာနနှင့် (The Leprosy Mission Myanmar) တို့ ပူးပေါင်းကောက်ယူခဲ့သည့် အခြေခံမသန်စွမ်းသူများ စစ်တမ်း၏ အစီရင်ခံစာအရ မသန်စွမ်းသူဦးရေသည် မြန်မာနိုင်ငံ လူဦးရေ၏ ၂ ဒသမ ၃၂ ရာခိုင်နှုန်းရှိရာတွင် အများစုမှာ မူလတန်းပညာရေးအဆင့်သာရှိကြပြီး အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာအဆင့် တက်ရောက်နိုင်ကြသူများမှာ ရာခိုင်နှုန်း အနည်းစုသာဖြစ်သည်ဟု အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲ၏ လက်ကမ်းစာအုပ်တွင် ဖော်ပြထားသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများမှ ဆရာ၊ ဆရာမ ၂၇ ဦး တက်ရောက်ခဲ့ကြသည်။

နန္ဒာဝင်း

တိုင်းဒေသကြီးအဆင့် ဒုတိယအကြိမ်မြောက် သိုးနှင့်ဆိတ် ပြပွဲပြိုင်ပွဲ ကျင်းပ

ဌာနဆိုင်ရာတာဝန်ရှိသူများက ပြိုင်ပွဲဝင် သိုး၊ ဆိတ်များကို ကြည့်ရှုစစ်ဆေးနေစဉ်။

မန္တလေး၊ မတ် ၂၆

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မန္တလေးတိုင်းဒေသကြီး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ တိုင်းဒေသကြီးအဆင့် ဒုတိယအကြိမ်မြောက် သိုး၊ ဆိတ်ပြပွဲပြိုင်ပွဲကို ၂၀၁၄ ခုနှစ် မတ် ၂၂ ရက်က မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးဌာနမှူးရုံးဝန်းအတွင်း ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ကြီးထွားနှုန်းကောင်းမွန်သော၊ ရောဂါဘယဒဏ်ခံနိုင်ရည်ရှိသော သိုး၊ ဆိတ်မျိုးကောင်းမျိုးသန့်များရှာဖွေဖော်ထုတ်လာနိုင်ရန်ရည်ရွယ်ချက်ဖြင့် ပြပွဲကိုကျင်းပခဲ့ရာ ပြိုင်ပွဲဝင် ဆိတ်ထီး ၁၆ ကောင်၊ ဆိတ်မ ၁၉ ကောင်၊ သိုးထီး ၅ ကောင်နှင့် သိုးမ ၄ ကောင်၊ သိုးဆိတ်စုစုပေါင်း ၈၄ ကောင် ပါဝင်ယှဉ်ပြိုင်ကြသည်။

သတ်မှတ်စည်းကမ်းများနှင့်အညီ အကဲဖြတ်စိစစ်အမှတ်ပေးရွေးချယ်ခဲ့ရာ ပြိုင်ပွဲတစ်မျိုးစီအလိုက် ပထမ၊ ဒုတိယ၊တတိယဆုများ ပေးအပ်ပြီး ပထမဆုအဖြစ်ငွေ ကျပ်ငါးသောင်း၊ ဒုတိယဆုငွေ ကျပ်သုံးသောင်း၊ တတိယဆုငွေ ကျပ်နှစ်သောင်းစီတို့ကို ၂၀၁၄ ခုနှစ် မတ် ၂၃ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးမြင့်သန်းနှင့်တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အောင်ရဲသွင်

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနား ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမတွင် ကျင်းပ

မြစ်ကြီးနား၊ မတ် ၂၆

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ၂၀၁၄ ခုနှစ် မတ် ၂၄ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ NGO၊ INGO အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းလွင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ် တီဘီရောဂါတိုက်ဖျက်ရေးဌာန အဖွဲ့ခေါင်းဆောင် ဒေါက်တာသွယ်သွယ်စိမ်းက တီဘီရောဂါအကြောင်းသိကောင်းစရာနှင့် ရောဂါတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြခန်းငယ်အား ခင်းကျင်းပြသထားရာ အဆိုပါအထိမ်းအမှတ်ပြခန်းငယ်တွင် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် အခမ်းအနားတက်ရောက်လာကြသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

သတင်းတို

အဖိုးတန်ကျောက်မျက်နှင့်ငွေများ အခိုးခံရ

ဒဂုံမြို့နယ်တွင်နေထိုင်သူ ဒေါ်ဝင်းသန္တာသည် ၎င်းပိုင် မတ်တူးခဲရောင်ယာဉ်ကို ကမ္ဘာအေးဘုရားလမ်းရှိ မြကျွန်းသာကားပါကင်တွင် ရပ်ထားရာ ကားနောက်ခန်းအတွင်းထားရှိသည့် လက်ကိုင်အိတ်အတွင်းမှ ကျောက်မျက်များ၊ နိုင်ငံခြားငွေနှင့် မြန်မာကျပ်ငွေစုစုပေါင်း ၁၁၅၃၈၈၀၀၀ ဖိုးခန့် ခိုးယူခံရကြောင်းသိရသည်။ **(၃၁)**

အမြန် ရောင်းမည်

☎ 552741, 555350

ကန့်ကွက်နိုင်ပါကြောင်း

အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်း

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

ပဲခူးမြို့ရှိ သမိုင်းဝင်ရှေးဟောင်းစေတီတော်မြတ်ကြီးဖြစ်သည့် ရွှေမော်ဓောဘုရားကြီးအနီး စီးပွားရေးကြော်ငြာဘုတ်ကြီးသည် စေတီတော်မြတ်ကြီးအား အကာအကွယ်ပြုထားသကဲ့သို့ရှိနေသည့်အတွက် ဒေသခံပြည်သူများနှင့် ဘုရားဖူးခရီးသွားဧည့်သည်များအတွက် စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရာ၌ အနှောင့်အယှက်ဖြစ်လျက်ရှိသည်။ ပဲခူးမြို့ရဲ့ ကျက်သရေဆောင်သမိုင်းဝင် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား မြို့အဝင်မှစ၍ ဖူးမြော်ကန်တော့နိုင်ရန် ရှင်းရှင်းလင်းလင်းဖြစ်စေလိုကြောင်း ဒေသခံနှင့် ဘုရားဖူးခရီးသည်များက လိုလားနေကြသည်။ သတင်းနှင့် ဓာတ်ပုံ - မျိုးသိန်း(ကြေးမုံ)

လေကြောင်းပို့ဆောင်ရေးကဏ္ဍအဆင့်မြှင့်တင်မှု ၂၀၂၀၊ ၂၀၃၀ ခုနှစ်တွင် အပြီးသတ်ဆောင်ရွက်ရန် ရည်မှန်းထား

ရန်ကုန်၊ မတ် ၂၆

မြန်မာနိုင်ငံအတွင်းရှိ လေကြောင်းပို့ဆောင်ရေးကဏ္ဍများအား နိုင်ငံတကာအဆင့်မီ ဖြစ်စေရန်အတွက် အဆင့်မြှင့်တင်မှု စီမံကိန်းများအား ၂၀၂၀၊ ၂၀၃၀ ခုနှစ်များတွင် အပြီးသတ်ဆောင်ရွက်ထားရန် ရည်မှန်းထားလျက်ရှိနေကြောင်း မတ် ၂၄ ရက်က ကုန်သည်ကြီးများ ဟိုတယ်၌ပြုလုပ်သည့် မြန်မာ့လေကြောင်းပျံသန်းမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးညီလာခံ စာနယ်ဇင်းရှင်းလင်းပွဲတွင် ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်းက ပြောကြားသည်။

"အဆင့်မြှင့်တင်တဲ့အပိုင်းမှာ လေဆိပ်တွေရဲ့ အခြေခံအဆောက်အအုံပိုင်း အဆင့်မြှင့်တာတွေ၊ လေကြောင်းလိုင်းတွေရဲ့ လိုအပ်တဲ့အပိုင်းကို အစိုးရအနေနဲ့ ကူညီပံ့ပိုးပေးတာတွေ၊ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စင်္ကာပူနိုင်ငံကအဖွဲ့နဲ့ သင်တန်းပေးဆောင်ရွက်နေတာတွေရှိတယ်။ အရင်နှစ်တွေက အခြေခံအဆောက်အအုံပိုင်းတွေမှာလည်း အစိုးရရဲ့ဘတ်ဂျက်နဲ့ပဲ တာဝန်ယူဆောင်ရွက်တဲ့အတွက် နှေးကွေးနေတာတွေ့ရတယ်။ အခု ပုဂ္ဂလိကပိုင်းကို လုပ်ကိုင်ခွင့်ပေးထားပါတယ်" ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံ၏ တည်နေရာပထဝီအနေအထားအရ ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံခန့်ရှိသော အိန္ဒိယနှင့် တရုတ်နိုင်ငံကြားတွင် တည်ရှိနေပြီး အခြားအရှေ့တောင်အာရှ နိုင်ငံများတွင် မရှိသည့် သဘာဝရေခဲတောင်များ၊ များပြားလှသည့်ကမ်းခြေများ၊ လွယ်ကူစွာသွားလာနိုင်သည့် တောင်တန်းဒေသဧရိယာ အများအပြား တည်ရှိနေကြောင်း၊ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်နိုင်သည့် နေရာသစ်များ ထပ်မံဖော်ဆောင်ရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ နိုင်ငံတကာလေဆိပ်များအပြင် ပြည်ပ ခရီးသွားဧည့်သည်များ အများဆုံးဝင်ထွက်သွားလာသည့် ပုဂံ၊ ဟဲဟိုး၊ မြစ်ကြီးနား၊ ထားဝယ်၊ တာချီလိတ် အစရှိသည့် လေဆိပ်များတွင်လည်း အဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေသည်။ နိုင်ငံတကာခရီးသွားဧည့်သည်ဝင်ရောက်မှုများတွင်အာရှပစိဖိတ်ဒေသသည် ခရီးသွားလာမှု ကမ္ဘာ့အဆင့်နံပါတ်သုံးနေရာတွင်ရှိကြောင်း၊ အာဆီယံနိုင်ငံများတွင်ထိုင်း၊ စင်္ကာပူ၊ မလေးရှားနိုင်ငံများတွင် ခရီးသွားဧည့်သည်အများဆုံးဝင်ရောက်လျက် ရှိနေကြောင်း သိရသည်။ **တင်မောင်ဦး**

သင်္ကြန် အတာအိုးများ ရေကြောင်းမှတစ်ဆင့် ဈေးကွက်သို့ဝင်ရောက်

သပိတ်ကျင်း၊ မတ် ၂၆

မြန်မာတို့၏ နှစ်သစ်ကူးသင်္ကြန်ကာလ နီးကပ်လာသဖြင့် မဟာသင်္ကြန်ကာလအတွင်း အသုံးပြုရန်အတွက် သင်္ကြန်ကြို အတာအိုးများ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့၊ ဆိပ်ကမ်းရပ်ကွက်သို့ ရေကြောင်းမှတစ်ဆင့် ဈေးကွက်အမီ ဝင်ရောက်လာကြကြောင်းသိရသည်။

"ကျမတို့ကဝက်လက်မြို့နယ် ရှိန်းမကားရွာသစ်ကပါ ဒေသထွက်အိုးတွေကို စက်လှေနဲ့သယ်ပြီး ဈေးကွက်ရှိတဲ့မြို့တွေမှာ ဝင်ထွက်ရောင်းရတာ အဆင်ပြေလို့တော့မဟုတ်ပါဘူး။ မိသားစုစားဝတ်နေရေးအတွက် အစဉ်ပြေသလို လုပ်ကိုင်ကြရပါတယ်။ စိုက်ပျိုးထွန်ယက်ပြီးတော့ အိုးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြရပါတယ်။ ဒီရာသီ သင်္ကြန်ကာလရောက်ခါနီးမှာ အတာအိုးတွေအရောင်းအဝယ်ပိုဖြစ်တဲ့အတွက် အတာရေအိုးအလုံးနှစ်ထောင်ကျော်ပါတာ ရောင်းလို့ကုန်သွားပါပြီ။ တခြားစဉ့်အိုး၊ သောက်ရေအိုး၊ ပန်းအိုး၊ ညောင်ရေအိုးနဲ့ ကလေးကစားစရာ အိုးပုတ်တွေလဲပါပါတယ်။ကျွန်မတို့အိုးလုပ်ငန်းက တပို့တွဲ၊ တပေါင်းလနဲ့ တန်ခူးလတွေမှာ ရောင်းအားကောင်းတဲ့ ရာသီဖြစ်လို့ အိုးလုပ်ငန်းလုပ်ကိုင်သူတွေအားလုံး ဒီရာသီမှာ အဆင်ပြေကြပါတယ်"ဟု ပြောသည်။

သပိတ်ကျင်းမြို့ ဆိပ်ကမ်းရပ်တွင် သောက်ရေအိုးအကြီး တစ်လုံးလျှင် ၁၅၀၀ ကျပ်၊ အသေးတစ်လုံးလျှင် ၈၀၀နှင့် ၁၀၀၀ ကျပ်၊ စဉ့်အိုးတစ်လုံး ၇၅၀၀ ကျပ်ဖြင့် အရောင်းအဝယ်ရှိပြီး မြို့နယ် အတွင်းရှိ ဇရပ်ကွင်း၊ ချောင်းကြီး၊ ၇ မိုင်၊ ၄ မိုင်ကျေးရွာများသို့ ကားများ စီးလုံးငှားကာ သယ်ယူပို့ဆောင် ရောင်းဝယ်ဖောက်ကားမှုများကြောင့်ဒေသခံများ လုပ်ငန်းများ ရရှိနေကြသည်။

ပူပြင်းသည့်ရာသီဥတုနှင့်အညီ မြေနှင့်ပြုလုပ်ထားသည့် သောက်ရေ အိုးများ၊ စဉ့်အိုးများ အသုံးပြုသူ ပိုမိုများပြားလာကာ သင်္ကြန်ရက်တွင် အသုံးပြုမှုပိုမိုများပြားလာမည့် အတာအိုးများ အရောင်းအဝယ်အားကောင်းလျက်ရှိပြီး လာရောက်ရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း၊ အတာအိုးတစ်လုံးလျှင် နှစ်ရာကျပ်ဖြင့်ရောင်းချရပြီး တစ်ဆင့်ပြန်လည်ရောင်းချသည့် ဖောက်သည်များအား တစ်ရာ့သုံးဆယ်ကျပ်ဖြင့် ရောင်းချရကြောင်းသိရသည်။

စိုးနိုင်ဝင်း(သပိတ်ကျင်း)

သတင်းတို

နိုင်ငံခြားသားတစ်ဦးထံမှ ခရီးဆောင်အိတ်လုယူ

ဩစတြေးလျနိုင်ငံသား အသက် ၃၂ နှစ်ရှိ Mr.Kaan Perker သည် မတ် ၂၃ ရက်က အဖော်တစ်ဦးနှင့်အတူ တာမွေမြို့နယ် ဖိုးစိန်လမ်း Crystal Inn ရှေ့သို့အရောက်တွင် အငှားယာဉ်ပေါ်မှဆင်းပြီး ချက်ထရီယမ်ဟိုတယ်သို့လမ်းလျှောက်လာစဉ် ၎င်း၏ဝဲဘက်လက်တွင် ဆွဲထားသောအပြာရောင်ခရီးဆောင်အိတ်ကို ဆိုင်ကယ်စီးအမျိုးသားနှစ်ဦးမှ လုယူမောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။ ခရီးဆောင်အိတ်အတွင်း၌ ရှူးဖိနပ်တစ်ရံ၊ အမျိုးသမီးသုံး လက်ကိုင်ပိုက်ဆံအိတ် တစ်အိတ်နှင့် လက်ဆွဲအိတ် တစ်အိတ်၊ ရှပ်အင်္ကျီသုံးထည်၊ ဘောင်ဘီရှည် နှစ်ထည်၊ လက်ပတ်နာရီ တစ်လုံးတို့ စုစုပေါင်းတန်ဖိုး ဩစတြေးလျငွေ ၁၂၂၅၀ ခန့် စုစုပေါင်းတန်ဖိုးကျပ် ၁၁၀၂၅၀၀၀ လုယူထွက်ပြေးသွားခြင်းကြောင့် ချက်ထရီယမ်ဟိုတယ် ဧည့်ကြိုဝန်ထမ်းဖြစ်သူ ဦးမျိုးမြင့်က တိုင်တန်းခဲ့သဖြင့် ဗဟန်းမြို့မရဲစခန်းက အမှုဖွင့်ထားသည်။ **ရဲမြတ်ဘုန်းခေါင်**

OMK Fashion Design School
Evening dress
Evening dress
ကြည်စိုး

ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဗဟိုထောင်မရှိုးသူ(အပျို)ဖြစ်ရမည်၊
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်၊
(ဂ) ၃၁-၁၂-၂၀၁၃ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ၊
(ဃ) အရပ်(၅)ပေ(၂)လက်မ၊ပေါင်(၁၀၀)နှင့်အထက်ရှိရမည်၊(အထက်ပါအတိုင်း ကိုယ်အလေးချိန် သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်၊)
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက် ရှိရမည်၊

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၂၈-၃-၂၀၁၄ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၉-၃-၂၀၁၄ ရက်နေ့မှ ၁၈-၄-၂၀၁၄ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက် သတင်းပို့လျှောက်ထားရမည်၊

